# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ခူးလဆန်း (၁၂) ရက် ၊ စနေနေ့ ၊ (20-4-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၅၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများမှ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဧပြီ ၁၉**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တို့ ပူးပေါင်းစီစဉ်၍ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဧပြီ ၁၉ ရက်တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းဖြစ်သော အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(AIPT-3)မှ ပြောင်းဖူးစေ့တန်ချိန် ၆၆၀၀ တင်ပို့ခဲ့သည်။

အလားတူ အေးရှားဝေါဆိပ်ကမ်း(AWPT-3)မှ သင်္ဘောပေါ်သို့ ရေထွက်ကုန်ပစ္စည်း၊ ဆန်၊ ပဲများ တင်ဆောင်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၂၀ ရက်တွင် ယခင် ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal-TMT)မှ ပြောင်းဖူးစေ့တန်ချိန် ၁၂၇၀၀ နှင့် ဧပြီ ၂၂ ရက်တွင် မင်းထက်မင်းဆိပ်ကမ်း(MHM)မှ ပြောင်းဖူးစေ့တန်ချိန်၂၇၀၀ ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဆေးကောင်စီ သဘောထားထုတ်ပြန်ချက် စာမျက်နှာ - ၁၇

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း သဘောထား ထုတ်ပြန်ချက် စာမျက်နှာ - ၁၇

ပူပြင်းသော နွေရာသီမှာ သတိပြုစရာ ဆောင်းပါး စာမျက်နှာ - ၆

အနောက်အာဖရိကနိုင်ငံများတွင် အပူချိန်မြင့်တက်မှုကြောင့် အရေးပေါ်ဆေးကုသမှုခံယူနေရသည့် လူနာအရေအတွက် မြင့်တက်နေ စာမျက်နှာ - ၂၃




ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူ့ဘဝလုံခြုံအေးချမ်းဖို့ အကြမ်းဖက်မှုကို ဝိုင်းဝန်းချေမှုန်း

သင်္ကြန်ပွဲတော်သည် မြန်မာလူမျိုးတို့၏ ဆယ့်နှစ်လရာသီပွဲတော်များတွင် အထူးခြားဆုံးနှင့် အစည်ကားဆုံးပွဲတော်ဖြစ်ပါသည်။ နိုင်ငံတစ်ဝန်းလုံးမှ ပြည်သူများက သင်္ကြန်ပွဲတော်ကို အခြားရာသီပွဲတော်များထက် ပျော်ပါးစွာဆင်နွှဲကြလေ့ရှိပြီး နိုင်ငံခြားသံရုံးများမှ မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် ခရီးသွားဧည့်သည်နိုင်ငံခြားသားများ အားပါးတရပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပါသည်။

ယခုနှစ် ဧပြီ ၁၄ ရက်တွင်ကျရောက်သော မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အကျနေ့တွင် မင်္ဂလာရှိသောမြန်မာ့ရိုးရာမဟာသင်္ကြန်ကို အရုပ်ဆိုး၊ အကျည်းတန်စေသော အမင်္ဂလာလုပ်ရပ်များဖြစ်ပေါ်ခဲ့ပါသည်။ ယခုနှစ်၏ မဟာသင်္ကြန်အကျနေ့ မနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်အနောက်ဘက်ရှိ မော်တော်ဆိုင်ကယ်ရပ်နားဆောင်အတွင်း **PDF** အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်း ၂ လုံးပေါက်ကွဲခဲ့ပြီး အေးချမ်းပျော်ရွှင်စွာရေကစားနေသည့် အပြစ်မဲ့ကလေးငယ် ၅ ဦးအပါအဝင် ပြည်သူစုစုပေါင်း ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ထိုမျှနှင့်မပြီးသေးဘဲ ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့ညပိုင်းတွင် အကြမ်းဖက်သမားများသည် ပြင်ဦးလွင်မြို့ရှိ ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရာ ဘုန်းတော်ကြီးကျောင်း၊ ပြင်ဦးလွင်မြို့ပြည်သူ့ဆေးရုံ၊ အများပြည်သူနေထိုင်ရာ ရပ်ကွက်များအတွင်းသို့ ရှော့ခ်တိုက်ဒုံးများဖြင့် ရက်ရက်စက်စက်ပစ်ခတ်ခဲ့ပါသည်။ ထိုဖြစ်စဉ်ကြောင့် ဘုရားသားတော်သံဃာတော်နှစ်ပါး ပျံလွန်တော်မူခဲ့ရပြီး အပြစ်မဲ့ပြည်သူ ၂ ဦး သေဆုံးကာ ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် ကလေးငယ် ၂ ဦးအပါအဝင် ဆေးရုံဝန်ထမ်းတချို့၊ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေရသူများ၊ ရပ်ကွက်အတွင်း အေးချမ်းစွာနေထိုင်သူများ စုစုပေါင်း ၁၂ ဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ပါသည်။ အလားတူ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့တွင်လည်း ပုလောမြို့နယ်၊ ပလောက်မြို့ ပြည်သူ့ဆေးရုံကို အကြမ်းဖက်သမားများ၏ **Drop Bomb** ပစ်ချတိုက်ခိုက်မှုကြောင့် ကလေးကုသဆောင်ပေါ်သို့ ကျရောက်ပေါက်ကွဲပြီး ကလေးငယ်တစ်ဦးနှင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ရသည်။

မြန်မာ့ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲသည် မြန်မာတို့အနှစ်သက်ဆုံးပွဲတော်ဖြစ်ပြီး မြန်မာများနှင့် နိုင်ငံခြားသားများ ပျော်ရွှင်စွာဆင်နွှဲနေသည်ကို မနာလိုမရှုဆိတ်ဖြင့် ဖျက်ဆီးခြင်း၊ စစ်ရေးနှင့်မသက်ဆိုင်သောနေရာများ၊ မြို့ရွာရပ်ကွက်အတွင်းသို့ ရှော့ခ်တိုက်ဒုံးများဖြင့် ရည်ရွယ်ချက်ရှိရှိပစ်ခတ်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု **(War Crime)** ကျူးလွန်ခြင်းဖြစ်သည့်အတွက် တာဝန်သိအဖွဲ့အစည်းများက အော့နှလုံးနာစွာ ကန့်ကွက်ရှုတ်ချကြသည့်နည်းတူ နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာနိမ့်ကျစေသည့်လုပ်ရပ်ဖြစ်၍ ပြည်သူအပေါင်းက အကြမ်းဖက်မှုများကို ဝိုင်းဝန်းတိုက်ဖျက်ကြရမည်ဖြစ်ပါသည်။

မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်မခံသော အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်သမားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ ထိရောက်ပြတ်သားစွာ အရေးယူဆောင်ရွက်လျက်ရှိသကဲ့သို့ အကြမ်းဖက်မှုနှိမ်နင်းရေးကိုလည်း ပြတ်သားစွာဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးစီးပွားနှင့်ဂုဏ်သိက္ခာကို ဖျက်ဆီးနေသော အကြမ်းဖက်အဖွဲ့များဖြစ်သည့် **CRPH**၊ **NUG** နှင့် ၎င်းတို့၏ လက်ဝေခံ **PDF** အမည်ခံ အကြမ်းဖက်သမားများ၏ ယုတ်မာရက်စက်သောလုပ်ရပ်များကြောင့် ပြည်သူအပေါင်းတွင်လည်း စိတ်နှလုံးမအေးချမ်း၊ မလုံခြုံမှုတို့ကို လက်တွေ့ကြုံတွေ့ခံစားခဲ့ရသည်ဖြစ်ရာ ပြည်သူ့ဘဝလုံခြုံအေးချမ်းဖို့ အကြမ်းဖက်မှုကို ဝိုင်းဝန်းချေမှုန်းတိုက်ဖျက်ကြပါစို့ဟူ၍ အလေးအနက်တိုက်တွန်းရေးသားအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း နှမ်းစပါးအပြင် အခြားသီးနှံများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် သန်း ၃၈၀၀ ကျော်ထုတ်ချေးပေးထား



**မန္တလေး ဧပြီ ၁၉**

မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေတိုင်းဒေသကြီးအစီအစဉ်ဖြင့် နှမ်းစပါးအပြင် အခြားသီးနှံများစိုက်ပျိုးသည့် တောင်သူများကိုလည်း ငွေကျပ် သန်း ၃၈၀၀ ကျော် ထုတ်ချေးပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတိုးမင်းက ပြောပြ၍ သိရသည်။

အဆိုပါ ချေးငွေထုတ်ချေးပေးခြင်းသည် တောင်သူများ သွင်းအားစုများကို အလွယ်တကူထည့်သွင်းနိုင်ခြင်းကြောင့် တစ်ဧကအထွက်နှုန်းများတိုးတက်လာရေး၊ ဈေးနှုန်းဈေးကွက်သေချာပြီး တောင်သူများဝင်ငွေပိုမိုရရှိစေရေးနှင့် နိုင်ငံစီးပွားတိုးတက်မြင့်မားလာစေရေးတို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေတိုင်းဒေသကြီးအစီအစဉ်ဖြင့် နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်းစပါးအပြင် အခြားသီးနှံများဖြစ်သည့် ဝါ၊ မြေပဲ၊ နှမ်း၊ ဂျုံ၊ မက်မန်း၊ ကော်ဖီ၊ စပျစ်၊ သရက်၊ ငှက်ပျောစုစုပေါင်း ၂၄၀၅ ဒသမ ၁၅ ဧကအတွက် ငွေကျပ် ၃၈၄၉ ဒသမ ၉၇ သန်းကို ထုတ်ချေးပေးထားကြောင်း သိရသည်။

"အခုလိုဆောင်ရွက်ပေးတာကလဲ စီမံကိန်းပါဝင်တဲ့ အစုအဖွဲ့အားလုံး အကျိုးအမြတ်ရရှိစေဖို့ပါ။ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုပေါ်ပေါက်လာစေဖို့၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ပြည်ပဈေးကွက်တွေကို ပိုမိုချိတ်ဆက်မှုရှိစေဖို့နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အလေ့အထတွေ ပိုမိုရရှိလာစေဖို့ရည်ရွယ်ပြီးတော့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ တိုင်းဒေသကြီးအစီအစဉ်နဲ့ နှမ်းစပါးအပြင် အခြားသီးနှံတွေကိုပါ ထုတ်ချေးပေးထားတာဖြစ်ပါတယ်။ မတ်လကနေစပြီး ချေးပေးတာပါ။ အတိုးနှုန်းက တစ်လကိုပြား ၅၀ နှုန်းယူပါတယ်။ စပါး၊ ဝါ၊ မြေပဲ၊ နှမ်း၊ ဂျုံတွေကို ကာလတိုခြောက်လသတ်မှတ်ပြီးတော့ မက်မန်း၊ ကော်ဖီ၊ စပျစ်၊ သရက်၊ ငှက်ပျောတွေကို တစ်နှစ်သတ်မှတ်ပါတယ်"ဟု ဦးတိုးမင်းက ပြောပြ၍ သိရသည်။ (၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဧပြီ ၁၉**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း မြို့နယ်တိုင်း ရောင်းချလိုမှုများနေပြီး အဝယ်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်

ထိုသို့ အဝယ်နည်းလာရခြင်းမှာ ဈေးကွက်အတွင်း လုပ်ငန်းကြီးသမားများ၏ ရင်းနှီးမြှုပ်နှံမှုများ လျော့ကျလာခြင်းကြောင့် အရောင်းအဝယ် အေးနေရခြင်းဖြစ်ကြောင်း၊ ဈေးကွက်အတွင်းအရောင်းအဝယ်ဖြစ်မှုသိသိသာသာမြင့်တက်လာမှုမရှိသေးသော်လည်း အကွက်ရိုက်ရောင်းချမှုများကို စိတ်ဝင်စားမှု မြင့်တက်နေပြီး အမှန်တကယ်နေထိုင်လိုသူများ အများဆုံးဝယ်ယူမှုရှိနေကြောင်း သိရသည်။

"အရောင်းအဝယ်က မျှော်မှန်းထားသလောက်တော့ ဖြစ်မလာသေးပါဘူး။ ရောင်းချင်တာတွေများနေပြီး အဝယ်ကတော့နည်းနေတာပေါ့။ ပြီးတော့ တန်ဖိုးနည်း အကွက်ရိုက်မြေကွက်လေးတွေလဲ အရောင်းအဝယ်ရှိတယ်။ မြို့တွင်းပိုင်းတွေကတော့ အရောင်းအဝယ်မဖြစ်သလောက်ပဲ"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

အကွက်ရိုက် မြေကွက်များ ပြန်လည်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ချမ်းမြသာစည်မြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ အမရပူရမြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများ အရောင်းအဝယ်ဖြစ်ကြောင်း၊ အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များတွင် ပေ(၂၀×၄၀)၊ ပေ (၃၀×၄၀)၊ ပေ (၄၀×၄၀) အကျယ် မြေကွက်များကို အခြေခံလူတန်းစားများ ဝယ်ယူမှု အများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ် သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့်အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။ (၁၇၃)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဧပြီ ၁၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ထွက်ရှိသည့် မုန်လာဥဖြူများ ဝင်ရောက်လာပြီး အရောင်းအဝယ် ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိတွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တောင်ပေါ်ဒေသ ပြင်ဦးလွင်ဘက်မှထွက်ရှိသည့် မုန်လာဥဖြူများ နေ့စဉ် ခြောက်ဘီးကား လေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ အဆိုပါ မုန်လာဥဖြူများသည် ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာပြီး လက်ရှိဈေးနှုန်းများမှာ မုန်လာဥဖြူ အတွဲ ၄၀ ပါတစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မုန်လာဥဖြူက တောင်ပေါ်ဒေသကပဲထွက်ရှိတယ်။ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ တောင်ပေါ်ဒေသကစိုက်ပျိုးထားပြီး ထွက်ရှိလာတဲ့ မုန်လာဥဖြူတွေ ဈေးကွက်အတွင်းကို နေ့စဉ်လှိုင်လှိုင်ဝင်ရောက်လာပါတယ်။မြေပြန့်ဒေသဘက်တွေက ထွက်ရှိမှုမရှိသေးပါဘူး။ စိုက်ပျိုးမှုတွေက အရင်နှစ်ရင် နည်းလာပါတယ်။ အခြား ကုန်စိမ်းသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ ဘူးသီး၊ ဗိုလ်စားပဲ၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ မုန်လာဥနီစတဲ့သီးနှံတွေလဲ အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းလှမြို့နယ် မြောက်မျှားကုန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ပန်းတောင်းကျေးရွာအုပ်စု မြောက်မျှားကုန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြောက်မျှားကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၉ ဦးကို ငွေကျပ် ၄၆ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၇၃ လမ်း၊ ၁၀၇ လမ်း-၁၀၈ လမ်းကြားနေ ဒေါ်မွှားတင့်၊ သမီး-ဒေါ်စန်းမိသားစုက ဦးဝေနအားရည်စူး၍ ဆေးပဒေသာသင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း နံ့ကားစပါးတင်းရေ ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် ဧပြီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း နံ့ကားစပါးအမျိုးအစား တင်းရေ ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးဇော်ဝင်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက နံ့ကားစပါးအမျိုးအစားတင်းရေ ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ နံ့ကားစပါးအမျိုးအစား တင်းရေ ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါစပါးအမျိုးအစားသည် အသုံးပြုမှုများပြီး အကြမ်းအုပ်စုတွင်ပါဝင်သော အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့မတ်လအတွင်း ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို နံ့ကားစပါးတင်းရေ ၈၅၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေတာပါ။ နံ့ကားစပါးအမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အကြမ်းဆိုပေမဲ့လဲ အခြေခံလူတန်းစားတွေ ပိုမိုကြိုက်နှစ်သက်ပြီး စားလို့ကောင်းတဲ့စပါးဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့မှုမြင့်တက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ စပါးဈေးကလဲ ကောင်းနေဆဲဖြစ်ပါတယ်။ နံ့ကားစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး" ဟု ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးဇော်ဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် နံ့ကားစပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၈၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးဇော်ဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ချင်းလျား(ရွာသစ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဧပြီ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ချင်းလျား(ရွာသစ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၃ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချင်းလျား(ရွာသစ်)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၇ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၉ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၅ ဒသမ ၃ သန်း စုစုပေါင်း အသင်းသားအသင်းသူ ဦးရေ ၇၀ ကို ငွေကျပ် ၄၃ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်ဖြူ ၆၃၂၈ ဧက နုတ်သိမ်းပြီးစီး

**ရွှေဘို ဧပြီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်ဖြူ ၆၃၂၈ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်ဖြူစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၆၃၂၈ ဧက နုတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၂၉၀၁ ပိဿာထွက်ရှိကြောင်း သိရသည်။

"ရွှေဘိုခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်ဖြူ ၆၃၂၈ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ စိုက်ခင်းတွေရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်ဖြူစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့တယ်။ ကြက်သွန်ဖြူတစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၁၅ သိန်း ကုန်ကျပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် ကြက်သွန်ဖြူနုတ်သိမ်းပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၂၈ ဧက၊ ခင်ဦးမြို့နယ်တွင် ဧက ၁၂၈၀၊ ဝက်လက်မြို့နယ်တွင် ဧက ၅၀၂၀ စုစုပေါင်း ၆၃၂၈ ဧကဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်ဖြူ ဧက ၅၈၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၆၃၂၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်ဖြူစိုက်တောင်သူများ ဈေးကောင်းရရှိစေရန် ဈေးကွက်ချိတ်ဆက်ပေးခြင်း၊ ကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရန်၊ အရည်အသွေးကောင်းမွန်သည့် ကြက်သွန်ဖြူဖြစ်စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



# ပူပြင်းသောနွေရာသီမှာ သတိပြုစရာ

ကြည်လွင်မြင့်(မုံရွာ)

မြန်မာနိုင်ငံရာသီဥတုမှာ အင်္ဂလိပ်လများဖြစ်သည့် မတ်လ၊ ဧပြီလ၊ မေလတို့တွင် ရာသီဥတုပူပြင်းလေ့ရှိသည်။ အထူးသဖြင့် မေလတွင် မိုးတစ်ပြိုက်နှစ်ပြိုက် ရွာပြီးပြန်ပူသောအခါ လူများနေထိုင်မကောင်းဖြစ်လေ့ရှိသည်။ ပြက္ခဒိန်တွင် မြန်မာလရာသီအားဖြင့် ကဆုန်လ၊ နယုန်လတို့သည် မနေနိုင်အောင်ပူပြင်းသောလများဖြစ်သဖြင့် ရှေးလူကြီးများက "ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန်"ဟု စာဆိုခဲ့ခြင်းဖြစ်မည်ဟုထင်သည်။ အမှန်ပင် လေမတိုက်ဘဲပူအိုက်နေသောအခါများတွင် အိမ်အနီးရှိ ရေကန်နှင့် သောက်ရေအိုးများမှရေများပါ ပူလောင်ပြီး မချိုးနိုင်၊ မသောက်နိုင်ဖြစ်ရသည်ကို ဤလတွင်တွေ့ကြုံရသည်။

ပြီးခဲ့သောနှစ်ပိုင်းက စာရေးသူ၏တိုင်းရင်းဆေးအကြောပြင်ဆေးကုခန်းသို့ မန္တလေးမြို့အနီး စဉ့်ကိုင်ရပ်မှ ဘုန်းတော်ကြီးတစ်ပါးကို ကားဖြင့်ပင့်လာကြသည်။ ဆရာတော်ကြီးမှာ သက်တော် ၈၀ ပြည့်၍ ၈၁ နှစ်အတွင်းသို့ပင် ရောက်ရှိနေပြီဖြစ်သည်။ ညာဘက်တစ်ခြမ်း ခြေ၊ လက် ကောင်းစွာမလှုပ်နိုင်။ လေဖြတ်သကဲ့သို့ဖြစ်ပြီး ပုဂ္ဂလိကဆေးရုံတစ်ခုတွင် ကုသမှုခံယူပြီးမှ ဆေးရုံကဆင်းလာခဲ့ခြင်းဖြစ်သည်။

ဖြစ်ပုံမှာ ဆရာတော်သည် နေ့စဉ်နိစ္စဓူဝပြုနေကျ ညနေချိန်ရောက်တိုင်းကျောင်းတိုက်အတွင်းရှိ သစ်ပင်ပန်းမန်များကို ရေပိုက်ဖြင့်ရေဖျန်းရေလောင်းလေ့ရှိခြင်းဖြစ်သည်။ ထိုသို့ပြုခဲ့သည်မှာလည်း ဆယ်စုနှစ်မကဟုဆိုသည်။ လေဖြန်းသလိုဖြစ်မည့်နေ့က နေ့ခင်းပိုင်းတွင်အလွန်ပူပြင်းသဖြင့် ညနေစောင်းတွင် ရေလောင်းလျှင် သစ်ပင်ပန်းပင်များ အပူလျှပ်သလိုဖြစ်မည်ကိုစိုးသဖြင့် ဆရာတော်သည် ညပိုင်း ၇ နာရီ၊ ၈ နာရီအတွင်းမှာမှ အပင်များကိုရေလောင်းသည်ဟုဆိုသည်။ ရေလောင်းသောအခါ ခန္ဓာကိုယ်အောက်ပိုင်းကိုလည်း ရေအနည်းငယ်စိုသည်။ အိပ်ချိန်တွင် ရေစိုသည့်သင်္ကန်းများကိုလဲလှယ်ပြီး ဘုရားဝတ်တက်သည်။ ပြုနေကျတရားအလုပ်များပြုလုပ်ပြီး ညအိပ်ရာဝင်သည်။ နံနက်လင်းပိုင်းရောက်သောအခါ ဆရာတော်ကြီးသည် ရုတ်တရက်အိပ်ရာမှထသောအခါမထနိုင်။ ပြန်လဲကျသဖြင့် အနီးအနားမှ ဦးပဉ္ဇင်းနှင့် ကိုရင်လေးများကိုလှမ်းခေါ်အကူအညီတောင်းပြီး ထရသည်ဟုဆိုသည်။

ဆရာတော်ကြီးသည် သင်္ကန်းကိုလည်း မိမိ ညာလက်ဖြင့်မရုံနိုင်။ ညာခြေဖြင့်လည်း မတ်မတ်ရပ်ပြီး လမ်းမသွားနိုင်။ သို့သော်စကားကိုပီသအောင်ပြောနိုင်သည်။ ခေါင်းမူးနောက်ခြင်းမရှိ။ ထိုင်ပေးလျှင်လည်း ကောင်းစွာထိုင်နိုင်သည်။ ကျောင်းမှဦးပဉ္ဇင်းများက လေဖြတ်မသွားစေရန် အချိန်မီဆေးရုံသို့ပို့ပေးရန် စီစဉ်ကြသည်။

ဆရာတော်ကြီးကို ပြင်ပပုဂ္ဂလိက အထူးကုဆေးရုံကြီးတစ်ခုသို့ ပို့ဆောင်ကြသည်။ ဆေးရုံရောက်သောအခါ ဆရာတော်ကို ရောဂါရှာဖွေကြသည်။ ခေတ်မီစက်ကြီးများဖြင့် ဦးခေါင်းကိုဓာတ်မှန်ရိုက်ပြီး ရောဂါရှာဖွေကြသည်။ သံလိုက်ဓာတ်မှန်ခေါ် စက်ကြီးဖြင့် ဆရာတော်၏ ဦးနှောက်တွင် သွေးခဲပိတ်ဆို့မှု ရှိ၊ မရှိ သို့မဟုတ် သွေးကြောပေါက်ခြင်း ရှိ၊ မရှိကိုရှာဖွေကြသည်။ ထူးဆန်းသည်မှာ ဆရာတော်ကြီး၏ ဦးနှောက်တွင် သွေးကြောများထောက်ပံ့မှုသည် ပုံမှန်ဖြစ်ပြီး သွေးခဲပိတ်ဆို့ခြင်းလည်းမတွေ့။ သွေးကြောပေါက်သည့်၊ စိမ့်ထွက်သည့်လက္ခဏာလည်း တစ်စုံတစ်ရာမတွေ့ရှိရခြင်းဖြစ်သည်။

အနောက်တိုင်းဆေးပညာအရ ဦးခေါင်းတွင်းရှိ ဦးနှောက်၏ဘယ်ဘက်အခြမ်းသည် ခန္ဓာကိုယ်၏ ညာဘက်အခြမ်းလှုပ်ရှားမှုအတွက် ထိန်းညှိဆောင်ရွက်ပေးသည်။ ထို့အတူ ဦးနှောက်၏ညာဘက်အခြမ်းသည် ခန္ဓာကိုယ်၏ ဘယ်ဘက်အခြမ်းလှုပ်ရှားမှုအတွက် ထိန်းညှိဆောင်ရွက်ပေးသည်။

အကယ်၍ လူတစ်ဦး၏ဘယ်ဘက်ခြမ်းဦးနှောက်အတွင်း သွေးတိုးဆောင့်တက်၍သွေးခဲပိတ်ဆို့ခြင်း၊ သွေးကြောပေါက်ခြင်း၊ ဦးနှောက်သွေးထောက်ပံ့မှုမရရှိခြင်းဖြစ်ပါက ထိုသူ၏ညာဘက်အခြမ်းခန္ဓာကိုယ်ခြေလက်များလှုပ်ရှားမှုကို အပြည့်အဝဆောင်ရွက်နိုင်တော့မည်မဟုတ်ပါ။ ပို၍ဆိုးသည်မှာ ညာဘက်ခြမ်းလေဖြတ်လျှင် လျှာပါပါသဖြင့် ကောင်းစွာစကားမပြောနိုင်ခြင်း၊ စကားလုံးများမပီသခြင်း၊ တချို့တွင် လုံးလုံးစကားမပြောနိုင်ခြင်းဖြစ်လေ့ရှိသည်။ဘယ်ဘက်အခြမ်းလေဖြတ်သူများမှာ များသောအားဖြင့်ခြေလက်အင်္ဂါများမလှုပ်ရှားနိုင်သော်လည်း စကားကိုကောင်းစွာပြောဆိုနိုင်သည်ကိုတွေ့ရသည်။ ထို့ကြောင့် ညာဘက်အခြမ်းလေဖြတ်ခြင်းသည် ဘယ်ဘက်အခြမ်းလေဖြတ်ခြင်းထက် ပို၍ဆိုးသည်ဟုဆိုကြခြင်းဖြစ်သည်။

တချို့မှာ ဦးနှောက်အတွင်း သွေးခဲပိတ်ဆို့ခြင်း၊ သွေးကြောပေါက်ပြီး သွေးထောက်ပံ့မှုမရရှိခြင်း၊ လေဖြတ်သလိုဖြစ်လေ့ရှိသည်။ သွေးတိုးကြောင့် လေဖြတ်ခြင်းနှင့် ခပ်ဆင်ဆင်တူသော်လည်း အမှန်တကယ် အပြည့်အဝလေဖြတ်ခြင်းမဟုတ်သဖြင့် ကုသသောဆရာများ၊ ရောဂါရှာဖွေသောဆရာများ မျက်စိလည်စရာဖြစ်တတ်သည်။

စာရေးသူ၏အတွေ့အကြုံများအရ လွန်ခဲ့သောနှစ်အနည်းငယ်ကလည်း မြင်းခြံအနီးရွာတစ်ရွာမှ တောင်ယာစိုက်ပျိုးသူ အသက် ၃၀ အရွယ်လူလတ်ပိုင်းတစ်ဦးသည် ယခုကဲ့သို့ အလွန်ပူပြင်းသောအချိန်တွင် အလုပ်နားပြီး အိမ်သို့ပြန်ရာတွင် လမ်း၌ အလွန်အေးသောချောင်းငယ်တစ်ခုကို ဖြတ်ကူးခဲ့သည်ဟု ဆိုသည်။ ထိုသို့ဖြတ်ကူးသဖြင့် သူ၏ခါးအောက်ပိုင်းမှာရေစိုခဲ့သည်။ အိမ်ရောက်သောအခါရေစိုအဝတ်ကိုလဲပြီး ထမင်းစားသည်။ ထမင်းစားရင်း လက်များလေးလာပြီး ထမင်းလုတ်ပြုတ်ကျသည်ဟုဆိုသည်။



ပေါက်သွားသောသွေးများသည်ခဲပြီး ဦးနှောက်ရှိ အရေးကြီးသောနေရာများကို ဖိမိခြင်းကြောင့် လေဖြတ်ခြင်းသာမက ပြင်းထန်သောလက္ခဏာများဖြစ်သည့်စကားမေးမရခြင်း၊ မျက်စိမဖွင့်ခြင်း၊ အသက်မသေဆုံးသော်လည်း သတိမရတော့ခြင်း စသောအခြေအနေဆိုးသို့ရောက်ရှိသူများလည်းရှိသည်။

ညပိုင်းသစ်ပင်ရေလောင်းရာမှ ခန္ဓာကိုယ်အောက်ပိုင်းရေစိုပြီး အပူလျှပ်၍ လေဖြတ်သလိုဖြစ်သော ဆရာတော်ကြီးမှာ သီလကြောင့်လား၊ ဘုန်းကံကြောင့်လားမသိပါ။ လေဖြန်းသလိုဖြစ်ပြီး ညာခြမ်းခြေလက်လှုပ်ရှားမှု အားမရှိတော့သလိုဖြစ်သော်လည်း စကားကို ပီသစွာပြောဆိုနိုင်သည်။ သတိလစ်ခြင်း၊ သတိမေ့လျော့ခြင်းလည်းမရှိပါ။ ပို၍ထူးဆန်းသည်မှာ ဆရာတော်ကြီး အထူးကုဆေးရုံကြီးသို့ရောက်သောအခါ ဆရာဝန်နှင့်သူနာပြုများက သွေးပေါင်ချိန်သောအခါတွင်လည်း သွေးပေါင်ချိန်မတက်၊ သွေးမတိုး၊ ပုံမှန်အတိုင်းရှိနေခြင်းဖြစ်သည်။

ထို့ပြင် ဆရာတော်ကြီး၏ဦးခေါင်းကို သံလိုက်ဓာတ်မှန်ဖြင့် စစ်ဆေးသောအခါတွင်လည်း ဦးနှောက်၏အဓိကဖြစ်သော ဘယ်ခြမ်းတွင်သာမက ညာခြမ်းတွင်လည်း ထူးထူးခြားခြားသွေးခဲပိတ်ဆို့ခြင်း၊ သွေးကြောပေါက်ခြင်း၊ သွေးကြောများရောင်ခြင်း စသည့်လက္ခဏာတစ်စုံတစ်ရာမတွေ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ဆရာတော်ကြီး၏ ညာဘက်အခြမ်းလေဖြန်းခြင်း သို့မဟုတ် အပြည့်အဝမလှုပ်ရှားနိုင်ခြင်းမှာ ဦးနှောက်၏ချို့ယွင်းချက်ကြောင့်မဟုတ်ဟု ဆိုရမည်ဖြစ်နေသည်။

တစ်ခါတစ်ရံ အလွန်ပူပြင်းသောအချိန်တွင် ရေဖျန်းခြင်း၊ ရေအေးချိုးခြင်း၊ အေးသောရေကို တစ်နည်းနည်းဖြင့်ထိတွေ့ခြင်းတို့ကြောင့် အပူလျှပ်ပြီး ထို့နောက် ထသောအခါ သူ၏ခြေနှစ်ဖက်မှာ ကောင်းစွာမရပ်နိုင်တော့ဘဲ ခွေလဲကျသည်ဟုဆိုသည်။

ထိုသူမှာ အရွယ်ကောင်းလူလတ်ပိုင်းဖြစ်သဖြင့် စာရေးသူဆေးခန်းတွင် တိုင်းရင်းဆေးဖြင့်ကုသခြင်း၊ အကြောပြင်ပေးခြင်း၊ ဆေးစည်းပေးခြင်းဖြင့်တစ်လခွဲခန့်ကြာသောအခါ အကောင်းပကတိဖြစ်သွားသည်။ ထိုသူ၏ဖြစ်စဉ်ကို ပြန်စဉ်းစားကြည့်သောအခါ အလွန်ပူသောအချိန်၌ အလွန်အေးသောရေဖြင့် ထိတွေ့ခြင်းသည် ခန္ဓာကိုယ်တွင်ရုတ်တရက် အကြောသေခြင်း၊ အကြောဆိုင်းခြင်း၊ အကြောကပ်ခြင်းများဖြစ်နိုင်သည်ကိုတွေ့ရှိရသည်။ သတိထားသင့်သည့်အချက်ဖြစ်သည်။

**Heat Stroke ခေါ် အပူလျှပ်၍လေဖြတ်ခြင်း**

အနောက်တိုင်းဆေးပညာအခေါ် Heat Stroke (အပူကြောင့်သတိလစ်ခြင်း၊လေဖြတ်ခြင်း)တွင် နှစ်မျိုးတွေ့ရသည်။

(၁) ပြင်းထန်သောအပူကြောင့် ရေနှင့်မထိတွေ့ရဘဲ လုံးဝသတိမေ့မြောသွားခြင်း၊ စကားမေးမရခြင်း၊ အဖျားကြီးခြင်း။

(၂) အပူဒဏ်ကြောင့်မခံနိုင်ဘဲ ရေအေးသောက်ခြင်း၊ ရေအေးချိုးခြင်းကြောင့် ရုတ်တရက် သတိလစ်ပြီး လဲကျခြင်း၊ တချို့မှာအသက်သေဆုံးသွားခြင်း၊ တချို့မှာ ဦးနှောက်အတွင်း သွေးကြောပေါက်သွားသဖြင့် သတိရသောအခါ၊ ဆေးကုသမှုခံယူပြီးသောအခါ ကိုယ်တစ်ခြမ်းလေဖြတ်ခြင်း၊ ကိုယ်အင်္ဂါချို့ယွင်းခြင်း၊ စကားမပီခြင်း၊ ပုံမှန်လှုပ်ရှားမှုမပြုလုပ်နိုင်ခြင်း။

အထက်ပါနှစ်မျိုးတို့တွင် တချို့မှာနေပူထဲတွင် ခရီးသွားလာရာမှလမ်းဘေးတွင် ရုတ်တရက်လဲကျပြီး အသက်ဆုံးရှုံးသွားသူများရှိသည်။ တချို့မှာ ဆေးရုံရောက်သော်လည်း အဖျားကြီးသဖြင့် အပူပြန်မကျတော့ဘဲသတိလစ်ရာမှ အသက်သေဆုံးသွားသူများလည်းရှိသည်။ သက်ကြီးရွယ်အိုများသေဆုံးမှုများသည်။ နောက်ထပ်သေဆုံးသူများမှာ အချိန်ခါမရွေးသောက်စားတတ်သည့် အရက်သမားများဖြစ်သည်ကိုတွေ့ရှိရသည်။

ဒုတိယအချက်ဖြစ်သည့်အပူဒဏ်ကိုကာကွယ်ရင်း အအေး သို့မဟုတ် ရေအေးနှင့် ရုတ်တရက်ထိတွေ့ပြီးမှ သေဆုံးရသူများမှာ မသေဆုံးသင့်ဘဲသေဆုံးရသူများဖြစ်သည်။

အသက် ၆၀ ကျော်လူကြီးတစ်ဦးသည် အဲကွန်းကားစီးလာပြီးမှ ပြင်ပသို့အထွက်တွင် ရုတ်တရက်မူးပြီးလဲကျကာ သတိလစ်သွားသည်။ ဆေးရုံပို့သောအခါ အပူအအေးရုတ်တရက်ခြားနားချက်ကြောင့် ဦးနှောက်သွေးကြောတစ်ချောင်းပေါက်သွားသည်ဟုသိရသည်။ အသက်မသေသော်လည်း နာတာရှည်လေဖြတ်ဝေဒနာကို ခံစားရသည်။

ဟိုတယ်လုပ်ငန်းပိုင်ရှင်တစ်ဦးသည် စနေနှင့် တနင်္ဂနွေ နှစ်ရက် သူ၏မိတ်ဆွေအရာရှိကြီးများအားလပ်ရက်တွင် ဂေါက်ရိုက်ကစားလေ့ရှိသည်။ ထိုသို့ကစားရာမှ နေ့တစ်နေ့တွင် နေအလွန်ပူပြင်းသဖြင့် ကစားပွဲကိုရပ်ပြီး သူပိုင်သည့်ဟိုတယ်သို့ပြန်လာရာ အတွင်းသို့မဝင်ရသေး အပေါက်ဝမှာပင် ဝန်ထမ်းတစ်ဦးပေးသည့် Face Towel ဖြင့်မျက်နှာကိုရေဖတ်တိုက်ကာ အလွန်အေးသောရေသန့်ဘူးတစ်ဘူးကိုဖွင့်၍ မော့သောက်လိုက်ရာ မိနစ်အနည်းငယ်အတွင်း လဲကျသွားပြီး ဟိုတယ်အတွင်းသို့ပွေ့ခေါ်သွားကြရာ ဆေးရုံသို့ပင် မပို့ဆောင်လိုက်ရဘဲ အသက်ဆုံးရှုံးမှုဖြစ်ခဲ့ရသည်။

အပူနှင့်အအေးဝိရောဓိသည် အလွန်ကြောက်စရာကောင်းပြီး အခန့်မသင့်လျှင် လူတစ်ဦး၏အသက်ကို ချက်ချင်းနုတ်ယူနိုင်သည်ကိုသတိပြုကြရန်လိုသည်။

**ပူပြင်းသောအချိန်တွင်သတိထားရမည့်အချက်များ**

(၁) ပူပြင်းသောရာသီတွင်ရေချိုးလျှင် နံနက်စောစောအချိန်တွင်သာချိုးပါ။ နေ့လယ်၊ ညနေစောင်းအချိန်များတွင် ရေမချိုးပါနှင့်။

(၂) ရေမချိုးမီ ရေအေးတစ်ဖန်ခွက်သောက်ပြီးမှ ရေချိုးပါ။

(၃) ရေချိုးလျှင် ဦးခေါင်းမှစ၍မလောင်းပါနှင့်။ ခြေဖျား၊ ဒူး၊ ပေါင်လယ် စသည်ဖြင့် တဖြည်းဖြည်းအထက်သို့တက်၍ ရေလောင်းပြီးမှ ရေချိုးပါ။

(၄) ရေမချိုးမီက ဆီးသွားထားပါ။ ဆီးအိမ်တွင် ဆီးရှိနေချိန်ရေချိုးလျှင် ဆီးသွားချင်စိတ်ဖြစ်ပေါ်လာပြီး မသွားဘဲအောင့်ထားပြန်လျှင်လည်း ဆီးပူ၊ ဆီးအောင့် ညောင်းကျရောဂါများဖြစ်တတ်သည်။

(၅) ရေချိုးပြီးလျှင် အချိန်ကြာမြင့်စွာအဝတ်အစားမဝတ်ဘဲမနေပါနှင့်။ လေဝင်လေထွက်ကောင်းသည့် စွပ်ကျယ်၊ ချည်ထည်၊ လေဝင်လေထွက်ကောင်းသောအဝတ်အစားများကိုဝတ်ဆင်ပါ။

(၆) နေ့လယ်နေပူပြင်းချိန်တွင် အပြင်မထွက်ပါနှင့်။ ထွက်လျှင် ထီး၊ ဦးထုပ်အဆောင်းအကာများ ပါပါစေ။

(၇) ညနေစောင်းအချိန်များတွင် သစ်ပင်ပန်းမန်များကို ရေလောင်းခြင်း၊ ရေဖျန်းခြင်း မပြုလုပ်ပါနှင့်။ ထိုသို့ပြုလုပ်၍ မိမိခန္ဓာကိုယ်အောက်ပိုင်းရေစိုလျှင် အပူလျှပ်၍လေဖြတ်နိုင်သည်ကို သတိပြုပါ။

(၈) ရေခဲရေ၊ အလွန်အေးသောရေများကိုမသောက်ပါနှင့်။ ရေနွေးကြမ်းတွင်ဆားအနည်းငယ်ခတ်သောက်ခြင်း သို့မဟုတ် ရေကျက်အေးသောက်ခြင်းသည် ကျန်းမာရေးနှင့်ညီညွတ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင် တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက် ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆို ရင်တော့ တောင်တက်လမ်း လျှောက်ခြင်းကိုလည်း ကြိုးစား ကြည့်သင့်ပါတယ်။

ဒ့်အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်း လျှောက်ပြီး ပုံမှန်လမ်းပြန် လျှောက်ခြင်း၊ အဲဒီနောက် ခပ် မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့် ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်း ထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့ အတွက် ကြွက်သားတွေနာကျင် ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက် တစ်ခေါက် လမ်းလျှောက်ဖို့ အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ် စေပါဘူး။

# ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့်မတ်လအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဖျာပုံ ဧပြီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ ခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် မတ်လအတွင်းက ဆန် ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၈၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံ မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြော ပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လ တာကာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၈၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဆန်ကွဲများ ကို ရန်ကုန်ဈေးကွက်က ဝယ်ယူ အား ကောင်းလျက်ရှိကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ ဆန်ကွဲ တွေကို ရန်ကုန်ကိုအဓိကတင်ပို့ ရောင်းချပါတယ်။ ဒီဘက်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကား တွေနဲ့ တင်ပို့ရောင်းချတာများပါ တယ်။ ဆန်ကွဲတွေကို မတ်လရဲ့ ပထမပတ်လောက်ကနေ စတင်ပြီး ဝယ်လိုအားက သိသိသာသာ တက်ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲ တွေကို ပွဲရုံလုပ်ငန်းရှင်တွေက အဆက်မပြတ် တင်ပို့ရောင်းချနေ ပါတယ်"ဟု ဖျာပုံမြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေး အေးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၆၅၀၀ ဈေးရှိနေကြောင်း၊ အဆိုပါ ဆန်ကွဲများတင်ပို့ရောင်းချ အားတက်လာခြင်းကြောင့် ဆန် စပါးရောင်းဝယ်ရေးကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်း ရှင်များ၊ ကုန်တင်ကုန်ချလုပ်သား များ၊ ကုန်တင်ကားအငှားလိုက် သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဂျုံ ၂၅၁၁ ဧက ရိတ်သိမ်းပြီးစီး

**ကလေး ဧပြီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေး ခရိုင် ကလေးမြို့နယ်တွင် ဆောင်း သီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထား သော ဂျုံ ၂၅၁၁ ဧကရိတ်သိမ်းပြီးစီး ပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်း သီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထား သော ဂျုံစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်း ခဲ့ရာ ယနေ့တွင် ၂၅၁၁ ဧကရိတ် သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၆၉ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီက ကလေးမြို့နယ်မှာ ဂျုံ ၂၅၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ တော့ ဂျုံဧကအားလုံးရိတ်သိမ်းပြီးစီး ပြီဖြစ်ပါတယ်။ ဂျုံသီးနှံအထွက် တိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲ ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်း ဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ဆောင်း သီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၇၈၆ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၂၅၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဂျုံသီးနှံစိုက်ပျိုးတောင်သူများ ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန က အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးနိုင်ရန် ပညာပေးခြင်း၊ တောင်သူများလိုအပ်သည့် ယူရီး ယားမြေဩဇာကို အကျိုးရှိရှိသုံးစွဲ တတ်ရန် ပညာပေးခြင်း၊ ဂျုံ သီးနှံစိုက်ပျိုးရာတွင်လည်း ကုန်ကျ စရိတ်နည်းနည်းဖြင့် စိုက်ပျိုးနိုင်ရန် အတွက် ပညာပေးခြင်းလုပ်ငန်းများ ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဂျုံတစ်ဧကစိုက်ပျိုးလျှင် ကုန် ကျစရိတ်မှာ ငွေကျပ် ၃၀၀၀၀၀ ခန့် ရှိကြောင်း၊ ဂျုံသီးနှံကို စစ်ကိုင်း တိုင်းဒေသကြီးတွင် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ မော်လိုက် ခရိုင်၊ တမူးခရိုင်၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ မုံရွာခရိုင်၊ ယင်းမာပင် ခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းခရိုင်နှင့် ကသာခရိုင်တို့၌ စိုက်ပျိုးပြီး စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်တို့တွင် အများဆုံးစိုက်ပျိုး ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင် ထွန်းဝင်းက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

## အေးမြစေကြောင်း နှစ်သစ်ဆုတောင်း

- မြန်မာနှစ်ဆန်း ရွှင်လန်းပါစေ
မေတ္တာရေအေး ဖြူးဖွေးသန့်ပြီလေ
ဘေးရန်ထွေထွေ ဝေးစေအားလုံး
အလင်္ကာရည် စာပန်းချီ
တိုင်းပြည်သာယာ ပြုံးသည်နှင့်လေး။

- ကိုယ်နှုတ်နှလုံး သိမ်းကျုံးလို့ပင်
ကောင်းသည့်စကား ပြောကြားထာဝစဉ်
အေးမြကြည်လင် ပြည်ခွင်ငြိမ်းအေး
အောင်ကြောင်းမင်္ဂလာ အောင်ဇေယျာ
အောင်ရာအတိတ် ပေးသည်နှင့်လေး။

- စံပယ်မြတ်လေး ရနံ့မွှေးသည်မှာ
ငုဝါပိတောက် ကြိုင်လှောက်သည့်ချိန်ခါ
ပန်းပေါင်းစုံစွာ သာယာစိမ့်စမ်း
အောင်ဟိတ်သြဘာ အောင်ကိန်းဖြာ
ရင်မှာအေးမြ လန်းသည်နှင့်လေး။

- ရှင်လူရဟန်း အေးချမ်းပါစေ
ပြည်သူအများ ဝင့်ကြွားသွားလာနေ
တို့တိုင်းမြန်ပြေ(ပြည်) ဖြာဝေကောင်းခြင်း
အပြုံးလွှာတည် အေးမြကြည်
ဂုဏ်ရည်မချို့ ယွင်းသည်နှင့်လေး။

- နေရောင်သို့လင်း လမင်းသို့သာ
မြန်မာတစ်ဝန်း အောင်ပန်းဆင်မြန်းကာ
ကာကွယ်ရေးမှာ သူငါထမ်းရွက်
အဖျက်ဖွေရှာ တိုက်ဖျက်ပါ
သာယာဝန်းကျင် ပေါ်ထွက်သည်နှင့်လေး။

- လင်းလက်ရောင်ခြည် မြန်ပြည်လွှမ်းတော့မည်။
တိုးတက်ခေတ်မီ လာပြီ မှန်းပေါ့အတည်။ ။

**အာကာမောင်မောင်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# အီရန်သမ္မတရိုင်စီ လာမည့်ရက်သတ္တပတ်အတွင်း ပါကစ္စတန်နိုင်ငံသို့ သွားရောက်မည်

**အစ္စလာမ်မာဘတ် ဧပြီ ၁၉**

အီရန်သမ္မတ ရိုင်စီသည် လာမည့် ရက်သတ္တပတ်အတွင်း ပါကစ္စတန်နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် သွားရောက်မည်ဖြစ်ကြောင်း ဧပြီ ၁၈ ရက်သတင်းများတွင် ရေးသားဖော်ပြခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသ၌အီရန်နှင့်အစ္စရေးတို့ကြားစစ်ရေးတင်းမာမှုမြင့်တက်နေချိန်တွင် ပါကစ္စတန်သို့သွားရောက်ရန် အီရန်သမ္မတက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အီရန်သမ္မတရိုင်စီ အနေဖြင့် ဧပြီ ၂၂ ရက်တွင် သုံးရက်ကြာ တရားဝင်ခရီးစဉ်အဖြစ် အစ္စလာမ်မာဘတ်မြို့သို့ စတင်ရောက်ရှိမည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အီရန်သမ္မတရိုင်စီ၏ပါကစ္စတန်ခရီးစဉ်သည် ယခုနှစ်ဇန်နဝါရီလအတွင်း အပြန်အလှန်နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုများကြောင့် အခိုက်အတန့် တင်းမာခဲ့ရသော နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်ပြင်ဆင်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် လေ့လာသူများက သုံးသပ်ထားသည်။

ဆီးရီးယားနိုင်ငံရှိ အီရန်ကောင်စစ်ဝန်ရုံး တိုက်ခိုက်ခံရမှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံက အစ္စရေးကို မောင်းသူမဲ့လေယာဉ်များ၊ ဒုံးကျည်များဖြင့် တိုက်ရိုက်ပစ်ခတ် တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးနှင့် အီရန်တို့ကြား စစ်ရေးတင်းမာမှု စတင်မြင့်တက်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ကင်ညာနိုင်ငံ၌ ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပွား စစ်ဦးစီးချုပ်အပါအဝင် ၁၀ ဦးသေဆုံး

**နိုင်ရိုဘီ ဧပြီ ၁၉**

ကင်ညာစစ်ဘက်ရဟတ်ယာဉ်တစ်စင်းသည် ဧပြီ ၁၈ ရက်က လေဆိပ်မှပျံတက်ခဲ့ပြီး မကြာမီ မှာပင်ပျက်ကျခဲ့ရာ ကင်ညာစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဖရန်စစ်အိုဂိုလာအပါအဝင် လူပေါင်း ၁၀ ဦးသေဆုံးခဲ့သည်။

နွားခိုးဂိုဏ်းများကို ရင်ဆိုင်ရေးအတွက် ကင်ညာနိုင်ငံ အနောက်မြောက်ပိုင်းတွင် ဖြန့်ကြက်ထားသည့်တပ်ဖွဲ့ဝင်များထံ ပျံသန်းနေစဉ် ရဟတ်ယာဉ်ပျက်ကျခဲ့ရခြင်းဖြစ်သည်။

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသူ၁၀ဦးထဲတွင် ကင်ညာစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဖရန်စစ်အိုဂိုလာလည်း ပါဝင်ကြောင်း ကင်ညာသမ္မတ ဝီလီယမ်ရူတိုက သတင်းထုတ်ပြန် အတည်ပြုထားသည်။

အဆိုပါ ရဟတ်ယာဉ်သည် အနောက်ပိုကော့ခရိုင် စာသင်ကျောင်းဝင်းတစ်ခုအတွင်းမှပျံတက်ခဲ့ပြီး မိနစ်အနည်းငယ်အကြာမှာပင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျမှုအတွင်း ကင်ညာ လက်နက်ကိုင်တပ်ဖွဲ့ဝင်နှစ်ဦး အသက်ရှင်သန်ခဲ့ပြီး လက်ရှိတွင် ဆေးရုံသို့ပို့ထားကြောင်း ကင်ညာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ရဟတ်ယာဉ်ပျက်ကျမှုကို စုံစမ်းစစ်ဆေးရေးအတွက် ကင်ညာအစိုးရက စုံစမ်းစစ်ဆေးရေးအဖွဲ့ စေလွှတ်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# ရုရှားနှင့် တာဂျစ်ကစ္စတန်တပ်ဖွဲ့ဝင်များ၏ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြီးဆုံး



**မော်စကို ဧပြီ ၁၉**

ရုရှားနှင့် တာဂျစ်ကစ္စတန်တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဧပြီ ၁၈ ရက်တွင် အောင်မြင်စွာ အပြီးသတ်နိုင်ခဲ့ကြောင်း သိရသည်။

ရုရှားနှင့် တာဂျစ်ကစ္စတန်တပ်ဖွဲ့ဝင်များ၏ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးပူးတွဲစစ်ရေးလေ့ကျင့်မှုများကို တာဂျစ်ကစ္စတန်နိုင်ငံ၌ပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ရုရှားနှင့် တာဂျစ်ကစ္စတန်တပ်ဖွဲ့ဝင်များအနေဖြင့် စစ်သွေးကြွများ၊ တရားမဝင်လက်နက်ကိုင်အဖွဲ့များ၏ နယ်စပ်ဖြတ်ကျော်ကျူးကျော်မှုများအား တားဆီးကာကွယ်မှုကို ပုံစံတူလေ့ကျင့်ခဲ့ကြကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တာဂျစ်ကစ္စတန် နိုင်ငံသည် အစ္စလာမ်မစ် အကြမ်းဖက်အုပ်စုဂိုဏ်းခွဲတစ်ခုအခြေစိုက်ထားသည့် အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်မြေချင်း ရှည်လျားစွာထိစပ်နေသည့် နိုင်ငံဖြစ်သည်။

အာဖဂန်အခြေစိုက် အဆိုပါအုပ်စုသည် ပြီးခဲ့သည့်လအတွင်းက မော်စကိုမြို့ပြင် ဂီတပွဲခန်းမဆောင် အကြမ်းဖက် တိုက်ခိုက်မှုအတွက် တာဝန်ရှိသည်ဟု ကြေညာထားသော အကြမ်းဖက်အုပ်စုဖြစ်ကြောင်း သိရသည်။

ရုရှားနှင့်တာဂျစ်ကစ္စတန်နိုင်ငံတို့သည်ဆိုဗီယက်ပြည်ထောင်စုဝင်နိုင်ငံဟောင်းများ စုဖွဲ့ထားသော စုပေါင်းလုံခြုံရေးစာချုပ် (စီအက်စ်တီအို)အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ရက်သတ္တခြောက်ပတ်ကြာမည့် အိန္ဒိယလွှတ်တော်ရွေးကောက်ပွဲများ စတင်ကျင်းပ

**ဒေလီ ဧပြီ ၁၉**

ရက်သတ္တခြောက်ပတ်ကြာမြင့်မည့် ကမ္ဘာ့အကြီးမားဆုံးလွှတ်တော်ရွေးကောက်ပွဲများကို အိန္ဒိယနိုင်ငံ၌ ယနေ့တွင် စတင်ကျင်းပနေပြီဖြစ်ရာ အိန္ဒိယမဲဆန္ဒရှင်ပြည်သူသန်းပေါင်းများစွာတို့ ပါဝင်မဲပေးနေကြပြီဖြစ်ကြောင်း သိရသည်။



အဆိုပါလွှတ်တော်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်မိုဒီ၏ လက်ရှိအာဏာရ ဘရာတီယာဂျနေတာပါတီ(ဘီဂျေပီ)နှင့် အတိုက်အခံပါတီ ၂၀ကျော်တို့ စုစည်းထားသည့် ညွန့်ပေါင်းအုပ်စုတို့ကြား အကြိတ်အနယ်ယှဉ်ပြိုင်ရဖွယ်ရှိသည်။

သို့သော် လက်ရှိအခြေအနေများအရ ဝန်ကြီးချုပ်မိုဒီ၏ ဘရာတီယာဂျနေတာပါတီသာ ထပ်မံအနိုင်ရရှိနိုင်ကြောင်း သိရသည်။

ယနေ့တွင် စတင်ခဲ့သော ရက်သတ္တခြောက်ပတ်ကြာ အိန္ဒိယလွှတ်တော် ရွေးကောက်ပွဲသည် ဇွန် ၁ ရက်တွင်ပြီးဆုံးမည်ဖြစ်ပြီး ဇွန် ၄ ရက်တွင် ဆန္ဒမဲများစတင်ရေတွက်မည်ဖြစ်သည်။

ယနေ့ ရွေးကောက်ပွဲများတွင် ပြည်နယ်ပေါင်း ၂၁ ခုတို့ရှိ မဲဆန္ဒနယ်ပေါင်း ၁၀၂ခုတို့၌ အိန္ဒိယပြည်သူ ၁၆၆ သန်းတို့ ပါဝင်မဲပေးကြမည်ဖြစ်သည်။

အဆင့် ခုနစ်ဆင့်ခွဲ၍ ကျင်းပမည့် အိန္ဒိယလွှတ်တော်ရွေးကောက်ပွဲများအနက် ယနေ့တွင် စတင်ခဲ့သော ပထမအဆင့်ရွေးကောက်ပွဲမှာ အကြီးမားဆုံးအဆင့်ဖြစ်သည်။

အိန္ဒိယရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံးတွင် မဲဆန္ဒရှင်ပြည်သူသန်း ၉၇၀ထိ ပါဝင်မဲပေးကြမည်ဖြစ်ရာ ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အီရန်နိုင်ငံ အစ်ဖာဟန်မြို့ကို အစ္စရေးစစ်ဘက် ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များဖြင့်တိုက်ခိုက်

**တီဟီရန် ဧပြီ ၁၉**

အီရန်၏လေကြောင်းတိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးစစ်ဘက်သည် ယနေ့နံနက်ပိုင်းတွင် အီရန်မြေပေါ်ရှိ ပစ်မှတ်များကို ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များဖြင့်တိုက်ခိုက်ခဲ့သည်။

အစ္စရေးစစ်ဘက်က အီရန်နိုင်ငံအတွင်းရှိ ပစ်မှတ်များအား တိုက်ခိုက်ခဲ့မှုကို အမေရိကန်အစိုးရတာဝန်ရှိသူများကလည်း အတည်ပြုထားသည်။

အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုအတွင်း အီရန်နိုင်ငံ အစ်ဖာဟန်မြို့၌ ပေါက်ကွဲသံများ ပေါ်ထွက်ခဲ့ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သို့သော် ယင်းပေါက်ကွဲသံများသည်အီရန်လေကြောင်းရန်ကာကွယ်ရေးစနစ်များကြောင့် ပေါ်ထွက်လာသည့်ပေါက်ကွဲသံများဖြစ်ကြကြောင်း အီရန်အစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အစ္စရေးစစ်ဘက်သည် အီရန်နိုင်ငံက ဧပြီ ၁၃ ရက်တွင် ပြုလုပ်ခဲ့သည့်လေကြောင်းတိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ယနေ့တွင် အီရန်ပစ်မှတ်များကို ပြန်လည်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးစစ်ဘက်က တိုက်ခိုက်မှုပြုလုပ်ခဲ့သော အစ်ဖာဟန်မြို့သည် အီရန်၏အဓိကလေတပ်စခန်းတစ်ခုနှင့် နျူကလီးယားသုတေသနအဆောက်အအုံများ တည်ရှိရာနေရာဖြစ်သည်။

အီရန်နိုင်ငံသည် ဆီးရီးယားနိုင်ငံရှိ အီရန်ကောင်စစ်ဝန်ရုံးကို အစ္စရေးစစ်ဘက်က တိုက်ခိုက်ခဲ့ပြီးနောက် ဧပြီ ၁၃ ရက်တွင် အစ္စရေးကို လေကြောင်းတိုက်ခိုက်မှုများဖြင့် တုံ့ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက ၂၀၂၄ ခုနှစ်၏ အကြိမ် ၄၀ မြောက်မစ်ရှင်အဖြစ် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များ လွှတ်တင်ခဲ့




**ဝါရှင်တန် မေ ၁၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ၂၀၂၄ ခုနှစ်၏ အကြိမ် ၄၀ မြောက် မစ်ရှင်အဖြစ် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များကို မေ ၁၈ ရက်တွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၏ အကြိမ် ၄၀ မြောက်မစ်ရှင်အဖြစ် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပင်မဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပင်မဒုံးယာဉ်သည် ခုနစ်ကြိမ်မြောက်အဖြစ် အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူးအဆင့်ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၆၅ မိနစ်ခန့်အကြာတွင် သယ်ဆောင်သွားသည့် စတားလင့်ခ်ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

Space-X ကုမ္ပဏီ၏ ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် မစ်ရှင် ၄၀ အနက် ၂၇ ခုမှာ စတားလင့်ခ် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သော မစ်ရှင်များဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## သက်ရှိများရှင်သန်ဖြစ်တည်နေသော ဂြိုဟ်များအနေဖြင့် အခြားဂြိုဟ်များနှင့် အရောင်အဆင်းမတူဘဲ ခရမ်းဖျော့ဖျော့အလင်းရောင်ကို ထုတ်လွှတ်တတ်ကြဖွယ်ရှိ


**လန်ဒန် မေ ၁၉**

သက်ရှိများ ရှင်သန်ဖြစ်တည်နေသော ဂြိုဟ်များအနေဖြင့် အခြားဂြိုဟ်များနှင့် အရောင်အဆင်းမတူဘဲ ခရမ်းဖျော့ဖျော့အလင်းရောင်ကို ထုတ်လွှတ်တတ်ကြဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက မေ ၁၈ ရက်တွင် ပြောကြားသည်။

ကမ္ဘာပေါ်ရှိ သက်ရှိများသည် ပုံမှန်အားဖြင့် ကမ္ဘာဂြိုဟ်က ထုတ်လွှတ်နေသော အစိမ်းဖျော့ဖျော့အလင်းရောင်များနှင့် ဆက်စပ်မှုရှိနေတတ်သည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ ကော်နဲလ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ သက်ရှိများရှိနေနိုင်သည့် အခြားနေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များကမူ အစိမ်းဖျော့ဖျော့အစား ခရမ်းဖျော့ဖျော့အလင်းရောင်များကို ထုတ်လွှတ်နေနိုင်ကြောင်း သိရသည်။

ဗြိတိန်သိပ္ပံပညာရှင်များသည် ဇီဝရုပ်အမျိုးမျိုးနှင့် တွင်းထွက်ဓာတ်များ၏ အရောင်အဆင်းနှင့် ဓာတုဖွဲ့စည်းပုံများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။



မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အခြားဂြိုဟ်ကမ္ဘာများပေါ်ရှိ ခရမ်းရောင် ဗက်တီးရီးယားများသည် အလင်းဖြင့် စွမ်းအင်ချက်လုပ်ရေးအတွက် အနီအောက်ဖြာထွက်ရောင်ခြည်များ အသုံးချနိုင်သည်ကို တွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ခရမ်းရောင် ဗက်တီးရီးယားများသည် အနီရောင်ကြယ်သိမ်များကို ဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်များပေါ်တွင် ရှင်သန်နေနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## ရှန်ကျိုး-၁၈ အာကာသလူသယ်ယာဉ်ကို လွှတ်တင်ရေးအတွက် တရုတ်အမျိုးသားအာကာသအေဂျင်စီ ပြင်ဆင်နေ

**ပေကျင်း မေ ၁၉**

ရှန်ကျိုး-၁၈ အာကာသလူသယ်ယာဉ်ကို လွှတ်တင်ရေးအတွက် တရုတ်အမျိုးသား အာကာသအေဂျင်စီက ပြင်ဆင်နေပြီဖြစ်ကြောင်း မေ ၁၈ ရက်သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ရှန်ကျိုး-၁၈ အာကာသလူသယ်ယာဉ်နှင့် လောင်းမတ်ချ်-၂ အက်ဖ်ဒုံးပျံကို ချိကွမ်းအာကာသစခန်း ဒုံးပျံပစ်လွှတ်စင်၌ အသင့်နေရာချထားပြီးဖြစ်သည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ရှန်ကျိုး-၁၈ အာကာသလူသယ်ယာဉ်ဖြင့် အာကာသယာဉ်မှူး သုံးဦးကို တီယန်ကောင်း အာကာသစခန်းသို့ ပို့ဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီအနေဖြင့် ရှန်ကျိုး-၁၈ အာကာသလူသယ်ယာဉ်ကို ဧပြီ ၂၅ ရက်တွင် လွှတ်တင်ဖွယ်ရှိကြောင်း သိရသည်။

ရှန်ကျိုး-၁၈ အာကာသယာဉ်မှူးများအနေဖြင့် လွှတ်တင်ပြီး ခုနစ်နာရီအကြာတွင် တီယန်ကောင်း အာကာသစခန်းသို့ ရောက်ရှိနိုင်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ အဆိုအရ သိရသည်။

ရှန်ကျိုး-၁၈ အာကာသယာဉ်မှူး သုံးဦးတို့သည် တီယန်ကောင်း အာကာသစခန်း၌ ခြောက်လကြာ တာဝန်များ ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## အမျိုးသမီးများ အရက်သောက်သုံးမှုလျှော့ချ၍ ရင်သွေးများကို မိခင်နို့ပိုမိုတိုက်ကျွေးပါက ရင်သားကင်ဆာဖြစ်ပွားမှုကို တားဆီးနိုင်

**လန်ဒန် မေ ၁၉**

အမျိုးသမီးများအနေဖြင့် အရက်သေစာ သောက်သုံးမှုကို လျှော့ချ၍ ရင်သွေးများကို မိခင်နို့ ပိုမိုတိုက်ကျွေးပေးပါက နှစ်စဉ် ရင်သားကင်ဆာရောဂါဖြစ်ပွားမှုရာပေါင်းများစွာကို တားဆီးနိုင်ကြောင်း သုတေသနပညာရှင်များက မေ ၁၈ ရက်တွင် ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ရင်သားကင်ဆာဖြစ်ပွားမှုလေးခုလျှင် တစ်ခုမှာ ပြုပြင်ပြောင်းလဲ၍ရနိုင်သည့် ရောဂါနောက်ခံအကြောင်းတရားများနှင့်ဆက်စပ်နေပြီး ဘဝနေထိုင်မှုပုံစံအပြောင်းအလဲများဖြင့် ရင်သားကင်ဆာဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သိရသည်။

ထို့ပြင် ရင်သားကင်ဆာရောဂါဖြစ်စဉ် ၂၀ လျှင် တစ်ခုလောက်မှာ အမျိုးသမီးများကြား ရင်သွေးကို မိခင်နို့တိုက်ကျွေးမှုနှုန်းကျဆင်းလာမှုနှင့် ဆက်စပ်နေကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားသည်။

ထိုနည်းတူ ရင်သားကင်ဆာရောဂါဖြစ်စဉ် ၁၀ ခုလျှင် တစ်ခုမှာ အရက်သောက်သုံးမှုနှင့်ဆက်စပ်နေကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိထားသည်။

သို့ဖြစ်ရာ အမျိုးသမီးများအနေဖြင့် အရက်သေစာ သောက်သုံးမှုကိုလျှော့ချ၍ ရင်သွေးများကို မိခင်နို့ ပိုမိုတိုက်ကျွေးပါက ရင်သားကင်ဆာဖြစ်ပွားမှု ရာပေါင်းများစွာကို နှစ်စဉ် ကာကွယ်နိုင်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။

**Ref : Sputnik News**
**Trs : KKO**

## Zepbound ကိုယ်အလေးချိန်လျှော့ချရေးဆေးက Sleep Apnea ပြဿနာကို လျှော့ချနိုင်

**နယူးယောက် မေ ၁၉**

Zepbound အမည်ရှိ ကိုယ်အလေးချိန် လျှော့ချရေးဆေးတစ်မျိုးသည် အဝလွန်သူများ၏ အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာ (Sleep Apnea) ကို လျှော့ချပေးနိုင်ကြောင်း မေ ၁၈ ရက် သတင်းများအရ သိရသည်။

Zepbound ကိုယ်အလေးချိန် လျှော့ချရေးဆေးသည် အမေရိကန်နိုင်ငံအခြေစိုက် Eli Lilly ကုမ္ပဏီက ထုတ်လုပ်ထားသော ကိုယ်အလေးချိန် လျှော့ချရေးဆေးဖြစ်ပြီး အမေရိကန်နိုင်ငံသား ထောင်ပေါင်းများစွာတို့ သုံးစွဲနေသည့်ဆေးဖြစ်ကြောင်း သိရသည်။

Zepbound ဆေးသည် ကိုယ်အလေးချိန်ကို လျှော့ချပေးနိုင်သည့်အပြင် ကုမ္ပဏီသုတေသနပညာရှင်များပြုလုပ်ထားသည့် လက်တွေ့စမ်းသပ်မှုရလဒ်များအရ အဝလွန်သူများ၏ Sleep Apnea ပြဿနာကိုလည်း လျှော့ချပေးနိုင်ကြောင်း Eli Lilly ကုမ္ပဏီက ကြေညာချက်ထုတ်ပြန်ထားသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသော ရလဒ်များအရ Zepbound ဆေးသည် စမ်းသပ်မှုတွင်ပါဝင်သူလူနာ သုံးပုံနှစ်ပုံခန့်၏ Sleep Apnea ပြဿနာပြင်းထန်မှုအတိုင်းအဆကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

Sleep Apnea ပြဿနာသည် အမေရိကန်နိုင်ငံ၌ အရွယ်ရောက်သူ သန်း ၈၀ ခန့် ရင်ဆိုင်နေရပြီး ၎င်းတို့အနက် သန်း ၂၀ ခန့်မှာ အထိုက်အလျောက်ပြင်းထန်သော သို့မဟုတ် အလွန်ပြင်းထန်သော Sleep Apnea ပြဿနာကို ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ဘာစီလိုနာအသင်းကို လူမျိုးရေးခွဲခြားမှုကြောင့် ယူအီးအက်ဖ်အေ ပြစ်ဒဏ်ချမှတ်

**ဘာစီလိုနာ မေ ြ ၁၉**

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက လေးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ဘာစီလိုနာအသင်း ပရိသတ်များက ပြိုင်ဘက်ကစားသမားများကို လူမျိုးရေးခွဲခြားမှု ပြုလုပ်ခဲ့သောကြောင့် ယူအီးအက်ဖ်အေက ဘာစီလိုနာအသင်းကို ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ယူအီးအက်ဖ်အေ အနေဖြင့် လူမျိုးရေးခွဲခြားမှု ပြုလုပ်ခဲ့သည့် ဘာစီလိုနာအသင်းကို ပရိသတ်များအား ထိန်းသိမ်းရန်ပျက်ကွက်မှုဖြင့် ဒဏ်ငွေ စတာလင်ပေါင် ၂၁၄၀၀ ချမှတ်ခဲ့ပြီး မေ ၁၈ ရက်မှစတင်ကာ တစ်နှစ်တာကာလအတွင်း ဥရောပပြိုင်ပွဲ အဝေးကွင်းပွဲစဉ်တစ်ပွဲကို လက်မှတ်ရောင်းချခွင့် ပိတ်ပင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘာစီလိုနာအသင်းသည် ပထမအကျော့က ပဲရစ်မြို့တွင် ကစားခဲ့သည့် ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ပရိသတ်များအနေဖြင့် ကွင်းအတွင်း မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့မှုကြောင့် စတာလင်ပေါင် ၁၇၀၀ နှင့် ဆူပူမှုများဖြစ်ရန် လှုံ့ဆော်မှုများကြောင့် ဒဏ်ငွေ စတာလင်ပေါင် ၄၂၈၀ ယူအီးအက်ဖ်အေက ထပ်မံချမှတ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရသည့် ဘာစီလိုနာအသင်းသည် အမှတ်ပေးချန်ပီယံဆု ရရှိရန်သာ ကြိုးစားရမည်ဖြစ်ပြီး လာမည့် မေ ြ ၂၂ ရက်တွင် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ ယင်းပွဲစဉ်ကို အနိုင်ရရှိပါက ချန်ပီယံဆုကို ဆက်လက်ထိန်းသိမ်းနိုင်ရန် အခွင့်အရေးရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

## ပရီးမီးယားလိဂ်ပွဲစဉ် (၃၄) ပွဲကြိုသုံးသပ်ချက်

**ML**

**အဲဗာတန် Vs နော့တင်ဟမ်**

**ကစားမည့်ရက်/အချိန် ၂၁-၄-၂၀၂၄ (ည ၇း၀၀နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**နော့တင်ဟမ် ၀ - ၁ အဲဗာတန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အဲဗာတန်** | – | **ဝေး(သရေ)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **နော့တင်ဟမ်** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(သရေ)** |

အဲဗာတန်ဟာ အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့ အသင်းဖြစ်တာကြောင့် အခုပွဲစဉ်ကို အနိုင်ရဖို့ အစွမ်းကုန်ကြိုးစားလာမှာပါ။ နော့တင်ဟမ်ကတော့ တိုက်စစ်မှူး အရွှန်နီရဲ ဒဏ်ရာရနေလို့ ဂိုးရဖို့ ရုန်းကန်နေရသလို အဝေးကွင်းပွဲစဉ်တွေမှာ ခံစစ်ကစားပုံကျဆင်းတတ်ပါတယ်။ ဒါကြောင့် အဲဗာတန်ကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – အဲဗာတန် ၂ – ၁ နော့တင်ဟမ်**

## အားကစားသတင်းအတိုအထွာများ

- ❑ မက္ကဆီကိုအမှတ်ပေးပြိုင်ပွဲတွင် မွန်တာရေးအသင်းနှင့် တီဂရီအသင်းတို့ကစားခဲ့ရာ တစ်ဖက်သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း တီဂရီဂိုးသမား ဂတ်ဇ်မန်းက မွန်တာရေးဂိုးသမားအန်ဒရာဒါကို လေဆာရောင်ခြည်ဖြင့်ထိုးခဲ့မှုကြောင့် ဂတ်ဇ်မန်းကို ၁၁ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။
- ❑ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ဥရောပအကောင်းဆုံးအသင်းအဖြစ် လေဗာကူဆင်အသင်းက ထိပ်ဆုံးတွင်ရပ်တည်နေပြီး ရီးရဲလ်မက်ဒရစ်အသင်းက အဆင့်(၂)၊ ပီအက်စ်ဂျီအသင်းက အဆင့်(၃)၊ ဒေါ့မွန်အသင်းက အဆင့်(၄)၊ ဘိုင်ယန်မြူးနစ်အသင်းက အဆင့်(၅)၊ မန်စီးတီးအသင်းက အဆင့်(၆)နေရာတို့တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။ **ML**

## ဂိုးသမားမာတီနက်ဇ်၏ ပင်နယ်တီကာကွယ်မှုများကြောင့် အေဗီလာအသင်း ယူရိုပါကွန်ဖရင့်လိဂ် ဆီမီးဖိုင်နယ်တက်ရောက်



**လန်ဒန် မေ ြ ၁၉**

ပြင်သစ်ကလပ် လိုင်လီအသင်းနှင့် အင်္ဂလန်ကလပ် အေဗီလာအသင်းတို့ကစားခဲ့သည့် ယူရိုပါကွန်ဖရင့်လိဂ် ကွာတားဖိုင်နယ်အဆင့်တွင် ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရသော်လည်း ဂိုးသမား မာတီနက်ဇ် ပင်နယ်တီကာကွယ်မှု နှစ်ကြိမ်ထိ ပြုလုပ်ခဲ့သောကြောင့် အသင်းအနေဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ဂိုးသမားမာတီနက်ဇ်သည် ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကလည်း ဗိုလ်လုပွဲစဉ်တွင် အာဂျင်တီးနားအသင်းအတွက် ပင်နယ်တီကာကွယ်မှုပြုလုပ်၍ အသင်းအား ဆုဖလားရယူပေးနိုင်ခဲ့သည့်အပြင် ယခုပွဲစဉ်တွင် ပြင်သစ်ကလပ် လိုင်လီအသင်း၏ ပင်နယ်တီကန်သွင်းမှုများကို နှစ်ကြိမ်ထိ ကာကွယ်မှုပြုလုပ်၍ အသင်းအား နောက်တစ်ဆင့်သို့ တက်ရောက်အောင် ကူညီနိုင်ခဲ့သည်။

ကွာတားဖိုင်နယ် အဆင့်တွင် အေဗီလာအသင်းသည် ပထမအကျော့ အိမ်ကွင်းပွဲစဉ်၌ လိုင်လီအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဒုတိယအကျော့ပွဲစဉ်ကို သရေရလဒ်ရရှိပါက ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်မည်ဖြစ်သော်လည်း လိုင်လီအသင်းအနေဖြင့် ပြီးခဲ့သည့်ရက်သတ္တပတ်က အမှတ်ပေးပွဲစဉ်ကို ရွှေ့ဆိုင်း၍ ယခုပွဲစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ရာ ပွဲစကတည်းက အေဗီလာအသင်းကို ဖိအားပေးနိုင်ခဲ့ပြီး ပွဲချိန် ၁၅ မိနစ်တွင် ရာဇီစီ၊ ပွဲချိန် ၆၇ မိနစ်တွင် အန်ဒရီတို့က ဦးဆောင်ဂိုးများ သွင်းယူခဲ့သောကြောင့် အေဗီလာအသင်းအနေဖြင့် ချေပဂိုးရရှိရေး တိုက်စစ်မြှင့်တင်ခဲ့ရာ ပွဲချိန် ၈၇ မိနစ်တွင် မက်တီကတ်က ချေပဂိုးတစ်ဂိုး သွင်းယူခဲ့သဖြင့် နှစ်ကျော့ပေါင်းရလဒ် တူညီနေသောကြောင့် အချိန်ပိုဆက်လက်ကစားခဲ့ရသည်။

အချိန်ပို ပွဲကစားချိန်တွင် အေဗီလာအသင်းက တိုက်စစ်ဆင်မှုများ ပိုမိုပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်း မရှိသဖြင့် ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရပြီး ပင်နယ်တီတွင် လိုင်လီအသင်း၏ ကန်သွင်းမှုနှစ်ကြိမ်ကို မာတီနက်ဇ်က ကာကွယ်နိုင်ခဲ့သောကြောင့် လေးဂိုးသုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## Chevron Championship ပြိုင်ပွဲအမှတ်ပေးဇယားကို လော်ရန်ကော့လင် ဦးဆောင်

**တက္ကဆက် မေ ြ ၁၉**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပနေသည့် Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်မယ် လော်ရန်ကော့လင်က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါ၊ အမေရိကန် ဂေါက်သီးရိုက်မယ်တစ်ဦးပင်ဖြစ်သည့် မာရီနာ အဲလက်စ်နှင့် ဂျပန်ဂေါက်သီးရိုက်မယ် မိနာမီတို့က သတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

နယ်လီကော့ဒါ အနေဖြင့် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် ရေပန်းစားနေသလိုပထမနေ့တွင်အကောင်းဆုံးလက်စွမ်းပြသွားနိုင်ခဲ့သည်။

အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရထားသည့် လော်ရန်ကော့လင်သည် ပထမနေ့တွင် Bogey-free ရိုက်ချက် ရရှိခဲ့သည့်အတွက်ကြောင့်လည်း အမှတ်ပေးဇယား၏ ဒုတိယနေရာမှ ပြိုင်ပွဲဝင်များကို နှစ်ချက်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့ခြင်းလည်းဖြစ်သည်။



လော်ရန်ကော့လင်က "ကျွန်မအနေနဲ့ ရလာတဲ့အခွင့်အရေးတွေကို အကောင်းဆုံးအသုံးချနိုင်ဖို့ပဲ ပစ်မှတ်ထားခဲ့တယ်။ ကျွန်မရဲ့ ရည်ရွယ်ချက်ကတော့ ဒီနှစ်အတွင်း အောင်မြင်မှုတွေရရှိပြီး စွမ်းဆောင်ရည်ပိုင်း တစ်ရက်ထက်တစ်ရက် တိုးတက်လာဖို့ပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

## ယူရိုပါလိဂ်ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည့် လေဗာကူဆင်အသင်း ဖလားသုံးလုံးလမ်းကြောင်းပေါ်တွင် ဆက်လက်ရပ်တည်

**ဘာလင် မေ ြ ၁၉**

လေဗာကူဆင် အသင်းသည် ယူရိုပါလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့တွင် ဝက်စ်ဟမ်းအသင်းကို သရေရလဒ်သာ ကစားနိုင်ခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီး ဖလားသုံးလုံး လမ်းကြောင်းပေါ်တွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

ယူရိုပါလိဂ် ကွာတားဖိုင်နယ် ပထမအကျော့တွင် လေဗာကူဆင်အသင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် ဒုတိယအကျော့တွင် သရေရလဒ်သာ ကစားနိုင်ခဲ့သော်လည်း နှစ်ကျော့ပေါင်း သုံးဂိုးတစ်ဂိုးဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် ၄၄ ပွဲဆက် ရှုံးပွဲမရှိသည့် မှတ်တမ်းကောင်းကိုလည်း ပိုင်ဆိုင်ခဲ့သည်။

ဆီမီးဖိုင်နယ်အဆင့်တွင် စီးရီးအေကလပ် ရိုးမားအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပထမအကျော့ပွဲစဉ်ကို လာမည့် မေ ၃ ရက်တွင် ရိုးမားအိမ်ကွင်းတွင်လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်ကို မေ ၁၀ ရက်တွင် လေဗာကူဆင်အသင်း အိမ်ကွင်း၌လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

လေဗာကူဆင် အသင်းသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် ပြိုင်ပွဲပြီးဆုံးရန် ငါးပွဲကျန်ရှိနေသော်လည်း ဒုတိယနေရာမှ ဘိုင်ယန်မြူးနစ်အသင်းကို ရမှတ် ၁၆ မှတ်ထိ ဖြတ်တောက်နိုင်ခဲ့သဖြင့် ဆုဖလားသိမ်းပိုက်နိုင်ခဲ့ပြီး ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲတွင်လည်း ဒုတိယတန်းကလပ် ကိုင်ဇာစလော့တန်အသင်းနှင့် ဗိုလ်လုပွဲတွင် တွေ့ဆုံနေသောကြောင့် ဆုဖလားရယူနိုင်ရန် သေချာနေသည့်အပြင် ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်ထိတက်ရောက်နိုင်ခဲ့သဖြင့် အစိကဆုဖလားသုံးလုံးထိရရှိရန် နီးစပ်နေကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ဂျူဗင်တပ်အသင်း၏ ရှုံးပွဲမရှိစံချိန်ကို လေဗာကူဆင်အသင်းကျော်ဖြတ် ဥရောပအဆင့်သတ်မှတ်ချက်တွင်လည်း ရွှေအဆင့်ရောက်ရှိ



**ဘာလင် ဧပြီ ၁၉**

လေဗာကူဆင် အသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဝက်စ်ဟမ်းအသင်း နှင့်ပွဲစဉ်တွင် သရေရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ဂျူဗင် တပ်အသင်း၏ ရှုံးပွဲမရှိစံချိန်ကို တစ်ပွဲအသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ သည့်အပြင် ဥရောပဘောလုံးအဖွဲ့ ချုပ်၏ အဆင့်သတ်မှတ်ချက် တွင်လည်း ရွှေအဆင့်ရောက်ရှိခဲ့ ကြောင်း သိရသည်။

လေဗာကူဆင် အသင်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြ အလွန်ဆိုလက်အောက်တွင် ပုံစံ ကောင်းတစ်ရပ်ရရှိနေပြီး ဝက်စ်ဟမ်း အသင်းနှင့်ပွဲစဉ်တွင် သရေရလဒ် ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး နောက် ၄၄ ပွဲ ကစားခဲ့ရာတွင် ခြောက်ပွဲသာ သရေလဒ်ထွက်ပေါ် ခဲ့ပြီး ကျန်ပွဲစဉ်အားလုံး အနိုင်ရရှိ ခဲ့ပြီးနောက် ဂျူဗင်တပ်အသင်း၏ ရှုံးပွဲမရှိစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် ပြီးခဲ့ သည့် ၂၀၁၁ ခုနှစ် မေလမှစတင်ပြီး ၂၀၁၂ ခုနှစ် မေလ၌ ပြိုင်ပွဲစုံ ၄၃ ပွဲဆက် ရှုံးပွဲမရှိအောင် စွမ်းဆောင် ထားနိုင်ခဲ့ခြင်းကို ယခုနှစ်ဘောလုံး ရာသီတွင် လေဗာကူဆင်အသင်းက တစ်ပွဲအသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ ခြင်းဖြစ်သည်။

လေဗာကူဆင် အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်း သမိုင်းတစ်လျှောက် ဂျာမန် ဘွန်ဒက်လီဂါပြိုင်ပွဲတွင်လည်း ရှုံးပွဲ မရှိသေးဘဲ ပြိုင်ပွဲမပြီးဆုံးမီ ချန်ပီယံဆု ဆွတ်ခူးထားနိုင်ခဲ့ သကဲ့သို့ ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင်လည်း ကိုင်ဇာ စလော့တန်အသင်းနှင့် ကစားရ မည်ဖြစ်သည့်အတွက် ချန်ပီယံဆု ရရှိရန် နီးစပ်လျက်ရှိနေသည်။

လေဗာကူဆင် အသင်းသည် ယူရိုပါလိဂ် ပြိုင်ပွဲတွင်လည်း ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့ ကာ ဆီမီးဖိုင်နယ်အဆင့် တက် ရောက်နိုင်ခဲ့သည့်အတွက် ယခုနှစ် ဘောလုံးရာသီတွင် ချန်ပီယံ ဆုဖလား သုံးလုံးလမ်းကြောင်းပေါ် တွင် ရပ်တည်လျက်ရှိနေသည်။

ဥရောပ ဘောလုံးအဖွဲ့ချုပ်က ကလပ်အသင်းများကို ရွှေအဆင့်၊ ငွေအဆင့်၊ ကြေးအဆင့်ဟူ၍ သတ်မှတ်ထားပြီး ယခုနှစ်ဘောလုံး ရာသီတွင် ရလဒ်များ ဆက်တိုက် ကောင်းမွန်လျက်ရှိနေသည့် လေဗာ ကူဆင်အသင်းသည် ငွေအဆင့်မှ ရွှေအဆင့်သို့ သတ်မှတ်ခံခဲ့ရ ကြောင်း သိရသည်။

Ref : RT

Trs : STA

# Barcelona Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ကပ်စပါရှဒ်နှင့် စတီဖာနိုစ်တို့တက်ရောက်

**ဘာစီလိုနာ ဧပြီ ၁၉**

စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ကျင်းပနေသည့် Barcelona Open တင်းနစ်ပြိုင်ပွဲ တတိယ အဆင့်ပွဲစဉ်များအဖြစ် နော်ဝေ တင်းနစ်ကစားသမား ကပ်စပါရှဒ် က ဩစတြေးလျတင်းနစ်ကစား သမား တွမ်ဆင်နှင့် ယှဉ်ပြိုင်ကစား ခဲ့ရပြီး ဂရိတင်းနစ်ကစားသမား စတီဖာနိုစ်က စပိန်တင်းနစ်ကစား သမား ကာဘယ်လက်စ်နှင့် ယှဉ်ပြိုင် ကစားခဲ့ရသည်။

ကပ်စပါရှဒ်နှင့် တွမ်ဆင်တို့ ပွဲစဉ်တွင် ကပ်စပါရှဒ်က (၆-၁၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက် ရောက်ခဲ့ပြီး စတီဖာနိုစ်နှင့် ကာဘယ်လက်စ်တို့ပွဲစဉ်တွင် စတီ ဖာနိုစ်က(၇-၅၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကပ်စပါရှဒ်သည် ကွာတား ဖိုင်နယ်အဆင့်တွင် အီတလီ တင်းနစ်ကစားသမား အာနယ်ဒီ နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး စတီဖာနိုစ်က ကွာတားဖိုင်နယ် အဆင့်တွင် အာဂျင်တီးနားတင်းနစ် ကစားသမား ဖာကန်ဒိုနှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဗိုလ်စွဲရန်ရေပန်းစား နေသော ကစားသမားစာရင်း တွင်ပါဝင်နေသည့် ကပ်စပါရှဒ်နှင့် စတီဖာနိုစ်တို့သည် တတိယအဆင့် တွင် ချန်ပီယံလက်စွမ်းမျိုး ပြသ နိုင်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်ကို ကျော်ဖြတ်နိုင်ရန်မှာလည်း ရေပန်း စားလျက်ရှိသည်။

စတီဖာနိုစ်က "ကျွန်တော့်အတွက် ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲပါ။ အထူး သဖြင့် ပထမပွဲငယ်မှာ တော်တော် လေးခက်ခဲခဲ့ပါတယ်။ ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲကို အကောင်းဆုံးပုံစံနဲ့ ကျော်ဖြတ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူ ပါတယ်။ ကောင်းမွန်တဲ့ တင်းနစ် စွမ်းရည်တွေလဲ ပြသနိုင်ခဲ့တယ်။ ဒီစွမ်းဆောင်ရည်တွေနဲ့ နောက်ဆုံး ဗိုလ်လုပွဲစဉ်အဆင့်ထိ တက်ရောက် နိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik

Trs : AZL

# ဂျာမနီအသင်းက နည်းပြ နာဂျယ်စမန်းကို ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုကြေညာ



**ဘာလင် ဧပြီ ၁၉**

ဂျာမနီအသင်းက နည်းပြ နာဂျယ်စမန်းကို လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲထိ သက်တမ်း တိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်ဟု အတည်ပြု ကြေညာခဲ့ကြောင်း သိရသည်။

အသက် ၃၆ နှစ်ရှိ နည်းပြ နာဂျယ်စမန်းသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် မတ်လက ဘိုင်ယန် မြူးနစ်အသင်းနှင့် လမ်းခွဲခဲ့ပြီး နောက် စက်တင်ဘာလက ဂျာမနီ အသင်းနည်းပြသစ် ခန့်အပ်ခံခဲ့ရပြီး နောက် စာချုပ်သက်တမ်းမှာ လာမည့် ယူရို ၂၀၂၄ ပြိုင်ပွဲအပြီး တွင် ကုန်ဆုံးမည်ဖြစ်သည်။

နည်းပြ နာဂျယ်စမန်းသည် လာမည့်ယူရို ၂၀၂၄ ပြိုင်ပွဲအပြီး တွင် ဂျာမနီအသင်းနှင့် စာချုပ် သက်တမ်းကုန်ဆုံးလျှင် အသင်းနှင့် လမ်းခွဲပြီး အသင်းဟောင်းဘိုင်ယန် မြူးနစ်အသင်း၊ လီဗာပူးအသင်း၊ မန်ယူအသင်းတို့ကို ကိုင်တွယ်ရန် သတင်းများ ထွက်ပေါ်ခဲ့သော် လည်း ယခုအခါ ဂျာမနီအသင်း နှင့် ဆက်လက်လက်တွဲပြီး ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲထိတာဝန် ယူသွားရန်အတွက် ဆုံးဖြတ် ခဲ့ခြင်းဖြစ်သည်။

နည်းပြ နာဂျယ်စမန်းသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် အောက် တိုဘာ ၁၅ ရက်က နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် ကစားခဲ့သည့် အမေရိကန်အသင်းနှင့် ဂျာမနီ အသင်းတို့ပွဲစဉ်တွင် အသင်းကို စတင်တာဝန်ယူခဲ့ပြီး လက်ရှိတွင် ခြောက်ပွဲတာဝန်ယူခဲ့ရာတွင် သုံးပွဲ နိုင် နှစ်ပွဲရှုံး တစ်ပွဲသရေရလဒ်ရရှိ အောင် စွမ်းဆောင်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : STA

## စပိန်လာလီဂါ ပွဲစဉ် (၃၂) ပွဲကြိုသုံးသပ်ချက်များ

STA

**ရီးရဲလ်မက်ဒရစ် Vs ဘာစီလိုနာ**

**ကစားမည့်ရက်/အချိန် ၂၂-၄-၂၀၂၄ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရီးရဲလ်မက်ဒရစ် ၄ - ၁ ဘာစီလိုနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ရီးရဲလ်မက်ဒရစ်** | - | **အိမ်(သရေ)** | **ဧး(နိုင်)** | **ဧး(သရေ)** |
| **ဘာစီလိုနာ** | - | **ဧး(နိုင်)** | **ဧး(နိုင်)** | **အိမ်(ရှုံး)** |

ရီးရဲလ်မက်ဒရစ်အသင်းဟာ ချန်ပီယံဆုအတွက် ဘာစီလိုနာအသင်းကို ရမှတ်ဖြတ်တောက်ထားပေမဲ့ အိမ်ကွင်းမှာတော့အမှားခံမှာမဟုတ်ပါဘူး။ ဘာစီလိုနာအသင်းအတွက်လဲ ဒီဖလားတစ်လုံးတည်းသာ မျှော်လင့် ချက်ရှိတော့တယ်ဆိုပေမဲ့ လက်ရှိအသင်းတိုက်စစ်ပိုင်းက အားရစရာ မရှိပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးလာမဲ့ ရီးရဲလ်မက်ဒရစ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ရီးရဲလ်မက်ဒရစ် ၂ - ၁ ဘာစီလိုနာ**

**ဂီတာဖေး Vs ဆိုစီဒက်**

**ကစားမည့်ရက်/အချိန် ၂၁-၄-၂၀၂၄ (ည ၀၆း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆိုစီဒက် ၄ - ၃ ဂီတာဖေး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဂီတာဖေး** | - | **အိမ်(နိုင်)** | **အိမ်(ရှုံး)** | **ဧး(သရေ)** |
| **ဆိုစီဒက်** | - | **အိမ်(နိုင်)** | **ဧး(နိုင်)** | **အိမ်(သရေ)** |

နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ တစ်ပွဲသာအနိုင်ရရှိခဲ့တဲ့ ဂီတာဖေးအသင်း ရဲ့ခြေစွမ်းပိုင်းက ဆိုးရွားနေပါတယ်။ ဆိုစီဒက်အသင်းကတော့ ဥရောပ ဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေလို့ အဝေးကွင်းဆိုပေမဲ့ အမှားခံမှာမဟုတ်ပါဘူး။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဆိုစီဒက်အသင်းပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဂီတာဖေး ၂ - ၃ ဆိုစီဒက်**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၃၀) ပွဲကြိုသုံးသပ်ချက်

STA

**ဒေါ့မွန် Vs လေဗာကူဆင်**

**ကစားမည့်ရက်/အချိန် ၂၁-၄-၂၀၂၄ (ည ၁၀း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လေဗာကူဆင် ၁ - ၁ ဒေါ့မွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဒေါ့မွန်** | - | **ဧး(ရှုံး)** | **ဧး(နိုင်)** | **အိမ်(နိုင်)** |
| **လေဗာကူဆင်** | - | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **ဧး(သရေ)** |

ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့တဲ့ လေဗာကူဆင်အသင်းအတွက် ရမှတ်မလို အပ်တော့ပေမဲ့ ဒေါ့မွန်အသင်းကတော့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မဖြစ်မနေ ရမှတ်လိုအပ်နေပါတယ်။ လက်ရှိခြေစွမ်းပိုင်းကလဲ ဒီနှစ်သင်းကြား ကွာခြားမှုမရှိပါဘူး။ ဒါကြောင့် မဖြစ်မနေရမှတ် လိုအပ်ချက်ရှိနေတဲ့ ဒေါ့မွန်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဒေါ့မွန် ၂ - ၁ လေဗာကူဆင်**

## ပြင်သစ်လီဂူး ပွဲစဉ် (၃၀) ပွဲကြိုသုံးသပ်ချက်

STA

**ဘရက် Vs မိုနာကို**

**ကစားမည့်ရက်/အချိန် ၂၁-၄-၂၀၂၄ (ည ၀၉း၃၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မိုနာကို ၂ - ၀ ဘရက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘရက်** | - | **ဧး(နိုင်)** | **အိမ်(နိုင်)** | **ဧး(ရှုံး)** |
| **မိုနာကို** | - | **အိမ်(သရေ)** | **ဧး(နိုင်)** | **အိမ်(နိုင်)** |

အခုပွဲစဉ်မှာ အနိုင်ရရှိမဲ့အသင်းက ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အခြေအနေကောင်းသွားမှာဖြစ်လို့ အမှားခံမှာမဟုတ်ပါဘူး။ လက်ရှိ ခြေစွမ်းပိုင်းကလဲ နှစ်သင်းစလုံး ကွာခြားမှုမရှိပါဘူး။ ဒါပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာတော့ မိုနာကိုအသင်းက တိုက်စစ်ပိုင်း ပိုမို အားကောင်းနေပါတယ်။ ဒါကြောင့် တိုက်စစ်ပိုင်းပိုမိုအားကောင်းတဲ့ မိုနာကိုအသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘရက် ၂ - ၃ မိုနာကို**

# မြန်မာနှစ်သစ်တွင် ပြည်သူအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ

**မောင်သောင်းဝင်း(တမန်ဟောင်း)**

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ဦးတန်ခူးလဆန်း ၉ ရက်၊ ၂၀၂၄ ခုနှစ် ဧပြီ ၁၇ ရက် ဗုဒ္ဓဟူးနေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ပင်ဖြစ်သည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းပြီဖြစ်သည်။ အချိန်ကုန်ဆုံးမှုသည် မြန်ဆန်လွန်းလှသည်။ ပြီးခဲ့သည့်နှစ်အတွင်း လူတစ်ဦးတစ်ယောက်ချင်းစီတွင် အပြောင်းအလဲများစွာကို ကြုံတွေ့ခဲ့ကြရမည်ဖြစ်သည်။ ထိုအတွေ့အကြုံများတွင် အကောင်းနှင့်အဆိုးဒွန်တွဲနေမည်ဖြစ်သည်။ လူတိုင်း၏တူညီသောရည်မှန်းချက်သည် အောင်မြင်တိုးတက်ကြီးပွားလိုသော ဆန္ဒပင်ဖြစ်သည်။ သို့သော် အောင်မြင်မှုကို အမြဲတစေ မရရှိနိုင်ပေ။ တစ်ခါတစ်ရံ ကျရှုံးမှုနှင့်လည်း ကြုံတွေ့ရနိုင်ပေသည်။

**သတိထား ဆင်ခြင်မှသာလျှင်**

မြန်မာတို့သည် သင်္ကြန်ကာလတွင် နှစ်ဟောင်းမှ အညစ်အကြေးများ၊ မကောင်းမှုများ ပပျောက်ကင်းစင်စေရန် ရေပက်ဖျန်းကြသည်ဟု ဆိုသည်။ ရေပက်ဖျန်းရုံမျှဖြင့် အညစ်ကြေးကိုဆေးကြောနိုင်မည်မဟုတ်ချေ။ နှစ်ဟောင်းတွင် အမှောင်ဖုံး၍ လွဲမှားစွာပြုမူခဲ့သည်များ ရှိကောင်းရှိနေနိုင်ပေသည်။ နှစ်သစ်တွင် သီလ၊ သမာဓိ၊ ပညာတို့ဖြင့် မကောင်းမှုများကို ဆေးကြောသွားသင့်သည်။ တတ်နိုင်ပါက လောဘ၊ ဒေါသ၊ မောဟဆိုသည့် ကိလေသာမှန်သမျှကို သီလ၊ သမာဓိ၊ ပညာဖြင့် ဆေးကြောသန့်စင်သွားနိုင်ပါသည်။ ကြိုးစားသွားကြည့်မည်ဆိုလျှင် ထူးခြားမှုရှိပါသည်။ ပီတိသုခကို လက်တွေ့ခံစားရမည်ဖြစ်သည်။ ဆိုရလျှင် သင်္ကြန်ရုံးပိတ်ရက်များကို ဒါန၊ သီလ၊ ဘာဝနာ စသည့်မင်္ဂလာရှိသောကောင်းမှုကုသိုလ်အဝဝဖြင့် အကျိုးရှိစွာ ဖြတ်သန်းခဲ့သူများသည် မျက်နှာများကြည်လင်နေပြီး နှစ်သစ်အတွက် စိတ်သစ်၊ ခွန်အားသစ်များ ပြည့်နေမည်ဖြစ်သည်။

**မကောင်းမှုရှောင် ကောင်းမှုဆောင်**

မြန်မာနှစ်သစ်တွင် ကျန်းမာရေး၊ ဘာသာရေး၊ စာဖတ်ခြင်း၊ ငွေကြေးစုဆောင်းခြင်းနှင့် ပရဟိတလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်သွားရန် အကြံပြုသွားလိုပါသည်။ ထိုအရာများကိုသာ မပျက်မကွက် လုပ်ဆောင်နိုင်မည်ဆိုလျှင် "ကာယ၊ စိတ္တ" နှစ်ဖြာသောသုခနှင့်ပြည့်စုံနေကြမည်ဖြစ်သည်။ အထူးသဖြင့် နေ့စဉ် ကိုယ်စီတာဝန်များ ထမ်းဆောင်ကြရာတွင် "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်" လျက် စိတ်ကိုသာဖြူစင်စွာထားမည်ဆိုလျှင် တူသောအကျိုးပေးပြီး အောင်မြင်မှုများကို လက်ဝယ်ပိုင်ဆိုင်နိုင်ကြမည်ဖြစ်သည်။

ကျန်းမာရေးသည် လူတစ်ဦးအတွက် များစွာအရေးပါလျက်ရှိသည်။ ကျန်းမာရေး၏တန်ဖိုးကို မကျန်းမာသည့်အချိန်မှသာ သိရှိကြသည်။ ငွေကြေးခန မည်မျှပင်ပြည့်စုံကြွယ်ဝနေစေကာမူ ကျန်းမာရေးချို့တဲ့နေသူတစ်ဦးသည် လူသေတစ်ဦးနှင့်မခြားလှပေ။ ထို့ကြောင့် နှစ်သစ်တွင် ကျန်းမာရေးကို အထောက်အကူပြုမည့်လေ့ကျင့်ခန်းတစ်ခုခု ပြုလုပ်သွားသင့်ပေသည်။ ထိုနည်းတူစွာ ဘာသာတရားနှင့်အညီ ကျင့်ကြံနေထိုင်သူတစ်ဦးသည်လည်း အကုသိုလ်ကင်းစင်နေမည်ဖြစ်သည်။ ထို့ကြောင့် ဒါန၊ သီလ၊ ဘာဝနာတို့ကို တတ်နိုင်သမျှ အချိန်ပေးဆောင်ရွက်သွားသင့်ပေသည်။

**စာဖတ်ခြင်းသည် ဘဝကိုပြောင်းလဲစေ**

စာဖတ်ခြင်းသည် လူတစ်ဦး၏ဘဝကို များစွာတိုးတက်ပြောင်းလဲစေနိုင်သည်။ အကောင်းနှင့်အဆိုးကိုခွဲခြားနိုင်သောဉာဏ်ပညာကို ထိုစာပေမှသာ ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် တိုးတက်မှုများဆတက်ထမ်းပိုးပိုင်ဆိုင်နိုင်စေရန်အတွက် မြန်မာနှစ်သစ်တွင် သုတ၊ ရသ စာပေပေါင်းစုံကို ဖတ်ရှုသွားသင့်သည်။ ထို့ပြင် မနေငွေကြေးသည်လည်း လူတစ်ဦးအသက်ရှင်နေထိုင်ရာတွင် တစ်စိတ်တစ်ဒေသအားဖြင့် အရေးပါလျက်ရှိသည်။ ထို့ကြောင့် အိုစာ၊ နာစာအတွက် ငွေကြေးကို တတ်နိုင်သမျှ ချွေတာစုဆောင်းသွားရန် လိုအပ်သည်။ အသုံးနှင့်အဖြုန်းကို ခွဲခြားစိစစ်ပြီး အပိုအသုံးစရိတ်များကို တတ်နိုင်သမျှလျှော့ချသွားသင့်ပါသည်။

သူတစ်ပါး၏အခက်အခဲကို ငွေအား၊ လူအားဖြင့် တတ်နိုင်သမျှကူညီခြင်းကို ပရဟိတလုပ်ငန်းဟုဆိုနိုင်သည်။ မျက်မှောက်ခေတ်ကမ္ဘာကြီးတွင် လူသားတို့သည် သဘာဝဘေးအန္တရာယ်ပေါင်းစုံနှင့်ကြုံတွေ့ခံစားနေကြရသည်။ ထိုသို့သော အခြေအနေမျိုးတွင် ပရဟိတအသင်းအဖွဲ့များသည် ငွေကြေးချို့တဲ့သူများနှင့်ဘေးအန္တရာယ်သင့်ပြည်သူများအတွက် များစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် နှစ်သစ်တွင် ပရဟိတလုပ်ငန်းများကို တတ်နိုင်သမျှ ဆောင်ရွက်သွားသင့်ပေသည်။

**မေတ္တာအရင်းခံဖြင့်သာ**

အမှန်စင်စစ်မှာမူ မေတ္တာတရားသည် အရာအားလုံးကို လွှမ်းမိုးနိုင်စွမ်းရှိသည်။ ထို့ကြောင့် နှစ်သစ်တွင် လူတစ်ဦးနှင့်တစ်ဦး၊ ဘာသာတစ်ခုနှင့်တစ်ခု၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံကြား မေတ္တာထားကြရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် အချင်းချင်းအမြင်လွဲမှားနေမှုများ၊ ပဋိပက္ခများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ လူအချင်းချင်း ဆင်းရဲ၊ ချမ်းသာ၊ ပညာတတ်၊ ပညာမဲ့၊ ရာထူးကြီး၊ ငယ်၊ ဇာတ်နိမ့်၊ ဇာတ်မြင့် မခွဲခြားဘဲ မေတ္တာအရင်းခံဖြင့်သာ ဆက်ဆံသွားမည်ဆိုလျှင် အေးချမ်းသော လူ့အသိုက်အဝန်းကြီးကို ဧကန်မုချတည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့ကမ္ဘာကြီးသည် ထာဝစဉ် အေးချမ်းသာယာနေမည်ဖြစ်သည်။

လူတိုင်း နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက်ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ အခြေခံအားဖြင့် ကျွန်ုပ်တို့၏စိတ်ဓာတ်များကို ပြင်ဆင်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် နေ့စဉ် စားဝတ်နေရေးအတွက် လုပ်ကိုင်ရှာဖွေစုဆောင်းကြရာတွင် စိတ်ကောင်းရှိရန်လိုသည်။ အရာရာတွင် ကိုယ်ချင်းစာတရားလက်ကိုင်ထားကြမည်ဆိုလျှင် အေးချမ်းသောလူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။

**❖ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်ပေါင်းစုံ၌ အောင်မြင်မှုများပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်သည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ်ဖြစ်ပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနှစ်သစ်တွင် ကျွန်ုပ်တို့၏ ကိုယ်စီဘဝများ တိုးတက်အောင်မြင်ရေးအပြင် မိသားစု၊ လူမှုအဖွဲ့အစည်းနှင့် တိုင်းပြည်အကျိုးကိုပါ သယ်ပိုးနိုင်ရေးအတွက် ဖြူစင်ဖြူမှုတရားကိုလက်ကိုင်ထားလျက် ပြုမူကျင့်ကြံနေထိုင်သွားရန် အထူးလိုအပ်ပေသည်။ ❖**

နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်ပေါင်းစုံ၌ အောင်မြင်မှုများပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်သည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ်ဖြစ်ပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနှစ်သစ်တွင် ကျွန်ုပ်တို့၏ ကိုယ်စီဘဝများ တိုးတက်အောင်မြင်ရေးအပြင် မိသားစု၊ လူမှုအဖွဲ့အစည်းနှင့် တိုင်းပြည်အကျိုးကိုပါ သယ်ပိုးနိုင်ရေးအတွက် ဖြူစင်ဖြူမှုတရားကိုလက်ကိုင်ထားလျက် ပြုမူကျင့်ကြံနေထိုင်သွားရန် အထူးလိုအပ်ပေသည်။

**မြန်မာနှစ်သစ်တွင် ပြည်သူအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ**

ဆိုရလျှင် မဲလိမ်မှုကိုအကြောင်းပြု၍ ပေါ်ပေါက်လာသော CRPH ၊ NUG နှင့် PDF အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် နိုင်ငံတစ်ဝန်း၌ စာသင်ကျောင်းများနှင့်ဆေးရုံများအပါအဝင် လမ်း၊ တံတားများ၊ ရုံးဌာနအဆောက်အအုံများ စသည့်အခြေခံအဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ PDF အကြမ်းဖက်သမားများသည် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ဒလန်ဟုစွပ်စွဲကာ လူမဆန်စွာအကြောင်းမဲ့သတ်ဖြတ်လျက်ရှိကြသည်။

အချို့သော EAO အဖွဲ့များသည် PDF များကို အကြမ်းဖက်သင်တန်းများပို့ချပေးခြင်း၊ လက်နက်၊ ခဲယမ်းများ ပံ့ပိုးပေးခြင်းဖြင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် အားပေးကူညီခဲ့ကြသည်။ အကြမ်းဖက်လုပ်ရပ်ထောက်ခံသည့် အချို့သောပြည်ပနိုင်ငံများကလည်း တရားမဝင်ငွေကြေးအကူအညီများ ပေးခဲ့ကြသည်။ လူမိုက်အားပေးလုပ်ဆောင်နေခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီစံနှုန်းနှင့် မကိုက်ညီသော ဒီမိုကရေစီနိုင်ငံကြီးများ၏အပြုအမူပင်ဖြစ်သည်။

ထို့ပြင် MNDAA၊ TNLA၊ AAနှင့် KIA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များသည် တပ်မတော်က စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ရပ်ဆိုင်းထားသည်ကို အခွင့်ကောင်းယူကာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့်ကချင်ပြည်နယ်တို့ရှိ တပ်မတော်လုံခြုံရေးစခန်းများ၊ တပ်ရင်းဌာနချုပ်များ၊ ရဲကင်းစခန်းများကို အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ကာ အမြတ်ထုတ်အသုံးချခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးအတွက် တံခါးဖွင့်ထားသော်လည်း အချို့သော EAO များသည် လက်နက်စွဲကိုင်ရသည့်အရသာကို မစွန့်လွှတ်နိုင်ကြပေ။ အကျိုးဆက်အနေဖြင့် ဒေသခံပြည်သူများသည် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်နေခဲ့ရသည်။ သောင်းကျန်းသူများအနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေမည်ဆိုလျှင် ဒေသဖွံ့ဖြိုးရေးနှင့်ကုန်ထုတ်လုပ်ငန်းများကို ပုံမှန်လည်ပတ်နိုင်ခြင်းမရှိသဖြင့် ဒေသခံပြည်သူများနှင့် တိုင်းပြည်သာ ထိခိုက်နစ်နာစေမည်ဖြစ်သည်။

စင်စစ်အားဖြင့် နိုင်ငံတော်ကာကွယ်ရေးသည် ထိုနိုင်ငံတွင်မှီတင်းနေထိုင်လျက်ရှိသည့် အရွယ်ရောက်သူတိုင်း၌ တာဝန်ရှိပေသည်။ တိုင်းပြည်အချုပ်အခြာအာဏာ ထိပါးစေမည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများကို အမြစ်ပြတ်ချေမှုန်းရေးအတွက် ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးသွားရန် လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်ကာ ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်ကြောင်း ကြေညာခဲ့သည်။

ယခုဆိုလျှင် မြန်မာနှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်ရှိလာပြီဖြစ်သည်။ နိုင်ငံသားတိုင်းသည် နှစ်သစ်တွင် လူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက် အချိန်ကို အကျိုးရှိစွာအသုံးချသွားရန်လိုသည်။ အချိန်တိုင်း စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေသူတစ်ဦးသည် မအောင်မြင်စရာအကြောင်းမရှိချေ။ ထိုသို့ အချိန်ကိုတန်ဖိုးထားသည့်ပြည်သူများ မှီတင်းနေထိုင်သော ပြည်ထောင်စုကြီးသည် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကို ထာဝစဉ်ခိုင်မြဲစွာ ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ အထူးသဖြင့် မြန်မာနှစ်သစ်တွင် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းကာ ပြည်သူအားလုံး ဘေးဘယာဝေးကွာ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး ရွှင်လန်းချမ်းမြေ့သောဘဝကို ပိုင်ဆိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# More than US$8 billion earnings secured from export of finished industrial products in 2023-24 FY



Export containers being loaded onto a vessel at Yangon port.

**Nay Pyi Taw April 19**

Myanmar earned more than US$8 billion from export of finished industrial products to foreign trade partner countries in 2023-24 financial year, said Daw Cho Thet Mu, deputy director of Trade Policy Branch of Trade Department under the Ministry of Commerce.

The State-owned sector bagged more than US$3 billion and the private sector, more than US$5 billion in export of finished industrial goods during the period.

"Myanmar could earn more than US$14.6 billion from export of products from seven sectors such as agriculture, animal, fishery, minerals, forest, finished industrial and other products. Of them, finished industrial products stood first with the largest amount of US$8 billion. Primarily, CMP garment products were exported," she explained.

Among the export products, CMP garment products stood first, followed by natural gas whereas oil products take the first position in import with textile and clothes in the second position.

Myanmar primarily exports garment products, sugar and jewellery ornaments to the foreign countries. ASH

# UK sanctions Iran's leading military figures, entities

**London April 19**

The United Kingdom (UK) on Thursday announced sanctions on a further seven individuals and six entities who it said "enabled Iran to conduct destabilizing regional activity, including its direct attack on Israel."

Prime Minister Rishi Sunak said the UK has sanctioned the ringleaders of the Iranian military and forces responsible for the April 14 attack. Iran said the attack was in retaliation for Israel's strike on Iran's consulate building in Damascus, Syria, on April 1.

The sanctioned individuals and entities are subjected to asset freeze, with a concurrent imposition of a travel ban targeting the individuals under sanction.

This adds to the 400-plus sanctions already imposed on Iran, the UK government said in a statement. Previous sanctions include the Islamic Revolutionary Guard Corps (IRGC) in its entirety and many of those allegedly responsible for the attack on Israel.

Xinhua

# Authorities plan to issue 450 official business registrations for small business growth in 2024-2025 FY

**Mandalay April 19**

The 450 legal registrations would be issued in the 2024-2025 FY for the development of small business in Mandalay Region, said U Win Bo, director of the Small Scale Industries Department for Mandalay Region.

The department will also issue registration for the ministerial entrepreneurs who came to apply for the sale and produce of legal products.

"We will connect with foreign organizations to penetrate not only the domestic market, but also provide loans, and exchange technologies to penetrate the market. In order to ensure that, the department will provide training and laboratory testing of relevant products so that they can produce health-friendly products that does not pose a risk to consumers," he said.

The types of business that will be registered for this partner service are food-related business, clothing business, construction business, consumer products business, home appliances business, printing business, raw materials processing business, mineral processing industry, agricultural equipment manufacturing business, equipment manufacturing industry, manufacturing business of transportation vehicles, electrical equipment manufacturing industry and general small scale industry business.

185



A weaving business in operation.

# Chinese envoy urges supporting Palestinians' aspirations for statehood, independence

**New York April 19**

Fu Cong, China's permanent representative to the United Nations, said on Thursday that the international community must no longer overlook the long-standing aspiration of the Palestinian people for independence and statehood, nor should it perpetuate the historical injustices they have suffered.

During the UN Security Council's high-level open debate on the Palestinian-Israeli issue, Fu highlighted the critical need for a resolute commitment to revitalizing the two-state solution.

"The two-state solution must be revitalized with strong determination. The fundamental way out for the Middle East question lies in the implementation of the two-state solution, so that both Palestinians and Israelis can realize common security and both the Arab and Jewish peoples can achieve common development," said Fu.

"The current round of conflict is an extremely tragic warning to the international community that it can no longer evade the aspiration of the Palestinian people for independence and statehood or perpetuate the historical injustice inflicted upon the Palestinian people," he added.

Xinhua



Fu Cong (C, front), China's permanent representative to the United Nations, speaks at the UN Security Council's high-level open debate on the Palestinian-Israeli issue at the UN headquarters in New York, on April 18, 2024.

# Tomatoes from the areas along the Mu River receive high demand in Mandalay

**Mandalay April 19**

Tomatoes coming from the areas along the Mu River are received high demand in the Thiri Marlar Green Wholesale Market in Aungmyethazan District in Mandalay, according to the tomato stalls in the market.

These tomatoes (originally from Taiwan) are coming from the areas along Mu River, and 10 to 12 6-wheeled vehicles regularly enter the Thiri Marlar Green Market in Mandalay. The price of tomatoes from the Mu River is 600 to 700 kyats per viss, and the business is good, said U Aung Moe Naing, the owner of the Aung wholesale center in Mandalay.

These tomatoes are now entering the Mandalay market every day, getting good prices and doing good business. At present, tomatoes produced from the areas along the Mu River such as Myinmu and Madaya are being sold with good deals. The remaining crops such as cauliflower, cabbage, potatoes, mustard and turnips have good sales. 185

# Htikhee, Muse, and Myawady border trade stations lead border trade in 2023-2024 FY


Photo shows an aerial view of a border trade station.

**Nay Pyi Taw April 19**

Among Myanmar's border trade stations, the largest amount of trade was carried out by Htikhee, Muse and Myawady border trade stations from April to March in 2023-2024 FY, according to the Ministry of Commerce.

Myanmar has opened border trade stations and border trade zones with neighboring countries.

In the 2023-2024 FY, the trade volume of the Htikhee border trade station in the Myanmar-Thailand border area was US$2,694.489 million, which was the largest amount among border trade stations. By doing so, the export amount was US$2,498.935 million and import amount was US$195.554 million, achieving a trade surplus of US$2,303.381 million.

The Muse border trade station in the Myanmar-China border region was able to achieve the second highest trade volume in this fiscal year with a trade volume of US$2,055.861 million, followed by the Myawady border trade station in the Myanmar-Thailand border area with US$1,147.231 million. There is no border trade activity at the Kenglat border trade station in the border region of Myanmar and Laos in 2023-2024 FY.

336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# More than 20,000 acres of groundnut harvested in Indaw Township

**Indaw April 19**

A total of 23,850 acres of winter groundnut has been harvested in Indaw Township of Katha District in Sagaing Region, according to Indaw Township Agriculture Department.

Harvesting of groundnut started in February. So far, local farmers have harvested 23,850 acres of groundnut in the township, yielding 70.50 baskets per acre.

"We are making preparations for expanding of sown acreage of groundnut in Indaw Township. Local farmers mostly grow groundnut in winter more than monsoon. In this regard, one acre of cropland needs one and a half baskets of quality groundnut seeds, and they cost more than K200,000 per acre including labour charge, fertilizer and pesticides," said U Thein Khaing, Head of Indaw Agriculture Department.

In 2023-24 financial year, local farmers cultivated 23,850 acres of groundnut exceeding the target of 12,822 acres of groundnut, starting cultivation from October 2023.

Staff members of Township Agriculture Department help local farmers grow winter groundnut for thriving, prevent pesticide and clear weeds.

206


Workers harvesting groundnuts in a field.

# Mandalay Region farmers cultivate over 43,000 acres of summer sesame

**Mandalay April 19**

More than 43,000 acres of summer sesame have been planted in 8 districts in Mandalay Region during this year's summer crop planting season, said U Toe Min, head of the Department of Agriculture for Mandalay Region.

In these districts, more than 64,600 acres of summer sesame were earmarked to be planted in the summer crop season. The summer sesame planting started in March, and until today, more than 43,000 acres of summer sesame planting have been completed. The remaining acres are still being cultivated.

"Summer sesame is grown with the most irrigation water. In some places, it is cultivated with water obtained from wells and electric pumps," he explained.

The acres of the summer sesame that will be cultivated by the district are as per following: 4,396 acres in Aungmyethazan District, 5,008 acres in Amarapura District, 25 acres in Thabeikkyin District, 42,770 acres in Kyaukse District, 1,512 acres in TadaU District, 5,000 acres in Meiktila District, 3,933 acres in Myingyan District, and 2,010 acres in NyaungU District.

185


A summer sesame plantation.

# YeU District completes cultivation of more than 15,000 acres of pre-monsoon green gram

**YeU April 19**

The statistics of YeU District Agriculture Department showed that a total of 15,030 acres of pre-monsoon green gram as summer crop this year.

The district started cultivation of 15,030 acres of pre-monsoon green gram in February this year, exceeding the target of 14,750 acres in 2023-24 summer.

"So far, more than 15,000 acres of green gram has been cultivated in YeU District. Our department educates local farmers how to expand sown acreage of green gram and use quality strains of crops for boosting pre-acre yield," said U Zaw Myint Tun, Head of YeU District Agriculture Department.

In YeU District, Taze Township cultivated 2,301 acres of green gram and Dabayin Township 12,729 acres. As summer crop, YeU Township earmarked cultivation of 2,529 acres of green gram, Taze Township 1,784 acres and Dabayin Township 10,437 acres, totalling 14,750 acres.

Staff of agricultural departments in relevant townships of YeU District help local farmers use quality strains of crops, systematic agricultural techniques and prevent pests.

206

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အမေရိကန် မရိန်းတပ်ဖွဲ့က Teledyne FLIR ကုမ္ပဏီထံမှ Loitering Munitions များကို မှာယူ



အမေရိကန်မရိန်းတပ်ဖွဲ့သည် အမေရိကန်နိုင်ငံအခြေစိုက် Teledyne FLIR ကုမ္ပဏီထံမှ Organic Precision Fires-Light (OPF-L) ပရိုဂရမ်အတွက် Loitering Munitions များ မှာယူခဲ့ကြောင်း Defense Post သတင်းဌာနက ဧပြီ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ခေတ်သစ် ခြေလျင်ရိုင်ဖယ်တပ်စုအား မမျှော်မှန်းနိုင်သော ခြိမ်းခြောက်မှုများမှ ကာကွယ်နိုင်ရေး၊ အလွယ်တကူဖြန့်ကြက်အသုံးပြုနိုင်မည့် လက်နက်စနစ်တစ်ခုအဖြစ် အသုံးပြုရေးအတွက် Loitering Munitions များကို ကုမ္ပဏီထံမှ မှာယူခဲ့ခြင်းဖြစ်ပြီး အမှာစာပေးပို့ထားမှုအရ Loitering Munitions တိုက်ခိုက်ရေးဒရုန်းလက်နက်စနစ် ၁၂၇ စုံကို မရိန်းတပ်ဖွဲ့က လက်ခံရရှိသွားမည်ဖြစ်ကြောင်း သိရသည်။

Loitering Munitions တိုက်ခိုက်ရေးဒရုန်း၏ စွမ်းဆောင်ရည်များနှင့် ပတ်သက်၍ စစ်ဆေးနိုင်ရန် ပထမဆုံးအသုတ်ကို လာမည့်နွေရာသီတွင် အကဲဖြတ်ဆန်းစစ်ချက်များ လုပ်ဆောင်နိုင်ရန် ပေးပို့သွားမည်ဖြစ်သည်။

စာချုပ်သက်တမ်းကို ငါးနှစ်သတ်မှတ်ပေးထားပြီး လိုအပ်လာလျှင် နောက်ထပ်သုံးနှစ်ထိ ထပ်မံသက်တမ်းတိုး၍ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

"ကျွန်တော်တို့အဆိုပြုထားတဲ့ OPF-L စီမံကိန်းဟာ လက်ရှိခေတ်သစ်စစ်မြေပြင်အခြေအနေတွေကိုရင်ဆိုင်နိုင်ဖို့၊ တပ်ဖွဲ့ငယ်ပင်ဖြစ်လင့်ကစား ပစ်မှတ်ကြီးတွေကို အဖျက်စွမ်းအားပြင်းပြင်းနဲ့ ပြောင်းလွယ်ပြင်လွယ်ရှိစွာ တုံ့ပြန်တိုက်ပွဲဝင်နိုင်ဖို့ စွမ်းဆောင်နိုင်စေမှာဖြစ်ပါတယ်"ဟု Teledyne FLIR မှ ကာကွယ်ရေးကုမ္ပဏီအမှုဆောင်အရာရှိ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ Jih Fen Lei က ပြောကြားခဲ့သည်။

အဆင့်မြင့်နည်းပညာသုံး Loitering Munitions တိုက်ခိုက်ရေးဒရုန်းများဖြင့် တပ်ဖွဲ့၏ ကာကွယ်ရေးစွမ်းအားများ မြှင့်တင်နိုင်ရန် မရိန်းတပ်ဖွဲ့နှင့်အတူ အနီးကပ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

တိကျတိုက်စွမ်းအားများ ရရှိစေရန် ရည်ရွယ်၍ Organic Precision Fires-Lightဟုအမည်ပေးကာ အကောင်အထည်ဖော်လုပ်ဆောင်သည့် OPF-L စီမံကိန်းတစ်ရပ်ကို ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် စတင်ခဲ့ပြီး မြေပြင်ထိန်းချုပ်ရေးစနစ်၊ ဘက်ထရီ၊ လေ့ကျင့်၊ သင်တန်းပေးရေးစနစ်၊ ဆက်စပ်ပစ္စည်းများ၊ စမ်းသပ်မှုများအတွက် အထောက်အပံ့ပစ္စည်းများ ပါဝင်သည့် လူတစ်ကိုယ် အလွယ်တကူထုပ်ပိုး၊ သယ်ဆောင်နိုင်သောစနစ်ဖွဲ့စည်းပုံအစုံအလင် ပါဝင်မည်ဖြစ်ကြောင်း စီမံကိန်းဆိုင်ရာစွမ်းဆောင်ရည်များ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ပြင် အင်ဂျင်နီယာလုပ်ငန်းများ၊ အရည်အသွေးအာမခံချက်၊ စီမံကိန်းစီမံခန့်ခွဲမှု၊ အုပ်ချုပ်ထောက်ပံ့ရေးတို့အတွက်လည်း ပါဝင်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံသည် မရိန်းတပ်ဖွဲ့များအတွက် လေကြောင်းမှပစ်လွှတ်သော နောက်ဆုံးပေါ် Loitering Munition တိုက်ခိုက်ရေးဒရုန်းများတီထွင်ရန် စက်မှုလုပ်ငန်း၊ လုပ်ဖော်ကိုင်ဖက်များကိုရွေးချယ်တာဝန်ပေးအပ်နိုင်ရန်အတွက် ဈေးကွက်ပိုင်းဆိုင်ရာသုတေသနကို ၂၀၂၃ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့သည်။ အကျိုးအားဖြင့် Hellfire ဝေဟင်မှမြေပြင်ပစ်တိကျပဲ့ထိန်းဒုံးများ အပါအဝင် တပ်ဖွဲ့တွင် လက်ရှိအသုံးပြုလျက်ရှိသော ဝေဟင်ပစ်လက်နက်စနစ်များနှင့်ပတ်သက်၍ လှုပ်ရှားစစ်ကစားနိုင်မှုနှင့် အကွာအဝေးစွမ်းဆောင်ရည် ပိုမိုမြင့်မားလာနိုင်ဖွယ်ရှိကြောင်း မျှော်မှန်းထားကြသည်။

**US Marines Order Loitering Munitions From Teledyne FLIR ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေး၏ ခုခံကာကွယ်ရေးစရိတ်သည် အီရန်၏တိုက်ခိုက်ရေးစရိတ်ထက် ခုနစ်ဆ ပိုများ

အစ္စရေး၏ ခုခံကာကွယ်ရေးစရိတ်သည် အီရန်၏ တိုက်ခိုက်ရေးစရိတ်ထက် ခုနစ်ဆပိုများနေကြောင်း Army Recognition သတင်းဌာနက ဧပြီ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အစ္စရေးသည် အီရန်၏ဒုံးကျည်များနှင့် ဒရုန်းများအများအပြားကို တန်ပြန်ရန် တိုက်ပွဲဝင်အသင့်ရှိနေသော်လည်း ကာကွယ် ရေးအတွက် အသုံးပြုခဲ့ရသည့် တန်ဖိုးမှာ ကြီးမားလှသည်။ မဟာမိတ်များ အထူးသဖြင့် အမေရိကန်နိုင်ငံ၏ ပံ့ပိုးကူညီမှုသည် ကြားဖြတ်တားဆီးရေးကြိုးပမ်းမှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။သို့သော်လည်း နီဗာတီ(မ်) လေတပ်စခန်းတွင် ပျက်စီးမှုများသည် လေကြောင်းရန်ကာကွယ်ရေးစနစ်များအပေါ် ခြိမ်းခြောက်လာသည့် အလားအလာကို မီးမောင်းထိုးပြလျက်ရှိကြောင်း သိရသည်။

အစ္စရေး၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် လုံလောက်သောလုံခြုံရေးကို ပေးစွမ်းနိုင်ခဲ့သော်လည်း ကာကွယ်ရေးကုန်ကျစရိတ်သည် တိုက်ခိုက်မှုကုန်ကျစရိတ်နှင့် နှိုင်းယှဉ်ပါက သိသာထင်ရှားစွာမြင့်မားခဲ့ပြီး ခန့်မှန်းတွက်ချက်မှုများအရ အီရန်သည် တိုက်ခိုက်ရေးတွင် အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၁၅ သန်း ခန့်သုံးစွဲခဲ့သည်။ အီရန်တိုက်ခိုက်ရေးစရိတ်ထဲတွင် Shahed ဒရုန်းအစင်း ၁၇၀၊ တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀၀ ခန့်၊ ခရုဇ်ဒုံးကျည်အစင်း ၃၀၊ တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းနှင့် ပဲ့ထိန်းဒုံးကျည် အစင်း ၁၂၀၊ တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်း ခန့်ကုန်ကျခဲ့သည်ဟု ခန့်မှန်းတွက်ချက်ထားကြသည်။ သို့သော်လည်း အီရန်မှ ပစ်လွှတ်သော ဒရုန်းများနှင့် ဒုံးကျည်များကို တန်ပြန်ရန် အစ္စရေး၊ အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်နှင့် ဂျော်ဒန်တို့က သုံးစွဲခဲ့သည့် အမေရိကန်ဒေါ်လာ ၃၄၅ သန်းရှိသဖြင့် ခုနစ်ဆကျော် ပိုမိုမြင့်မားနေကြောင်း သိရသည်။

အစ္စရေးနိုင်ငံပိုင်မီဒီယာများက ကြားဖြတ်ပစ်ချရန် အသုံးပြုရသည့် ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၅ ဘီလီယံထိရှိလာနိုင်ကြောင်း ခန့်မှန်းထားပြီး ကြားဖြတ်ပစ်ချနိုင်ခြင်းမရှိဘဲ ပျက်စီးသွားသောအရေအတွက်များ မပါဝင်သေးကြောင်း ရေးသားဖော်ပြခဲ့သည်။ ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်များ၏ လက်နက်စနစ် တိုက်ပွဲဝင်လုပ်ဆောင်မှုကုန်ကျစရိတ်မှာလည်း သိသိသာသာ မြင့်မားလွန်းလှသည်။

အီရန်ဒရုန်းများနှင့် ဒုံးကျည်များကို ကြားဖြတ်ဟန့်တားရာတွင် အသုံးပြုသည့် ဒုံးကျည်များ၏ ကုန်ကျစရိတ်မှာ ကွာခြားမှုများရှိနေသည်။ အဆိုပါ တွက်ချက်မှုများတွင် ဒုံးကျည်များ၏ ၉၉ ရာခိုင်နှုန်း ပျက်စီးသွားသော်လည်း ထိုသို့သော တိုက်ခိုက်မှုအတွက် ကုန်ကျစရိတ်မှာမူ အလွန်မြင့်မားနေသည်။ Patriot စနစ်တစ်ခုသည် ပဲ့ထိန်းဒုံးကျည်တစ်စင်းကို အလွယ်တကူကြားဖြတ်နိုင်ရန် နည်းပညာပိုင်းအရ လုံလုံလောက်လောက် အဆင့်မြှင့်ထားသော်လည်း ဒုံးကျည်၏ကုန်ကျစရိတ်သည် ပျမ်းမျှအားဖြင့် ရန်သူ့ပဲ့ထိန်းဒုံးကျည်ထက် အဆ ၄၀ ပိုများနေကြောင်း သိရသည်။

အစ္စရေးအား အီရန်ဘက်မှ စီစဉ်သည့် ကြီးမားသော တိုက်ခိုက်မှုသည် လေကြောင်းရန်ကာကွယ်ရေးစနစ်များ၏ တိုက်ပွဲလုပ်ငန်းစနစ်အပေါ် သိသိသာသာ သက်ရောက်မှုရှိသည်။ ဒုံးကျည်အမြောက်အမြားကို တစ်ချိန်တည်းတွင် တပ်ဖြန့်ပစ်လွှတ်တိုက်ခိုက်ခြင်းဖြင့် အဆင့်မြင့်ဆုံးရန်သူ့ခံစစ်စွမ်းရည်များကို လွှမ်းမိုးထားရန်၊ အနည်းဆုံးပမာဏဖြင့် ဖြစ်လင့်ကစား ရန်သူ့ပစ်မှတ်များဆီထိ ရောက်ရှိတိုက်ခိုက်နိုင်စွမ်းကို မြှင့်တင်နိုင်ရန် ရည်ရွယ်လုပ်ဆောင်လာခြင်းဖြစ်သည်မှာ ထင်ရှားသည်။ ဤသို့ တိုက်ခိုက်ရေးနည်းဗျူဟာသည် Iron Dome၊ David's Sling နှင့် Arrow လက်နက်စနစ်များကဲ့သို့ လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များ၏ လျင်မြန်သောတုံ့ပြန်နိုင်စွမ်းကို စမ်းသပ်ရုံသာမက ၎င်းတို့၏ ခံနိုင်ရည်နှင့် ပစ်မှတ်အရေအတွက် အများအပြားကို တစ်ပြိုင်နက်တည်း ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းကိုလည်း စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အစ္စရေးနိုင်ငံလေကြောင်းရန်ကာကွယ်ရေးကွန်ရက်များ၏ ကြံ့ခိုင်မှုနှင့် ထိရောက်မှုတို့သည် ထိုသို့သောတိုက်ခိုက်မှုများကို ရင်ဆိုင်ရာတွင် အရေးကြီးသည်။ ၎င်းတို့၏ အလွှာပေါင်းစုံကာကွယ်ရေးစနစ်ဖွဲ့စည်းပုံသည် ကွဲပြားသောအမြင့်နှင့် အမြန်နှုန်းများတွင် ခြိမ်းခြောက်မှုအမျိုးအစားအမျိုးမျိုးကိုတန်ပြန်ရန် အထူးရည်ရွယ်ထားပြီး လုံခြုံရေးအတွက် ပိုမိုစိတ်ချရစေသည်။ သို့ရာတွင် ဒုံးကျည်များစွာဖြင့် ဆက်တိုက်ဆိုသလို အစုလိုက်အပြုံလိုက်ခြိမ်းခြောက်မှုသည် အမြဲတမ်းဆိုလျှင် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး အရေအတွက်မြင့်မားသော တိုက်ခိုက်မှုအခြေအနေများအောက်တွင် ပစ်မှတ်များစွာကို ထောက်လှမ်းခြင်း၊ ခြေရာခံခြင်းနှင့် ကြားဖြတ်ပစ်ချခြင်းတို့ကို အရှိန်မြင့်လုပ်ဆောင်နိုင်ရန်မှာ ကာကွယ်ရေးနည်းပညာများနှင့် မဟာဗျူဟာများကို အဆက်မပြတ် အပ်ဒိတ်လုပ်ရန် လိုအပ်လာသည်။ဤသည်ကို နီဗာတီ(မ်) (Nevatim)လေတပ်စခန်းပျက်စီးမှုများက သက်သေပြနေသည်။

**Israel's defense cost at least 7 times more than Iranian attack ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲ ၁၆၁၉၄ ဧက ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲ ၁၆၁၉၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၆၁၉၄ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၇ တင်းထွက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ မတ်ပဲ ၁၆၁၉၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အခုလက်ရှိ မတ်ပဲစိုက်ခင်းဧကအားလုံး ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်အတွင်း မြို့နယ်အလိုက် မတ်ပဲရိတ်သိမ်းပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၆၇၄ ဧက၊ မြင်းမူမြို့နယ်တွင် ၁၉၈၃ ဧက၊ မြောင်မြို့နယ်တွင် ၁၂၅၃၇ ဧက စုစုပေါင်း ၁၆၁၉၄ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် မတ်ပဲစိုက်တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်စေရန်၊ ပိုးမွှားရောဂါ ကင်းရှင်းစေရန်အတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ရိတ်သိမ်းချိန်ထိ တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

# ကျုံပျော်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၇၅၉၈ ဧက စိုက်ပျိုးပြီးစီး

**ကျုံပျော် မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၇၅၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၇၂၉၆ ဧက စိုက်ပျိုးရန်လျာထားပြီး ဇန်နဝါရီလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၆၇၅၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါနွေစပါးများ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါး ၆၇၂၉၆ ဧက လျာထား စိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ စပါး ၆၇၅၉၈ ဧက စိုက်ပျိုးပြီးစီးပါပြီ။ အခုနှစ် နွေစပါးကို လျာထားချက်ထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးတွေ အခက်အခဲမရှိ လျာထားချက်အတိုင်း အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့အတွက် မိုးစပါးတွေ ပြန်လည်ရိတ်သိမ်းပြီးချိန်ကစတင်ပြီးတော့ ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ပေးထားပါတယ်။ ရေရရှိဖို့အတွက်ရေမြောင်းတွေ ပြန်လည်တူးဖော်တဲ့လုပ်ငန်းတွေကိုလဲ တောင်သူတွေနဲ့ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒါ့ပြင် ဓာတ်မြေဩဇာနဲ့ အခြားလိုအပ်တာတွေကိုလဲ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။



ထိုသို့ စိုက်ပျိုးပြီးစီးသွားပြီဖြစ်သော နွေစပါး ၆၇၅၉၈ ဧကထဲတွင် ရက် ၉၀၊ သီးထပ်ရင်၊ နှစ်လခွဲစသည့် စပါးအမျိုးအစားများ အများဆုံး စိုက်ပျိုးထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တာချီလိတ်မြို့နယ် ဝမ်ဝိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**တာချီလိတ် မေ ၁၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဝိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့သင်းက ဝမ်ဝိန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ဝမ်ဝိန်းကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဝမ်ဝိန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း Type-2 ရန်ပုံငွေကျပ် သိန်း ၂၀၀ ဖြင့် စီမံကိန်းနှင့် အကျုံးဝင်သည့်လုပ်ငန်းများတွင် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၉-၄-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **ဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၀၁၀ |

**(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ၂၀၂၄ ခုနှစ် ပါကစ္စတန်နိုင်ငံ အထွေထွေရွေးကောက်ပွဲ

မယ်ငီး

**နိဒါန်း**

ပါကစ္စတန်နိုင်ငံတွင် ဝန်ကြီးချုပ်ဟောင်း Shehbaz Sharif ဦးဆောင်သော အစိုးရအဖွဲ့သည် သက်တမ်းမကုန်ဆုံးမီ ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်၌ လွှတ်တော်ဖျက်သိမ်းခဲ့ပြီးနောက် Baluchistan Awami Party(BAP)ပါတီမှ အထက်လွှတ်တော်အမတ် Anwarul Haq Kakar ဦးဆောင်သော



ဝဲမှယာ - ဝန်ကြီးချုပ်ဟောင်းများဖြစ်သည့် Imran Khan ၊ Shehbaz Sharif နှင့် Nawaz Sharif (ဓာတ်ပုံ - Reuters)

အိမ်စောင့်အစိုးရသည် နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့သည်။

ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း နိုင်ငံရေးမတည်ငြိမ်မှုများ၊ ပဋိပက္ခများပေါ်ပေါက်ခဲ့ပြီး ပါကစ္စတန်နိုင်ငံတစ်ဝန်းဖိအားမျိုးစုံဖြင့် ရင်ဆိုင်ခဲ့ရသည်။တာဝန်အရှိဆုံးအဖွဲ့အစည်းဖြစ်သည့် အစိုးရအဖွဲ့အနေဖြင့် ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ပေါ်တွင် ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် ဆောင်ရွက်နိုင်စွမ်းမရှိတော့ဘဲ လူမှုစီးပွားဘဝကွာခြားမှုများ အလွန်အမင်းကြီးထွားလာခဲ့ရသည်။ ထိုကဲ့သို့သော နိုင်ငံတစ်ဝန်းအကြမ်းဖက်လှုပ်ရှားမှုများဖြင့် ကြုံတွေ့နေရသည့် ပါကစ္စတန်နိုင်ငံတွင် ငါးနှစ်ကြာသက်တမ်းရှိသည့် အစိုးရသစ်တစ်ရပ်ကို ဖွဲ့စည်းပေးနိုင်မည့် အထွေထွေရွေးကောက်ပွဲကြီးကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

**၂၀၁၈ ခုနှစ်ရွေးကောက်ပွဲမှသည် ၂၀၂၄ ခုနှစ်ရွေးကောက်ပွဲဆီသို့**

၂၀၁၈ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၁ ကြိမ်မြောက်အထွေထွေရွေးကောက်ပွဲ၌ နာမည်ကျော်နိုင်ငံ့လက်ရွေးစင် ခရစ်ကက်ကစားသမားဟောင်း Imran Khan ၏ Pakistan Tehreek-e-Insaf (PTI)က ကိုယ်စားလှယ်နေရာ ၁၅၆ နေရာဖြင့် အများဆုံးအနိုင်ရရှိခဲ့ပြီး ညွန့်ပေါင်းအစိုးရဖွဲ့နိုင်ခဲ့သည်။ ယင်းနောက် ၂၀၁၈ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး ၂၀၂၂ ခုနှစ် ဧပြီ ၁၀ ရက်တွင်မှ လွှတ်တော်၌အယုံအကြည်မရှိ တင်သွင်း၍ ဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားခံခဲ့ရသည်။

ယင်းနောက် Pakistan Muslim League-Nawaz (PML-N)ပါတီမှ Shahbaz Sharif အား ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခဲ့ကြသည်။ ဝန်ကြီးချုပ် Sharif သည် ၂၀၂၃ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် လွှတ်တော်သက်တမ်းပြည့်မြောက်မည်ဖြစ်သည့်အတွက် အထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး သမ္မတ Arif Alvi၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်ကို ၂၀၂၃ ခုနှစ် ဩဂုတ် ၉ ရက်တွင် ဆောလျင်စွာဖျက်သိမ်းခဲ့သည်။လွှတ်တော်ဖျက်သိမ်းပြီးနောက် Baluchistan Awami Party(BAP) ပါတီမှ အထက်လွှတ်တော်အမတ် Anwarul Haq Kakar ဦးဆောင်သော အိမ်စောင့်အစိုးရသည် နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့သည်။

လွှတ်တော်ဖျက်သိမ်းပြီးနောက် ရက်ပေါင်း ၉၀ အတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်ရမည်ဖြစ်သော်လည်း နောက်ဆုံးကောက်ယူခဲ့သည့် သန်းခေါင်စာရင်းပေါ်မူတည်၍ မဲဆန္ဒနယ်ခွဲဝေသတ်မှတ်ရမည်ဖြစ်သည့်အတွက် အချိန်မလုံလောက်၍ ရွေးကောက်ပွဲကျင်းပမည့်နေ့ကို ရွှေ့ဆိုင်းသတ်မှတ်ခဲ့ရသည်။

ပါကစ္စတန်ရွေးကောက်ပွဲ ကော်မရှင်သည် ရွေးကောက်ပွဲကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပရန် ကနဦးကြေညာထားခဲ့သော်လည်း နှစ်ကြိမ်တိုင်တိုင်ရွှေ့ဆိုင်းခဲ့ရာ ပထမအကြိမ်အဖြစ် ၂၀၂၄ ခုနှစ် ဇန်နဝါရီပထမပတ်အတွင်းသို့လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဖေဖော်ဝါရီ ၈ ရက်သို့လည်းကောင်း ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

**ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်(ECP)**

ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် အစိုးရလက်အောက်ခံ အမြဲတမ်းအဖွဲ့အစည်းတစ်ရပ်ပင်ဖြစ်သည်။ သမ္မတရွေးကောက်ပွဲအပါအဝင် ပါကစ္စတန်နိုင်ငံတွင်ကျင်းပလျက်ရှိသည့် ရွေးကောက်ပွဲများကို တာဝန်ယူဆောင်ရွက်ပေးရသည်။ ၁၉၅၆ ခုနှစ် မတ် ၂၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

ECP ကို ဥက္ကဋ္ဌတစ်ဦးနှင့် အမြဲမ်းစားတရားသူကြီး လေးဦးတို့ဖြင့် ဖွဲ့စည်းထားသည်။ လက်ရှိဥက္ကဋ္ဌမှာ Sikandar Sultan Raja ဖြစ်သည်။ ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်ရုံးကို ညွှန်ကြားရေးမှူးချုပ်က တာဝန်ခံဆောင်ရွက်သည်။

**ပါကစ္စတန်လွှတ်တော်**

ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးသော ပါကစ္စတန်နိုင်ငံတွင် ဖက်ဒရယ်ဥပဒေပြုလွှတ်တော်အတွက် အထွေထွေရွေးကောက်ပွဲကို ငါးနှစ်လျှင် တစ်ကြိမ်ကျင်းပခြင်းဖြစ်ပေသည်။

ပါကစ္စတန်လွှတ်တော်ကို ကိုယ်စားလှယ် ၃၃၆ နေရာဖြင့်ဖွဲ့စည်းထားပြီး ကိုယ်စားလှယ် ၂၆၆ နေရာကို မဲဆန္ဒနယ်တစ်နယ်လျှင် ကိုယ်စားလှယ်လောင်းတစ်ဦးနှုန်းဖြင့် တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။ ကျန်ကိုယ်စားလှယ်နေရာ ၇၀ သည် သီးသန့်သတ်မှတ်ပေးထားသည့် ကိုယ်စားလှယ်နေရာများဖြစ်ပြီး အမျိုးသမီးကိုယ်စားလှယ်များအတွက် နေရာ ၆၀ နှင့် မွတ်စလင်မဟုတ်သူများအတွက် ၁၀ နေရာတို့ပင်ဖြစ်သည်။ယင်းသီးသန့်ကိုယ်စားလှယ်နေရာများသည် လွှတ်တော်တွင်း ပါတီတစ်ခုချင်းစီအလိုက် ရရှိသည့်အင်အားအနည်းအများအပေါ်မူတည်၍ ခွဲဝေရရှိခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များသည် ရွေးကောက်ပွဲပြီးနောက် မိမိကြိုက်နှစ်သက်ရာပါတီသို့ ဝင်ရောက်နိုင်ခွင့်ရှိသည်။

**ဝန်ကြီးချုပ်ရွေးချယ်ခြင်း**

ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင်မဲပေး၍ ဝန်ကြီးချုပ်ကို ရွေးချယ်သည်။ ဝန်ကြီးချုပ်ကိုယ်စားလှယ်လောင်းသည် လွှတ်တော်တွင်း ထောက်ခံမဲအနည်းဆုံး ၁၆၉ မဲလိုအပ်ပေသည်။ လွှတ်တော်တွင်း မည်သည့်ကိုယ်စားလှယ်မျှ လိုအပ်သည့်ထောက်ခံမဲမရရှိပါက ကိုယ်စားလှယ်အများဆုံးအနိုင်ရရှိထားသည့်ပါတီသည် အခြားသောပါတီများနှင့်ညှိနှိုင်း၍ ညွန့်ပေါင်းဖွဲ့စည်းရသည်။ပြည်နယ်အဆင့်၌လည်း အလားတူဆောင်ရွက်၍ ပြည်နယ်ဝန်ကြီးချုပ်ရွေးချယ်ကာ ပြည်နယ်အစိုးရဖွဲ့စည်းခြင်းဖြစ်သည်။

**ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ**

လူဦးရေ ၂၄၁ သန်းခန့်ရှိသည့်ပါကစ္စတန်နိုင်ငံတွင် အသက် ၁၈ နှစ်ပြည့်မီသည့် မဲပေးပိုင်ခွင့်ရှိသူပေါင်း ၁၂၈ သန်းခန့်ရှိရာ ၂၀၂၄ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပေါင်း ၆၀ ဒသမ ၆ သန်းကျော်လာရောက်မဲပေးခဲ့ပြီး မဲပေးသူရာခိုင်နှုန်း ၄၇ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် မဲပေးသူရာခိုင်နှုန်း ၅၂ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့သည့်အတွက် ၂၀၂၄ ခုနှစ်ရွေးကောက်ပွဲသည် ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲထက် မဲပေးသူရာခိုင်နှုန်းလျော့ကျခဲ့ပေသည်။ မဲပေးမှုရာခိုင်နှုန်း ၅၀ ရာခိုင်နှုန်းမကျော်လွန်ရခြင်းမှာ နိုင်ငံတစ်ဝန်းဖြစ်ပွားလျက်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့်ပင်ဖြစ်သည်။

**ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများ**

ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၄၄ ပါတီမှ ကိုယ်စားလှယ်လောင်း ၅၁၂၁ ဦးတို့သည် ဖက်ဒရယ်လွှတ်တော်အတွက်လည်းကောင်း၊ ကိုယ်စားလှယ်လောင်း ၁၂၆၉၅ ဦးတို့သည် ပြည်နယ်ဥပဒေပြုလွှတ်တော်များအတွက်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပါကစ္စတန်နိုင်ငံတွင် အဓိကအင်အားကြီးပါတီသုံးပါတီရှိပြီး Pakistan Muslim League-Nawaz (PML-N) ပါတီ၊ Pakistan People's Party (PPP)ပါတီနှင့်Pakistan Tehreek-e-Insaf (PTI) ပါတီတို့ပင်ဖြစ်သည်။

**Pakistan Muslim League-Nawaz (PML-N) ပါတီ**

PML-Nပါတီသည် ရွေးကောက်ပွဲတွင် ရေပန်းအစားဆုံးပါတီဖြစ်ပြီး အသက် ၇၄ နှစ်အရွယ်ရှိ ဝန်ကြီးချုပ်ဟောင်း Nawaz Sharif နှင့် ၎င်း၏ညီဖြစ်သူ ဝန်ကြီးချုပ်ဟောင်း Shehbaz Sharif တို့၏ပါတီပင်ဖြစ်သည်။ PML-Nပါတီ ကို ၁၉၉၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း Nawaz Sharifသည် ဝန်ကြီးချုပ်အဖြစ် သုံးကြိမ်တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပြီး ပါကစ္စတန်နိုင်ငံတွင် ဝန်ကြီးချုပ်တာဝန်အရှည်ကြာဆုံးထမ်းဆောင်ခဲ့သူဖြစ်သည်။ ၎င်း၏ဝန်ကြီးချုပ် တတိယသက်တမ်းထမ်းဆောင်နေချိန် ၂၀၁၇ ခုနှစ်တွင် ပနားမားပြဿနာနှင့်စပ်လျဉ်း၍ ရာထူးမှဖယ်ရှားခံခဲ့ရပြီး ၂၀၁၈ ခုနှစ်တွင် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခံခဲ့ရသည်။ အဆိုပါအကျင့်ပျက်ခြစားမှုစွဲချက်များ၏ ပြစ်ဒဏ်ရှောင်ရှားရန် နိုင်ငံရပ်ခြား၌ လေးနှစ်ကြာ ထွက်ပြေးတိမ်းရှောင်နေခဲ့ပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကာ ၎င်းကျခံရမည့် ပြစ်ဒဏ်များကိုလည်း ပယ်ဖျက်ပေးရေး အသနားခံတင်ပြခဲ့ပြီး အောင်မြင်မှုရရှိခဲ့သူဖြစ်သည်။

**Pakistan People's Party (PPP)ပါတီ**

PPP ပါတီသည် PML-Nပါတီနှင့်မဟာမိတ်ဖွဲ့ထားသည့်ပါတီဖြစ်ပြီး ပါကစ္စတန်နိုင်ငံတောင်ပိုင်းတွင် ထောက်ခံမှုအများအပြားရရှိထားကာ အသက် ၃၅ နှစ်အရွယ်ရှိ နိုင်ငံခြားရေးဝန်ကြီးဟောင်း Bilawal Bhutto-Zardariဦးဆောင်သည့်ပါတီပင်ဖြစ်သည်။ ၎င်းပါတီအနေဖြင့် ဝန်ကြီးချုပ်အဖြစ်တင်မြှောက်ခံရနိုင်လောက်သည့် မဲအရေအတွက် ရရှိနိုင်ခြင်းမရှိသည့်ပါတီဖြစ်သည့်အတွက် PML-N ပါတီဦးဆောင်သည့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းခဲ့ပါကပါဝင်နိုင်လောက်သည်ဟု ရွေးကောက်ပွဲမတိုင်မီကပင် ထင်ကြေးပေးခံရသည့်ပါတီဖြစ်သည်။

Bilawal Bhutto-Zardari သည် ၂၀၀၇ ခုနှစ်က ရွေးကောက်ပွဲမဲဆွယ်စည်းရုံးစဉ် လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် ဝန်ကြီးချုပ်ဟောင်း Benazir Bhutto၏ သားတော်စပ်သူဖြစ်သည်။ ပါကစ္စတန်နိုင်ငံတွင် Sharif မိသားစုနှင့် Bhutto မိသားစုတို့သည် နိုင်ငံရေးအသိုင်းအဝိုင်းတွင် ဩဇာကြီးမားသည့် မိသားစုနှစ်စုပင်ဖြစ်သည်။

စာမျက်နှာ ၁၉ သို့



ပါကစ္စတန်လွှတ်တော်ကျင်းပနေပုံ (ဓာတ်ပုံ - Anadolu Ajansi)

စာမျက်နှာ ၁၈ မှအဆက်

**Pakistan Tehreek-e-Insaf (PTI)ပါတီ**

Pakistan Tehreek-e-Insaf(PTI)ပါတီသည် ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲတွင်ကိုယ်စားလှယ်နေရာ အများဆုံးအနိုင်ရရှိခဲ့ပြီး ဝန်ကြီးချုပ်တင်မြှောက်နိုင်ခဲ့သည့်ပါတီပင်ဖြစ်သည်။ PTIပါတီသည် တရားရေးဆိုင်ရာအမှီအခိုကင်းမှု၊ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးနှင့်သင့်တင့်မျှတသော အစ္စလာမ်လူမှုအဖွဲ့အစည်းထူထောင်ရေးတို့ကိုအားပေးမြှင့်တင်သည့် ပါတီတစ်ခုပင်ဖြစ်သည်။၁၉၉၆ ခုနှစ် စတင်တည်ထောင်ပြီးချိန်မှစ၍ အမျိုးသားခရစ်ကက်အသင်းခေါင်းဆောင်ဟောင်း လူသိများထင်ရှားသည့် Imran Khan က ဦးဆောင်မှုပြုခဲ့ပြီး ပါကစ္စတန်နိုင်ငံရေးတွင် Bhutto မိသားစုနှင့် Sharif မိသားစုသာ အစဉ်အဆက် အာဏာရယူအုပ်စိုးနေမှုကို ပြောင်းလဲပစ်မည်ဟု ကြွေးကြော်ခဲ့သည်။

မည်သည့်ဝန်ကြီးချုပ်မျှ ငါးနှစ်သက်တမ်းပြည့်မီအောင်ထမ်းဆောင်ခွင့်မရရှိခဲ့သည့် ပါကစ္စတန်နိုင်ငံတွင် Khan သည် လွှတ်တော်၌ အယုံအကြည်မရှိ အဆိုတင်သွင်း၍ ဖယ်ရှားခံခဲ့ရသည့် ပထမဆုံးဝန်ကြီးချုပ်ဖြစ်ခဲ့ရသည်။ ထိုကဲ့သို့ ဖယ်ရှားခံခဲ့ရသည်မှာ အမေရိကန်ဦးဆောင်သည့် အနောက်အုပ်စုများ၏ပယောဂကြောင့်ဖြစ်ခဲ့ရကြောင်း Khan က ဝေဖန်ပြောဆိုခဲ့သည်။

လက်ရှိအချိန်တွင် PTI ပါတီခေါင်းဆောင် Imran Khan သည် ပြစ်မှု လေးမှုဖြင့် ပြစ်ဒဏ်ကျခံနေရသည့်အတွက် ၂၀၂၄ ခုနှစ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်မရှိပေ။ ၎င်းသည် အမှုတစ်ခုချင်းစီအတွက် ထောင်ဒဏ် သုံးနှစ်၊ ၁၀ နှစ်၊ ၁၄ နှစ်နှင့် ခုနစ်နှစ်ဖြင့် အသီးသီးပြစ်ဒဏ်ချမှတ်ခံထားရပြီး အခြားသောဥပဒေပိုင်းဆိုင်ရာအမှုပေါင်း ၁၅၀ ခန့် ရင်ဆိုင်နေရပေသည်။

၂၀၂၄ ခုနှစ် ရွေးကောက်ပွဲတွင် PTI ပါတီမှ ကိုယ်စားလှယ်များသည် တစ်သီးပုဂ္ဂလအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ကိုယ်စားလှယ်နေရာအများဆုံးအနိုင်ရရှိခဲ့ကြကာ ဝန်ကြီးချုပ်အမည်စာရင်းတင်သွင်းနိုင်ရေး မျှော်လင့်လျက်ရှိကြသည်။

**မဲရုံဖွင့်ချိန်နှင့်ပိတ်ချိန်**

မဲရုံများကို ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ဖွင့်လှစ်ခဲ့ပြီး ညနေ ၅ နာရီတွင် ပိတ်သိမ်းခဲ့သည်။ နိုင်ငံတစ်ဝန်းဖြစ်ပွားလျက်ရှိသည့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ရွေးကောက်ပွဲအတွက် လုံခြုံရေးဆောင်ရွက်ရန် စစ်တပ်၊ အကူလက်နက်ကိုင်တပ်နှင့် ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၆၅၀၀၀၀ ကျော်ကို ဖြန့်ကြက်တာဝန်ပေးခဲ့သည်။

**ရွေးကောက်ပွဲရလဒ်ကြေညာခြင်း**

ပါကစ္စတန်ရွေးကောက်ပွဲ ကော်မရှင်သည် ကိုယ်စားလှယ်နေရာ ၂၆၆ နေရာအနက် ကိုယ်စားလှယ်နေရာ ၂၆၄ နေရာအတွက် ရွေးကောက်ပွဲရလဒ်များကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် တရားဝင်ထုတ်ပြန်ခဲ့ရာ အဓိကပါတီကြီး သုံးပါတီအနက် မည်သည့်ပါတီမျှ ဝန်ကြီးချုပ်ရွေးချယ်ရန်လိုအပ်သည့် ကိုယ်စားလှယ်နေရာ ၁၆၉ နေရာအနိုင်ရရှိခြင်းမရှိခဲ့ပေ။

ကျန်ရှိသည့် ကိုယ်စားလှယ်နေရာ နှစ်နေရာမှာ ကိုယ်စားလှယ်လောင်း သေဆုံးသွားသည့်အတွက် ရွေးကောက်ပွဲရွှေ့ဆိုင်းခဲ့ရသည့် မဲဆန္ဒနယ်တစ်နယ်နှင့် မဲပြန်လည်ရေတွက်နေရသည့် မဲဆန္ဒနယ်တစ်နယ်တို့ပင်ဖြစ်ပါသည်။

ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်နေရာအများဆုံးအရေအတွက်အဖြစ် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများက ၁၀၁ နေရာဖြင့် အနိုင်ရရှိခဲ့ပြီး ဝန်ကြီးချုပ်ဟောင်း Imran Khan ကျောထောက်နောက်ခံပြုထားသည့်တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၉၀ ကျော်ခန့်ပါဝင်ခဲ့သည်။

**၂၀၂၄ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်**

| စဉ် | ပါတီ/ တစ်သီးပုဂ္ဂလကိုယ်စားလှယ် | အနိုင်ရရှိသည့်နေရာ |
|---|---|---|
| ၁ | တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ | ၁၀၁ |
| ၂ | Pakistan Muslim League-Nawaz (PML-N)ပါတီ | ၇၅ |
| ၃ | Pakistan People's Party (PPP)ပါတီ | ၅၄ |
| ၄ | MuttahidaQaumi Movement-Pakistanပါတီ | ၁၇ |
| ၅ | Jamiat Ulama-e-Islam Pakistanပါတီ | ၄ |
| ၆ | Pakistan Muslim Leagueပါတီ | ၃ |
| ၇ | Istehkam-e-Pakistanပါတီ | ၂ |
| ၈ | Balochistan National ပါတီ | ၂ |
| ၉ | Majlis Wahdat-e-Muslimeen Pakistanပါတီ | ၁ |
| ၁၀ | Pakistan Muslim League (Zia-ul-Haq Shaheed)ပါတီ | ၁ |
| ၁၁ | Pashtoonkhwa National Awami Party Pakistanပါတီ | ၁ |
| ၁၂ | BalochistanAwamiပါတီ | ၁ |
| ၁၃ | Pashtoonkhwa Milli Awamiပါတီ | ၁ |
| ၁၄ | National ပါတီ | ၁ |
| | စုစုပေါင်း | ၂၆၄ |

ပါကစ္စတန်လွှတ်တော်အတွင်းရှိ ကိုယ်စားလှယ် ၃၆၆ နေရာအနက် သီးသန့်သတ်မှတ်ထားသည့် ကိုယ်စားလှယ်နေရာ ၇၀ သည် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများကို ၎င်းတို့အနိုင်ရရှိမှုအပေါ် မူတည်၍ခွဲဝေခြင်းဖြစ်ရာ Imran Khan ၏ မဟာမိတ် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များသည် အဆိုပါခွဲဝေနေရာများရရှိနိုင်ရေးအတွက် ပါတီငယ်ဖြစ်သော SIC သို့ ဝင်ရောက်ခဲ့ပြီး ဝန်ကြီးချုပ်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရန် ကြိုးပမ်းလျက်ရှိသည်။

အလားတူ ဒုတိယနှင့် တတိယမဲအများဆုံးရရှိခဲ့သည့် PML-N ပါတီနှင့် PPP ပါတီတို့သည်လည်း ညွန့်ပေါင်းဖွဲ့စည်းဆောင်ရွက်သွားရေး သဘောတူညီမှုရရှိခဲ့ပြီး Shehbaz Sharif ကို ဝန်ကြီးချုပ်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းမည်ဖြစ်ကြောင်းသိရှိရသည်။

လွှတ်တော်တွင်း ဝန်ကြီးချုပ်ရွေးချယ်ခြင်းကို မတ် ၃ ရက်အစည်းအဝေးတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရွေးကောက်ပွဲအကြမ်းဖက်မှုများ**

ရွေးကောက်ပွဲကျင်းပချိန်တွင် ပါကစ္စတန်အနောက်တောင်ပိုင်းရှိ နိုင်ငံရေးရုံး နှစ်ရုံး၌ ဗုံးပေါက်ကွဲခဲ့ပြီး အနည်းဆုံး လူပေါင်း ဦးရေ ၃၀ အသက်ဆုံးရှုံးခဲ့ရသည်။

အလားတူ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးသည့်ကာလအတွင်း တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း နှစ်ဦးဖြစ်သော Malik Kaleem Ullahနှင့် Rehan-Zaib Khanတို့သည် ဇန်နဝါရီ ၁၀ ရက်နှင့် ဇန်နဝါရီ ၃၁ ရက်တွင် သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံခဲ့ရသည်။ Islamic State-Khorasan Province (ISIS-K)အဖွဲ့က လုပ်ကြံသတ်ဖြတ်ခြင်းဖြစ်ကြောင်း ဝန်ခံပြောဆိုခဲ့သည်။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း ယင်းအဖြစ်များ ကြုံတွေ့ခဲ့ရသည့်အတွက် ဖေဖော်ဝါရီ ၈ ရက် ရွေးကောက်ပွဲနေ့၌ တရားဥပဒေစိုးမိုးမှုကို ထိန်းသိမ်းရန် နိုင်ငံတစ်ဝန်း မိုဘိုင်းဖုန်းဆက်သွယ်ရေးကွန်ရက်များကို မဲရုံမဖွင့်မီ ၁၀ မိနစ်အလိုတွင် ယာယီဖြတ်တောက်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

ထို့ပြင် ရွေးကောက်ပွဲနေ့တွင် အီရန်နှင့် အာဖဂန်နစ္စတန်နယ်စပ်၌ လုံခြုံရေးကိုမြှင့်စေရေး နယ်စပ်ဂိတ်များ ပိတ်ထားခဲ့သည်။

**ရွေးကောက်ပွဲ မဲမသမာမှုစွပ်စွဲချက်**

ရွေးကောက်ပွဲအပြီး တစ်ပတ်အကြာ ဖေဖော်ဝါရီ ၁၇ ရက်တွင် Rawalpindi ခရိုင် ရွေးကောက်ပွဲကော်မရှင်အကြီးအကဲဖြစ်သူ Liaquat Ali Chattha သည် သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့ပြီး ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲ၌ ၎င်းအနေဖြင့် မဲမသမာမှုများဆောင်ရွက်ခဲ့သည်ဟု ဝန်ခံထွက်ဆိုခဲ့သည်။ Rawalpindi ခရိုင်သည် ရွေးကောက်ပွဲတွင် ကိုယ်စားလှယ် ၁၃ နေရာရှိသည့်အနက် PML-N ပါတီက ကိုယ်စားလှယ် ၁၁ နေရာထိ အနိုင်ရရှိခဲ့သည့်ခရိုင်ပင်ဖြစ်သည်။ သတင်းစာရှင်းလင်းပွဲတွင် ၎င်းအနေဖြင့် ရွေးကောက်ပွဲ၌အနိုင်အရှုံးရလဒ်ပြောင်းလဲစေရေး ကိုယ်စားလှယ်လောင်းတစ်ဦးလျှင် မဲအရေအတွက် ၇၀၀၀၀ ခန့်ကို ဆန္ဒပြုကတ်ဆိပ်တုံးအတုများအသုံးပြုဆောင်ရွက်ခဲ့သည်ဟုလည်းပြောဆိုခဲ့သည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ Sikandar Sultan Raja နှင့် တရားသူကြီးချုပ် Qazi Faez Isa တို့ပါ ပါဝင်ပတ်သက်ခဲ့သည်ဟု Liaquat Ali Chatthaက စွပ်စွဲပြောဆိုခဲ့သည်။ ၎င်းနောက် Chatthaသည် စစ်ဆေးမေးမြန်းရန် ထိန်းသိမ်းခံခဲ့ရသည်။

ထွက်ဆိုချက်များနှင့်စပ်လျဉ်း၍ ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်က ငြင်းဆိုခဲ့ပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင် အကြီးအကဲများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် တိုက်ရိုက်ပါဝင်ပတ်သက်ခွင့်မရှိကြောင်း၊ ၎င်းထွက်ဆိုခဲ့သည့် မဲမသမာမှုစွပ်စွဲချက်ကိုလည်း စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

မဲမသမာမှုဖြစ်စဉ်ဖြစ်ပွားခဲ့သည်ဟု စွပ်စွဲသည့် အဆိုပါခရိုင်တွင် ထိန်းသိမ်းခံဝန်ကြီးချုပ်ဟောင်း Imran Khan ၏ PTI ပါတီမှ မိတ်ဖက်တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေဖြင့် ကိုယ်စားလှယ်နေရာများဆုံးရှုံးခဲ့ရသည့်အတွက် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တရားသူကြီးချုပ်တို့ကို ရာထူးမှနုတ်ထွက်ပေးရေးတောင်းဆိုခဲ့သည်။

သတင်းစာရှင်းလင်းပွဲပြီးနောက် ထိန်းသိမ်းခံခဲ့ရသည့် Chatthaသည် ဖေဖော်ဝါရီ ၂၂ ရက်တွင် ရွေးကောက်ပွဲကော်မရှင်ထံသို့ ၎င်းအနေဖြင့် မဲမသမာဖြစ်စဉ်များဖြစ်ပွားခဲ့သည်ဟု မှားယွင်းစွပ်စွဲချက်ကို ရုပ်သိမ်းပါကြောင်းနှင့် ထိုကဲ့သို့စွပ်စွဲခဲ့မိသည့်အတွက် ဝန်ချတောင်းပန်ပါကြောင်း စာရေးသားပေးပို့ခဲ့သည်။ မှားယွင်းစွပ်စွဲချက်များပြုလုပ်ရန် PTI ပါတီမှ အတင်းအကျပ်ခိုင်းစေခဲ့ကြောင်း ထည့်သွင်းရေးသားခဲ့သည်။

**နိဂုံး**

၂၀၂၄ ခုနှစ် ပါကစ္စတန်ရွေးကောက်ပွဲသည် ၁၂ ကြိမ်မြောက် ကျင်းပသည့်ရွေးကောက်ပွဲဖြစ်ပြီး စီးပွားရေးကပ်ဘေးပြဿနာများ၊ နိုင်ငံရေးပြဿနာများ ပေါ်ပေါက်နေသည့်အချိန်တွင် အဟန့်အတားမျိုးစုံကြားကကျင်းပခဲ့သည့် ရွေးကောက်ပွဲဖြစ်သည်။ ရွေးကောက်ပွဲမတိုင်မီကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲရလဒ်ကြေညာပြီးနောက်ပိုင်းကာလများ၌ပါ အကြမ်းဖက်မှုများ၊ ရွေးကောက်ပွဲမသမာမှုစွပ်စွဲချက်များပေါ်ပေါက်ခဲ့သော်လည်း သတ်မှတ်မဲဆန္ဒနယ်အားလုံးနီးပါး၌ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပြီး အနိုင်ရကိုယ်စားလှယ်လောင်းများ ထွက်ပေါ်လာခဲ့ပြီးဖြစ်၍ လွှတ်တော်ပထမအကြိမ်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။ထို့ကြောင့် လွှတ်တော်တွင်းမှတစ်ဆင့် နိုင်ငံရေးရပ်တည်ချက်တူညီသည့် ပါတီများအချင်းချင်းစုဖွဲ့၍ နိုင်ငံရေးနည်းလမ်းဖြင့် ပါကစ္စတန်နိုင်ငံကို ငါးနှစ်တာ ဦးဆောင်ဦးရွက်ပြုသွားမည့် ညွန့်ပေါင်းအစိုးရသစ်တစ်ရပ်ပေါ်ထွက်လာမည်မှာ မလွဲကေန်ပင်ဖြစ်ပေတော့သည်။

**ရည်ညွှန်းကိုးကား**


- https://www.hindustantimes.com/world-news/pakistan-general-elections-2024-february-8-candidates-voting-process-all-you-need-to-know-101707290419860.html
- https://apnews.com/article/pakistan-election-imran-khan-nawaz-sharif-1d622c26874d066fb2f10f5e0f861e4c
- https://www.livemint.com/news/world/yearender-2023-pakistan-economy-crisis-political-drama-terrorism-imran-khan-nawaz-sharif-imf-loans-11703328856197.html
- https://english.news.cn/20240211/8a87f49640774169930170f1ba0d64ed/c.html
- https://edition.cnn.com/2024/02/10/asia/pakistan-election-results-released-intl-hnk/index.html
- https://www.bbc.com/news/world-asia-22167511
- https://en.wikipedia.org/wiki/Election/Commission-of-Pakistan
- https://www.aa.com.tr/en/asia-pacific/-pakistan-parliament-speaker-likely-to-summon-1st-assembly-session/3148849

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

### လိုက်နာဆောင်ရွက်ရန်အချက်များ

➢ အရိပ်ရ၍အေးမြသောနေရာများတွင်သာ နေပါ၊
➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
➢ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊
➢ ရေများများသောက်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

❖ နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
❖ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
❖ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
❖ ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှပူပြင်းသောနေရောင်ထဲသို့ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
❖ အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

### အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

❖ သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
❖ နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
❖ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
❖ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

(ဧပြီလ၊ ၂၀၂၄)

## သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

| အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion) | အပူဒဏ်ကြောင့်သတိလစ်ခြင်း (Heat Stroke) |
|---|---|
| ဂနာမငြိမ်ခြင်း | ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း |
| ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း | အပြောအဆိုမှား၍ချောက်သွေ့ခြင်း(သို့) ချွေးခန်းခြောက်ခြင်း |
| ကြွက်တက်ခြင်းနှင့် နုံးချည့်ပျော့ခွေခြင်း | ကယောင်ကတမ်းဖြစ်ခြင်း |
| အလွန်အမင်းရေဆာခြင်း | သတိလစ်ခြင်း၊ တက်ခြင်း |
| ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း | |

### အရေးပေါ်ရှေးဦးပြုစုခြင်း

➡ လူနာကိုအရိပ်ရအေးမြသောနေရာသို့ ရွှေ့ထားပါ။
➡ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ။ မရှိပါကယပ်ခတ်ပေးပါ။
➡ လူနာ၏ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ။
➡ လူနာ၏အဝတ်အစားများကို ချွတ်ပါ။
➡ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ။
➡ လူနာကောင်းစွာသတိရနေပါက ရေအေးအေး (သို့)ဓာတ်ဆားရည်တိုက်ပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်လာပါကနီးစပ်ရာဆေးရုံဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှပြုစုထုတ်ဝေသည်။

(ဧပြီ၊ ၂၀၂၄)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၃

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၇၇၊ ၀၅၉- ၂၀၂၄၀၇၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၇၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၀၇၈၊ ၀၆၃- ၂၀၂၈၀၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု
(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၇၅၊ ၀၅၇- ၂၀၂၇၉၇၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၅၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

**(က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)**

- ဂဏှာမငြိမ်ခြင်း၊
- ခေါင်းမူးနောက်ခြင်း၊ခေါင်းကိုက်ခြင်း၊
- တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့်ကြွက်တက်ခြင်း၊
- ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

**(ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)**

- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- သတိလစ်ခြင်း၊ တက်ခြင်း။

**အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကိုအရေးပေါ်ရှေးဦးပြုစုခြင်း**

- ❖ လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
- ❖ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ❖ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ❖ လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- ❖ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ၊
- ❖ လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

အပူဒဏ်ကြောင့်သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများပေါ်ပေါက်ပါကအသက်အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။

(ဧပြီ၊ ၂၀၂၄)

## ကြိုတင်ကာကွယ် အပူဒဏ် အန္တရာယ်

**လိုက်နာဆောင်ရွက်ရန် အချက်များ**



- အရိပ်ရ၍ အေးမြသောနေရာများတွင်သာနေပါ။
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါလုံခြုံသော အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ။
- နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ။ နေကာမျက်မှန်တပ်ဆင်ပါ။
- ရေများများသောက်ပါ။



**ရှောင်ကြဉ်ရန်အချက်များ**

- နံနက်(၁၁)နာရီမှ ညနေ(၄)နာရီအတွင်းနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။



- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။



- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှပြုစုထုတ်ဝေသည်။

(ဧပြီ၊ ၂၀၂၄)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၄-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၅၀ | ၂၈၉၅ | ၂၈၉၀ | ၂၈၅၅ | ၂၈၉၅ | ၂၉၂၀ | ၂၉၀၅ | ၂၈၈၀ | ၂၉၀၀ | ၂၉၉၅ | ၂၈၈၅ | ၂၈၉၅ | ၂၉၃၅ | ၂၉၃၅ | ၂၉၃၅ | ၃၀၆၅ | ၃၄၅၀ |
| 95 Ron | ၂၉၆၀ | ၃၀၁၀ | ၃၀၀၅ | ၂၉၇၀ | ၃၀၀၅ | ၃၀၃၀ | ၃၀၁၅ | ၂၉၉၀ | ၃၀၉၀ | ၃၁၀၅ | ၃၀၀၀ | ၃၀၁၅ | ၃၀၄၅ | ၃၀၄၅ | ၃၀၅၀ | ၃၂၇၅ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၅၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၉ | ၂၈၀၇ |
| 95 Ron | ၂၈၂၇ | ၂၉၁၇ |
| HSD (500 ppm) | ၂၃၁၈ | ၂၃၉၄ |
| HSD (50 ppm) | ၂၃၆၂ | ၂၄၃၉ |
| HSD (10 ppm) | ၂၃၆၂ | ၂၄၃၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများနှင့်မော်တော်ယာဉ် ဖမ်းဆီးရမိ










**နေပြည်တော် ဧပြီ ၁၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၉ ဒသမ ၅၈၃ တန်၊ သစ်မာ ၂ ဒသမ ၃၉၆ တန်နှင့် အခြားသစ်သုည ဒသမ ၁၂၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၅၃၂၈၉၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧပြီ ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် လိမ္မော်သီး ၁၆၀၉ ခြင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၀၉၀၀၀၀နှင့် လိုင်စင်မဲ့ Toyota Mark II မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ရွှေဘိုမြို့နယ်၌ တရားမဝင် အခြားသစ် ၁ ဒသမ ၁၀၄ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၅၆၃၈ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၂၅၅၆၃၈ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာအမှုတွဲ ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၇၈၈၅၃၄ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

# တာချီလိတ်နှင့် လွိုင်လင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



**နေပြည်တော် ဧပြီ ၁၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် တာချီလိတ်-ဝမ်ပုံသွား ကားလမ်းဘေးရှိ စိုးမင်းအောင်(ခ)ရေခဲ၏ လယ်တဲကို ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၂၀၀ ကို လည်းကောင်း၊ ထို့ပြင် ယင်းနေ့ ည ၇ နာရီတွင် ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ဟိုနမ့်ကျေးရွာအနီးတွင် နေသူရိန် မောင်းနှင်ပြီး မကြည်ကြည်ဦး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ မကြည်ကြည်ဦး လွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဖိလစ်ပိုင်နိုင်ငံ အရာယက်တောင်နှင့် ပမ်ပန်ဂါတောင်ခြေတို့တွင် လောင်ကျွမ်းနေသောတောမီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိ



**မနီလာ မေ ၁၉**

ဖိလစ်ပိုင်နိုင်ငံ အရာယက်တောင်နှင့် ပမ်ပန်ဂါတောင်ခြေတို့တွင် မေ ၁၈ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုမှာ ယနေ့တွင် ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ကြောင်း ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အရာယက်တောင်နှင့် ပမ်ပန်ဂါတောင်ခြေအနီးတွင် နေထိုင်သောဒေသခံများကိုလည်း တောမီးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားပြီး အချိန်မရွေး တောမီးကူးစက်လောင်ကျွမ်းလာနိုင်သည့် အခြေအနေဖြစ်ကြောင်း ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အရာယက်တောင်နဲ့ ပမ်ပန်ဂါတောင်ခြေမှာ တောမီးလောင်ကျွမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ လူနေအိမ်တွေဆီ ကူးစက်မှုမဖြစ်ပေါ်စေရေးအတွက် အဓိက ဆောင်ရွက်နေပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ကယ်ဆယ်ရေးဝန်ထမ်းတွေကိုလဲ စေလွှတ်ထားပါတယ်"ဟု ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

တောမီးကို ငြိမ်းသတ်နိုင်ရေးအတွက် မြေပြင်မှ မီးသတ်တပ်ဖွဲ့ဝင်များကို စေလွှတ်ထားသော်လည်း လမ်းပန်းဆက်သွယ်ရေး အခြေအနေကြောင့် တောမီးငြိမ်းသတ်ခြင်းကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နေရကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၁၈ ဟက်တာ လောင်ကျွမ်းပျက်စီးသွားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အနောက်အာဖရိကနိုင်ငံများတွင် အပူချိန်မြင့်တက်မှုကြောင့် အရေးပေါ်ဆေးကုသမှုခံယူနေရသည့်လူနာအရေအတွက် မြင့်တက်နေ

**လန်ဒန် မေ ၁၉**

အနောက်အာဖရိကနိုင်ငံများတွင် အပူချိန်မြင့်တက်မှုဖြင့် ကာလရှည်ရင်ဆိုင်နေရပြီး အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်၍ အရေးပေါ်ဆေးကုသမှုခံယူနေရသည့် လူနာအရေအတွက် မြင့်တက်နေကြောင်း အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် World Weather Attribution (WWA) အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူချိန်မြင့်တက်မှုကြောင့် အရေးပေါ်ဆေးကုသမှုခံယူနေရသည့် လူနာအရေအတွက် မြင့်တက်နေသောနိုင်ငံများအနက် နိုင်ဂျာနိုင်ငံက အဆိုးရွားဆုံးဖြစ်ပြီး အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လျက်ရှိကြောင်း၊ မာလီနိုင်ငံနှင့် ဘာကီနာဖာဆိုနိုင်ငံတို့တွင်လည်း အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေကြောင်း၊ နိုင်ငံပေါင်း ၁၀ နိုင်ငံ ပတ်လည်ဝန်းရံနေသည့် ဆာဟယ်နယ်မြေတွင်လည်း အပူချိန် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်း WWA က ထုတ်ပြန်ခဲ့သည်။



"အနောက်အာဖရိကနိုင်ငံတွေမှာ လက်ရှိဖြစ်ပေါ်နေတဲ့ အပူချိန်ပမာဏဟာ အနောက်အာဖရိကနိုင်ငံတွေအတွက် တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးသေးတဲ့ အပူချိန်ပမာဏဖြစ်ပါတယ်။ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် ၁၀ ဆ လောက်ထိမြင့်တက်နေတဲ့အတွက် ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်တဲ့ အခြေအနေလဲဖြစ်ပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်တဲ့ရောဂါဝေဒနာတွေကြောင့် အရေးပေါ်ဆေးကုသမှုခံယူနေရတဲ့အခြေအနေတွေနဲ့ ရင်ဆိုင်နေရတဲ့ လူဦးရေမြင့်တက်နေတယ်လို့လဲ သိရပါတယ်" ဟု WWA မှ ပြောရေးဆိုခွင့်ရှိသူ ကလဲဘားနက်စ်က ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အင်္ဂလန်နိုင်ငံအခြေစိုက် ငွေကြေးဆိုင်ရာကုမ္ပဏီပေါင်း ၁၆၀ ကျော်က ပလတ်စတစ်အမှိုက်သရိုက်လျှော့ချရေးပဋိညာဉ်စာချုပ် ချုပ်ဆိုရန် အစိုးရကို တိုက်တွန်း

**လန်ဒန် မေ ၁၉**

အင်္ဂလန်နိုင်ငံအခြေစိုက် ငွေကြေးဆိုင်ရာကုမ္ပဏီပေါင်း ၁၆၀ ကျော်က ပလတ်စတစ်အမှိုက်သရိုက်များ မြင့်တက်နေမှုကို ထိန်းချုပ်ရန်အတွက် ပလတ်စတစ်အမှိုက်သရိုက်လျှော့ချရေးပဋိညာဉ်စာချုပ် အမြန်ဆုံးချုပ်ဆိုသင့်ကြောင်း အစိုးရကို တိုက်တွန်းထားသည်ဟု ING Group Finance က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

စစ်တမ်းများအရ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တစ်နှစ်လျှင် ပလတ်စတစ် အမှိုက်သရိုက်တန်ချိန်သန်း ၄၀၀ ထိရှိနေပြီး အဆိုပါပမာဏသည် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေနိုင်သည့် ပမာဏတစ်ရပ်ဖြစ်ကြောင်း၊ လာမည့်ရက်သတ္တပတ်တွင် ကနေဒါနိုင်ငံ အော့တဝါမြို့၌ စတုတ္ထအကြိမ်မြောက် ပလတ်စတစ်အမှိုက်သရိုက်လျှော့ချရေးဆိုင်ရာ အစည်းအဝေး ကျင်းပသွားမည်ဖြစ်ပြီး ၎င်းအစည်းအဝေး၌ အင်္ဂလန်အစိုးရအနေဖြင့် ပလတ်စတစ်အမှိုက်သရိုက်လျှော့ချရေးပဋိညာဉ်စာချုပ်တွင် လက်မှတ်ရေးထိုးသွားမည်ကို မျှော်လင့်နေကြောင်း ING Group Finance မှ ပြောရေးဆိုခွင့်ရှိသူ အန်နီဆိုဖီက ပြောကြားသွားခဲ့သည်။

"လာမဲ့ရက်သတ္တပတ်အတွင်း ကနေဒါနိုင်ငံ အော့တဝါမြို့မှာ ပလတ်စတစ် အမှိုက်သရိုက်လျှော့ချရေးဆိုင်ရာ အစည်းအဝေးတစ်ရပ် ကျင်းပသွားဖို့ရှိပါတယ်။ ဒီအစည်းအဝေးပွဲမှာ အင်္ဂလန်နိုင်ငံအနေနဲ့ ပလတ်စတစ်အမှိုက်သရိုက်လျှော့ချရေးပဋိညာဉ်စာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးသွားမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်မတို့ငွေကြေးဆိုင်ရာကုမ္ပဏီပေါင်း ၁၆၀ ကျော်ကလဲ အစိုးရအနေနဲ့ ပလတ်စတစ်အမှိုက်သရိုက် လျှော့ချရေးပဋိညာဉ်စာချုပ်မှာ လက်မှတ်ရေးထိုးသွားဖို့အတွက် တိုက်တွန်းချက်တွေ ထုတ်ပြန်ထားပါတယ်။ ပလတ်စတစ်အမှိုက်သရိုက်ဟာ သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေနိုင်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ထိရောက်အောင်မြင်ဖို့ ပလတ်စတစ်အမှိုက်သရိုက်တွေ လျှော့ချနိုင်ဖို့က အရေးကြီးပါတယ်" ဟု အန်နီဆိုဖီက ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြဲစွာကိုင် ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။




၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



၅။ မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။






၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။



# မြစ်ခြောက်မှာတမ်း

## မောင်ကြည်လင်(ရွှေကြိုးတြာ)



(၁)

"သက်ရေ ထမင်းစားကြစို့ကွာ"

အိမ်ရှေ့ခန်းတွင် ချည်ထိုးနေသော ဇနီးဖြစ်သူ နှင်းသက်ကို ကိုကြည်လင် လှမ်းပြောလိုက်၏။

"စားမယ်လေ အစ်ကို။ ခဏစောင့်ပါအုံး။ ဘွားသင်းကြူကို ဟင်းသွားပို့ပေးလိုက်အုံးမယ်"

"အေးပါ သက်။ သွားပို့လိုက်လေ"

ဟင်းပန်းကန်လေးကိုင်ကာ ထွက်သွားသော ဇနီးဖြစ်သူကို ကြည့်ကာ ကိုကြည်လင် ကြည်နူးစွာ ခေါင်းညိတ်နေလိုက်၏။ အသက် ၇၅ နှစ်ဖြစ်သော်လည်း အိမ်တွင်းပင်စင် မရသေးသဖြင့် ဘွားသင်းကြူသည် နေထွက် နေဝင် လက်နှင့်အလုပ်မပျက်ပေ။ သမီးဖြစ်သူနှင့်အတူနေ၍ မြေးထိန်း၊ အဝတ်လျှော်၊ တံမြက်လှည်း၊ ဈေးဆိုင်စောင့်နေရသည့်အလုပ်မှာ နေ့စဉ်ဖြစ်သောကြောင့် ခွင့်ရက်လည်းမရခဲ့ပေ။ ကိုကြည်လင်သည် တစ်ခါတစ်ရံတွင် သောက်ရေခပ်နေသည့် ဘွားသင်းကြူကို မြင်တွေ့ရသောအခါ စိတ်မကောင်းများစွာဖြင့် သနားစိတ်ဖြစ်ရသည်မှာ အခါခါပင်ဖြစ်၏။

(၂)

ကိုကြည်လင် နံနက်စောစော အိမ်ရှေ့တွင် သစ်ရွက်များကို လှည်းနေသည်။

"အမေ နေနိုင်လိုက်တာ။ ဒီမှာ အမေ့မြေးကို ကြည့်ပါအုံး"

"ဟဲ့ ဆုရတီတို့ ညီအစ်မနှစ်ယောက် ဘယ်ရောက်သွားလဲ"

"အလုပ်က ရှုပ်ရတဲ့အထဲ နင်တို့ကတစ်မျိုး"

"ဟို စမ်းမြ ဘယ်သွားလဲ။ အလုပ်ရှုပ်ပြီဆို သူတို့ကို ပြောနေရပြီ။ အလိုက်ကို မသိကြဘူး။ ခိုင်းမှပဲ လုပ်ကြတော့တယ်"

အမေ၊ မောင်၊ ညီမ၊ သမီးနှစ်ယောက်ကို တန်းစီပြီး ပြောနိုင်သူမှာ မစိုးယု၏ အရည်အချင်းတစ်ရပ်ဟုပင် ဆိုရပေလိမ့်မည်။ မျက်နှာချင်းဆိုင် အိမ်နီးချင်းဖြစ်သောကြောင့် နံနက်မိုးလင်းပြီဆိုသည်နှင့် အစဉ်အမြဲ ကြားနေရသည့် စကားများပင်ဖြစ်သည်။ နံနက်ဆိုင်ဖွင့်ကတည်းက ဒေါ်သင်းကြူ တစ်ချက်မှ မနားရသေးသည်ကို သမီးဖြစ်သူ မစိုးယု အသိဆုံးဖြစ်သည်။ သို့ပါသော်လည်း မြည်တွန်တောက်တီးနေသည့်အသံကို ကြားရသဖြင့် ဦးကြည်လင် သက်ပြင်းချနေမိသည်။

"အစ်ကို ရှုံးအပြန် ပန်းသီးလေးဝယ်ခဲ့ပါအုံး"

"ဝယ်ခဲ့ပါမယ် သက်"

"ဘွားသင်းကြူလဲ ကံဆိုးလိုက်တာ အစ်ကိုရယ်။ အသက်အရွယ်နဲ့မမျှ လုပ်နေရတာ။ ဒါတောင် သမီးက ကြည်ကြည်ဖြူဖြူ မရှိဘူး အစ်ကို"

"အိုကံမကောင်းတော့ အစ်ကိုလဲ မြင်ရကြားရတာ စိတ်မသက်မသာဖြစ်နေမိတာ အမှန်ပဲ သက်ရေ။ ကဲ အစ်ကိုလဲ အလုပ်သွားဖို့ ပြင်တော့မယ်"

(၃)

ကောင်းကင်တွင် တိမ်ရိပ်များ တရိပ်ရိပ်ပြေးလွှားနေသည်။ မကြာမီ မိုးရွာတော့မည်ဟု ဒေါ်သင်းကြူ သိနေသည်။

"အမေ မိုးရွာတော့မယ်။ အဝတ်တွေ ရုတ်ပါအုံး"

သမီးဖြစ်သူ မစိုးယု၏အသံကြောင့် ဒေါ်သင်းကြူလည်တံမတ်သွားသည်။

သမီးဖြစ်သူ၏ ခုနစ်အိမ်ချီသော အသံကြောင့် ဒေါ်သင်းကြူ နှုတ်ဆိတ်နေလိုက်၏။

ထို့နောက် မိုးဖွဲဖွဲကျနေသော်လည်း ညာလက်ကလေးကို ခေါင်းပေါ်တင်အုပ်ကာ အဝတ်တန်းဆီသို့ ပြေးသွားလိုက်သည်။ အဝတ်များကို ရုတ်ပြီးချိန်တွင် ဒေါ်သင်းကြူ အတော်အတန် မောပန်းသွားသည်။ ထို့ကြောင့် ဒေါ်သင်းကြူ ကုလားထိုင်တွင် ထိုင်ကာ ခေတ္တအနားယူနေလိုက်သည်။

"အသုပ် တစ်ပွဲ"

"ဆိုင်ထဲ ဘယ်သူရှိလဲ ညီမ"

ဈေးဝယ်သူအသံကြောင့် သနပ်ခါးလိမ်းနေရာမှ မစိုးယု လှမ်းမေးလိုက်သည်။

"အဘွား သင်းကြူ ရှိတယ်။ အိပ်နေလို့"

"အမယ်လေး ပင်ပန်းနေလိုက်ကြတာ။ အကုန်နားကြဟေ့၊ နားကြ"

ဒေါသရိပ်တက်နေသည့် မျက်နှာဖြင့် စကားစက်သေနတ်ပစ်နေသော မစိုးယုကြောင့် ဒေါ်သင်းကြူ အိပ်ရာမှ ခပ်မြန်မြန်ထကာ အသုပ်တစ်ပွဲ ပါဆယ် ထုပ်ပေးလိုက်လေသည်။

(၄)

အိမ်ရှေ့က ဈေးဆိုင်လေးမှာ ငုတ်တုတ်ကလေး ထိုင်နေသော ဘွားသင်းကြူကို ကြည့်ကာ ကိုကြည်လင် သက်ပြင်းချမိ၏။ မျက်နှာချင်းဆိုင် အိမ်ချင်းကပ်မို့ သူ့အိမ်ကို ကြည့်မိတိုင်း ဈေးဆိုင်ခုံတန်းလေးပေါ်တွင် ထိုင်နေတတ်သည်ကို မြင်နေရသည်။ မြင်တိုင်းလည်း သနားမိသည်။

"နေကောင်းရဲ့လား အဘွား။ ထမင်းကော စားကောင်းရဲ့လား"

"အသက်ကြီးတော့ ကောင်းလိုက်၊ မကောင်းလိုက် ပါပဲ။ ထမင်းလဲ သင့်သလောက်တော့ စားနေတာပါပဲကွယ်"

အားယူဖြေနေရသည့် ဘွားသင်းကြူကို ကြည့်ကာ ကိုကြည်လင် အားပေးသည့်အနေဖြင့် ပြုံးပြလိုက်မိပါသည်။

"ဒီနေ့ ဆိုင်မထွက်ဘူးလား"

"မထွက်ပါဘူး သားရယ်။ သမီးက သူ့ယောက်ျားနယ်က ပြန်ရောက်လို့။ ပဲခူးမှာ သွားကြိုကြတယ်။ ကလေးတွေလဲပါသွားတယ်ကွယ်"

"ဩော်. . . အခု အဘွားတစ်ယောက်ထဲလား"

"ဟုတ်တယ်။ သား အလုပ်နားရက်လား"

"ဟုတ်ပါတယ်။ အဘွားတစ်ယောက်ထဲ ပျင်းနေမှာပေါ့။ အိမ်ကိုအလည်လာလေ။ သက်လဲ ရှိတယ်။ စကားပြောဖော်ရတာပေါ့"

စကားအဆုံးတွင် တောင်ဝှေးကိုအဖော်ပြုလျက် ဘွားသင်းကြူထိုင်ရာမှထကာ ကိုကြည်လင်အိမ်သို့ ရောက်လာလေသည်။

"သက်ရေ လက်ဖက်ရည်လေးလုပ်ပါအုံး။ အဘွားသင်းကြူအတွက်"

"ဟုတ်ကဲ့ အစ်ကို"

"အဘွား ထိုင်ပါအုံး"

"ဒါ သားရဲ့အမေ မြမေ မဟုတ်လား"

"ဟုတ်တယ် အဘွား အမေ့ပုံပါ"

သစ်သားပေါင်ဖြင့် ကွပ်၍ ချိတ်ထားသော ဓာတ်ပုံလေးကို ညွှန်ပြနေသည်။

"မြမေ မြမေ နင်ကတော့ အိုကံလဲကောင်း၊ ဘဝကူးလဲ ကောင်းတယ်။ ကျုပ်ကတော့ အိုကံလဲ မကောင်းခဲ့ဘူး။ ဘဝကူး ကံလေးတော့ ကောင်းချင်တယ် မြမေရယ်"

ကျွန်တော့်မိခင်ဖြစ်သူ၏ ဓာတ်ပုံကိုကြည့်၍ ပြောနေသော ဘွားသင်းကြူကို ကိုကြည်လင် ကရုဏာသက်စွာ ကြည့်နေမိသည်။

"ဒီမှာ လက်ဖက်ရည်ရပြီ အစ်ကို"

"အဘွား လက်ဖက်ရည်သောက်ပါအုံး"

ဘွားသင်းကြူ စတီခုံတွင် ဖြည်းညင်းစွာ ထိုင်လိုက်၏။

"အဘွားနဲ့ မြမေက သိပ်ပြီးခင်ကြတာ။ ကျောင်းနေဖက် သူငယ်ချင်းတွေလေ။ အရမ်းကို စိတ်ကောင်းရှိတာ"

"သူက သားသမီးရတာလဲ ကံကောင်းတယ်ကွယ်"

"အမေ အမေ"

ရုတ်တရက်ပေါ်လာသော အသံကြောင့် အားလုံး၏ အကြည့်က တံခါးဝဆီသို့ တိုးဝှေ့ရောက်ရှိသွားလေသည်။ သမီးဖြစ်သူသည် ဘယ်အချိန် အိမ်ပြန်ရောက်လာလည်း ဘွားသင်းကြူမသိလိုက်ပေ။

"အမယ်လေး အိမ်စောင့်ပါဆို အိမ်လည်နေတယ်။ ဘာမှကို စိတ်မချရဘူး"

ဘွားသင်းကြူသည် ဒေါသတကြီးအော်ဟစ်ပြောဆိုနေသော သမီးဖြစ်သူ မစိုးယုကို နားမလည်နိုင်သော အကြည့်ဖြင့် ငေးကြည့်ကာ ကိုကြည်လင်တို့မိသားစုကို နှုတ်ဆက်၍ သူ့အိမ်ဆီသို့ ပြန်ထွက်သွားလေ၏။

(၅)

"ဘွားသင်းကြူတစ်ယောက် မတွေ့ပါလား သက်"

ညစာ ထမင်းဝိုင်းပြင်နေသော ဇနီးဖြစ်သူကို ကိုကြည်လင် မေးလိုက်သည်။

"နေမကောင်းဘူး အစ်ကို"

"ဟုတ်လား။ ဓာတ်စာလေးဘာလေး ပို့ပေးလိုက်အုံး သက်ရေ"

"မနက်က သွားပို့လိုက်တယ် အစ်ကို။ သက်တော့ သိပ်အားမရဘူး။ ဆေးရုံတင်စေချင်တာ၊ မစိုးယုက လက်ခံမရှိဘူးတဲ့"

"တယ်ခက်ပါလား။ အမေတစ်ယောက်လုံး မကျန်းမာတာ၊ ဘာပဲဖြစ်ဖြစ် အားတဲ့အချိန်လေးသွားပြုစုပေးလိုက်ပါ သက်ရေ။ ကုသိုလ်ရတာပေါ့"

"စိတ်ချအစ်ကို"

"မနှင်းသက်ရေ"

"ရှင် ဘယ်သူလဲ"

မနှင်းသက် အိမ်ရှေ့မှခေါ်သောအသံရှင်ကို ပြန်ထူးရင်း အိမ်ရှေ့သို့ထွက်လာသည်။

"ဟင် မစိုးယု ဘာဖြစ်လို့လဲ၊ မျက်နှာလဲ မကောင်းဘူး"

"ဟို ဟို အမေက မနှင်းသက်တို့လင်မယားကို ခေါ်ခိုင်းလိုက်လို့ပါ"

ထို့နောက် ကိုကြည်လင်တို့ဇနီးမောင်နှံသည် ညစာပင် မစားတော့ဘဲ ဘွားသင်းကြူထံ သွားလိုက်ကြလေသည်။

(၆)

ယနေ့ ဘွားသင်းကြူကွယ်လွန်သွားသည်မှာ တစ်ပတ်ပြည့် ရက်လည်ဆွမ်းကပ်ကြသည်။ သားသမီးများ စုံလင်စွာဖြင့် ကုသိုလ်ယူကြသည်ကို တွေ့မြင်ရသဖြင့် ကိုကြည်လင် စိတ်ချမ်းမြေ့ရသော်လည်း မစိုးယု၏ မကြည်မလင်မျက်နှာကြောင့် စိတ်မကောင်းဖြစ်ရပြန်သည်။

"အစ်ကို မစိုးယုတို့မောင်နှမသုံးယောက် အမွေခွဲကြတယ်လို့ကြားတယ်"

"ဟာ ရက်လည်တာမှ တစ်ပတ်ကျော်ပဲရှိသေးတာကို"

နေ့လယ်စာ စားပြီး လက်ဖက်ရည်သောက်နေစဉ် ဇနီးဖြစ်သူစကားကြောင့် ကိုကြည်လင် အံ့သြစွာ ပြန်ပြောလိုက်မိသည်။

"မစိုးယုက အခုရှင်းမှနောက်လဲရှင်းဆိုပြီး ဒီအိမ်၊ ဒီခြံကတော့ အားလုံးသိပြီးတဲ့အတိုင်းပဲ အရင်ကတည်းက ငါ့ ငွေပြန်အမ်းထားပြီးသားလို့ ပြောလိုက်တယ် အစ်ကို"

ဇနီးသည်၏ စကားကြောင့် ကိုကြည်လင်မျက်နှာ အရောင်ပြောင်းသွား၏။


"မောင်ဖြစ်တဲ့ ကျော်ဆွေကတော့ ပညာအမွေရပြီးသားဆိုပြီး ဘာမှမယူတော့ပါဘူး။ အမေ့အတွက်ပဲ ကုသိုလ်လုပ်ပေးပါ့မယ်လို့ပြောလိုက်တယ်လေ"

"ဩော်. . ."

"ညီမဖြစ်သူကလဲ မယူပါဘူး။ ကျွန်မ စီးပွားရေးလဲအဆင်ပြေနေတယ်။ အမေ့အတွက်ပဲ ရည်စူးပြီး

စာမျက်နှာ ၂၅သို့ ➤

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၅၃၄၁ ဧက ရိတ်သိမ်းပြီးစီး



**မင်းကင်း ဧပြီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနှမ်း၅၃၄၁ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၅၃၄၁ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ရာ တစ်ဧကလျှင် ၁၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မင်းကင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ နှမ်း ၅၃၄၁ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိ ဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ အထွက်နှုန်း ကောင်းမွန်ပါတယ်။ နှမ်းစိုက် ဧကတိုးချဲ့ စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့ အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းနှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# စေတုတ္တရာမြို့နယ် သက်လယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများ စစ်ဆေး

**စေတုတ္တရာ ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သက်လယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဧပြီ ၁၈ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သက်လယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ဖြင့် နေကြာများစိုက်ပျိုးထားရှိမှု၊ နှမ်းစိုက်ပျိုးထားရှိမှု၊ စီမံကိန်းလက်စွဲစာစောင်ပါ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီဆောင်ရွက်ထားခြင်းရှိ၊ မရှိ၊ လစဉ်ပေးပို့ရမည့် စာရွက်စာတမ်းများပြည့်စုံမှုရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်ကာလအတွင်း အတိုးအရင်းငွေများကို ပေးသွင်းစေလိုကြောင်း မှာကြားသည်။

စေတုတ္တရာမြို့နယ် သက်လယ်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နေကြာစိုက်တောင်သူ ၄၄ ဦးမှ စိုက်ဧက ၁၇ ဒသမ ၆၅ ဧကအတွက် ငွေကျပ် ၈ ဒသမ ၁၅ သန်း၊ နှမ်းစိုက်တောင်သူ ခုနစ်ဦးမှ စိုက်ဧက ရှစ် ဧက အတွက် ငွေကျပ် ၁ ဒသမ ၉၅ သန်း စုစုပေါင်းတောင်သူ ၅၁ ဦးမှ ဆီထွက်သီးနှံစိုက်ဧက ၂၅ ဒသမ ၆၅ ဧကအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၁၀ ဒသမ ၁ သန်းထုတ်ချေးပေးထားကြောင်း စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ပြောပြ၍ သိရသည်။

**ကိုညီ**

➤ စာမျက်နှာ ၂၄ မှအဆက်

ကုသိုလ်ပြုမှာပါလို့ဆိုပြီး ဘာမှမယူဘူးလေ"

"ဟုတ်လား။ မိဘအပေါ် သိတတ်ကြတာကောင်းပါတယ်။ မစိုးယုက ကော ဘာပြန်ပြောလဲ"

"နင်တို့စကားအတိုင်းပဲ။ အမေ့မှာ ဘာမှလဲမကျန်ပါဘူး။ မကျန်းမာတုန်းက ကုရတဲ့ဆေးဖိုးနဲ့တင် ကုန်ပြီ။ အကြွေးတောင် တင်လိုက်သေးတယ်လို့ ပြန်ပြောတယ်အစ်ကို"

ဘွားသင်းကြူဆုံးသွားသော်လည်း ကျန်သည့်ပစ္စည်းများကို မစိုးယုတစ်ယောက်သာ လက်ဝါးကြီးအုပ်၍ ရယူလိုက်သည်ကို ကွယ်လွန်သူမိခင်ကြီးသာသိလျှင် များစွာစိတ်ထိခိုက်ရလိမ့်မည်ဟု တွေးလျက် ကိုကြည်လင်ခေါင်းယမ်းနေမိသည်။

(၇)

ကိုကြည်လင်သည် ရုံးပိတ်ရက်မို့ နံနက်စောစောထကာ အိမ်ရှေ့ရှိပန်းပင်လေးများကို ရေလောင်းနေ၏။

"ကိုကြည်လင်"

"မစိုးယုတို့ မောင်နှမတွေပါလား။ ဝင်ခဲ့ပါဗျာ"

"ဘာကိစ္စရှိလို့လဲ မစိုးယု"

"အထွေအထူး မရှိပါဘူး။ ဟိုလေ အမေ မဆုံးခင်က ကိုကြည်လင်ကို စာအိတ်တစ်အိတ် ပေးခဲ့တယ်မဟုတ်လား။ အဲဒါ"

"ဩော်. . . လာပါဗျာ။ အိမ်ထဲဝင်ကြပါအုံး"

"ထိုင်ပါ မစိုးယု၊ လက်ဖက်ရည်လေးလဲ သောက်အုံး"

လက်ဖက်ရည်ဗန်းလေးချကာ မနှင်းသက် ဧည့်ဝတ်ပြုလိုက်၏။

"လာရင်းကိစ္စလေးပြောရအောင်ပါ ကိုကြည်လင်။ အမေ ပေးခဲ့တဲ့စာအိတ်ထဲမှာ ဘာတွေရေးထားလဲ"

"ဘွားသင်းကြူ ဆန္ဒအရ မစိုးယုတို့ မောင်နှမတွေ စုံတဲ့အချိန်ဆိုတော့ ဖွင့်ဖောက်ကြတာပေါ့ဗျာ"

ကိုကြည်လင်၏ စကားကြောင့် မစိုးယု မျက်နှာပျက်သွားသော်လည်းဟန်ဆောင်စကားဆိုလိုက်၏။

"အမေ့ဆန္ဒအတိုင်းပေါ့ရှင်"

"သမီးတို့၊ သားတို့ရေ အမေတစ်ခု မှာခဲ့ချင်ပါတယ်။ အမေ့ရဲ့ သားသမီးတွေဟာ စဉ်းစားဆင်ခြင်နိုင်စွမ်းရှိတဲ့သူတွေဖြစ်တယ်ဆိုတာ အမေယုံတယ်။ ဒါကြောင့် အမေပြောချင်တာလေးကို သားတို့သမီးတို့ သဘောပေါက်ကြလိမ့်မယ်လို့ အမေယူဆပါတယ်ကွယ်။ ဒီစကားလေးက မနက်တိုင်း ကိုကြည်လင်အိမ်က ဖွင့်နေတဲ့ ဆရာတော်အရှင်ဆန္ဒာဓိကဟောကြားခဲ့တဲ့ . . . တရားတော်လေးပါပဲကွယ်"

မိခင်ဖြစ်သူရေးပေးခဲ့သည့် စာရွက်လေးကိုကိုင်ကာ မစိုးယု စာကိုဆက်မဖတ်နိုင်တော့ဘဲဆို့နင့်နေ၏။ မျက်ရည်များက ပါးပြင်ထက် စီးကျလာသည်။

"အမှားကို သိရင် ပြင်လို့ရပါတယ် မစိုးယုရယ်။ အချိန်မနှောင်းသေးပါဘူး"

"ကျွန်မ သဘောပေါက်ပါပြီ ကိုကြည်လင်။ အမှားတွေကိုလဲ ကျွန်မတောင်းပန်ပါတယ်။ မောင်လေးနဲ့ညီမလေးကိုလဲ အစ်မတောင်းပန်ပါတယ်နော်"

စိတ်ရင်းဖြင့်ပြောလာသော အစ်မဖြစ်သူကို နားလည်ခွင့်လွှတ်နေကြသည်ကို ကြည့်ကာ ကိုကြည်လင်လည်း ခေါင်းတဆတ်ဆတ်ညိတ်နေမိသည်။

မစိုးယုတို့ မောင်နှမကို ကြည့်၍ ကိုကြည်လင်၏ စိတ်သည်ပေါ့ပါးနေလျက်။ ထို့နောက် ဘွားသင်းကြူရေးခဲ့သည့် ဆရာတော်အရှင်ဆန္ဒာဓိကဟောကြားခဲ့သော-

"သွေးစပ်တိုင်း ဆွေမျိုးမဖြစ်ပါဘူး။ မေတ္တာစပ်မှ ဆွေမျိုးဖြစ်ပါတယ်။ သွေးစပ်စပ် မစပ်စပ် မေတ္တာစပ်ရင် ဆွေမျိုးပါ၊ သွေးစပ်စပ် မစပ်စပ် မေတ္တာမစပ်ရင် သူစိမ်းပါ၊ သွေးစပ်ဆွေမျိုးရှိရုံနဲ့ ဘာမှ အကျိုးမထူးနိုင်ပါဘူး။ မေတ္တာစပ်၊ ဆွေမျိုးရှိမှ ကိုယ့်ဘဝ အကျိုးထူးနိုင်တာပါ" ဟူသည့် တရားတော်ကို အသံထွက်ရွတ်နေမိပါတော့၏။

## နွေ၏အလှ

- လရောင်အဆမ်း မြေလမ်းကလေး
  အေးမြသာစွ ဖြူလွလွနှင့်
  လရောင်ဖြိုးဖြောက် ရွှက်ခြောက်လေးလည်း
  စက်မေးအအိပ် တိုးတိတ်တိတ်ငယ်
  ကဗျာနယ်ကို
  လွမ်းဖွယ်ဖော်ညို နွဲ့လေ၏။

- လေပြည်အနေ့ ပြေလျော့လျော့နှင့်
  ကြွေတော့ရွက်ဝါ ဘယ်ခါမတွေ့
  ကြွေ့ကြွေ့သက်ဆင်း
  လွမ်းချင်းသီဖွဲ့ နွဲ့လေ၏။

- လှခေါင်ကျူးကျူး တန်ခူးအရောက်
  နွေတစ်လျှောက်မှာ ဖြေဖျော်ပါလည်း
  နီလာအချို့ မြတစ်စို့နှင့်
  ရွှက်ရင့်ကြွေကျ မျက်ဖြေပြဆို
  မျက်ရည်ယိုပြီ
  လွမ်းသီကုံးဖွဲ့ နွဲ့လေ၏။

- အကိုင်းအခက် အဖော်မဲ့စဉ်
  ဤသစ်ပင်ကို နားခိုခေတ္တ
  တေးသံမြနှင့် ထူးတင့်ရန့်
  ဆွတ်ပျံ့ကြည်မွေး ဥဩလေးလည်း
  လွမ်းတေးဆိုပြ ခါသမယ၌
  ပင်အိုအလွမ်း မျက်ရည်စမ်းမှာ
  စီးမျောလာခဲ့ နွဲ့လေ၏။

- ပေါက်လဲငုံပွင့် နီကြင့်ကြင့်က
  ယှဉ်၍မရ ကံ့ကော်လှကို
  တုပဆိုပွင့် နေရင့်ရင့်မှာ
  နီတျာတျာဖွဲ့ နွဲ့လေ၏။

- ငွေလရိပ်မှာ ကွေ့ကာစီးဆင်း
  နုယဉ်ခြင်းဖွဲ့ တေးနွဲ့နွဲ့နှင့်
  ညင်းတွဲ့သံရှင် စမ်းရေယဉ်လည်း
  နွေနေထဲဖွဲ့ နွဲ့လေ၏။

- နွဲ့ပင်နွဲ့လျက် နွေအဖွဲ့ကို
  ရေးဆိုသီကုံး ဘယ်မဆုံးနိုင်
  ခွေနုံးယိုင်ချည့် တပ်မသိပြီ
  နွေသည်နွဲ့ပင် နွဲ့လွန်းတကား။ ။

**ယဉ်ယဉ်(ဘက်ရဲ)**

# အာရှ-ပစိဖိတ်ဒေသအတွင်း အမေရိကန်၏မြေပြင်အခြေစိုက် ဒုံးပစ်စနစ်များဖြန့်ကြက်မှုနှင့် တရုတ်နိုင်ငံ၏တုံ့ပြန်မှု

အင်ဒို-ပစိဖိတ်ဒေသအတွင်း အင်အားကြီးနိုင်ငံများ နယ်ပယ်စုံအားပြိုင်မှုသည် အချိန်အတန်ကြာကပင် စတင်ခဲ့ပြီးဖြစ်သည်။ ယခုအခါ စစ်ရေးနယ်ပယ်၌ အားပြိုင်မှုသည် သိသိသာသာအားကောင်းလာခဲ့သည်။ မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်များကို ကာကွယ်ရန်အကြောင်းပြ၍ တောင်ကိုရီးယား၌ ဝေဟင်အမြင့်ပိုင်းကာကွယ်ရေးစနစ် (THAAD)များ ဖြန့်ကြက်ရေးလုပ်ဆောင်ခဲ့သည့် အမေရိကန်သည် ယခုအခါ တာလတ်ပစ်ဒုံးပစ်စနစ်များဖြန့်ကြက်ရေးကို လုပ်ဆောင်လာခဲ့သည်။ ထိုသို့ ဖြန့်ကြက်ရေးလုပ်ဆောင်မှုသည် တရုတ်နိုင်ငံကိုဟန့်တားရန်ဖြစ်သည်ဟု အမေရိကန်၏ အင်ဒို-ပစိဖိတ်ဒေသကွပ်ကဲမှုဌာနချုပ်မှူးဖြစ်သူ ဗိုလ်ချုပ်ကြီး ချာလီဖလင်းက ပြောကြားခဲ့သည်။

အင်ဒို-ပစိဖိတ်ဒေသတွင် အဆင့်မြင့် SM-6 နှင့် Tomahawk ဒုံးကျည်များကို ပစ်ခတ်နိုင်သည့် မြေပြင်အခြေစိုက် ဒုံးပစ်လောင်ချာများ ဖြန့်ကြက်ချထားရန်အစီအစဉ်ကို အမေရိကန်က ကြေညာခဲ့သည်။ ၂၀၂၄ ခုနှစ် ဧပြီ ၇ ရက်တွင် တောင်ကိုရီးယား Yonhap သတင်းအေဂျင်စီက အမေရိကန်၏ အင်ဒို-ပစိဖိတ်ဒေသကွပ်ကဲမှုဌာနချုပ်မှူးဖြစ်သူ ဗိုလ်ချုပ်ကြီး ချာလီဖလင်းနှင့် တွေ့ဆုံမေးမြန်းစဉ် ၎င်းက အတည်ပြုခဲ့ခြင်းဖြစ်သည်။ အဆိုပါတပ်ဖြန့်မှုသည် ဒေသတွင်းတွင် တိုးမြင့်လာနေသောလုံခြုံရေးခြိမ်းခြောက်မှုများကို ဖြေရှင်းရန် ရည်ရွယ်သည်ဟုဆိုသည်။

အမေရိကန်၏ အင်ဒို-ပစိဖိတ်ဒေသကွပ်ကဲမှုဌာနချုပ်မှူးဖြစ်သူ ဗိုလ်ချုပ်ကြီးဖလင်းက SM-6 ကြားဖြတ် ဒုံးခွင်းဒုံးများနှင့် ရေကြောင်းမှပစ်လွှတ်သည့် တိုမာဟော့ခ်ဒုံးကျည်အသစ်၏ ဖြန့်ကြက်ရေးလုပ်ဆောင်မှုကို ကြည်းတပ်၏ မဟာဗျူဟာမြောက် တုံ့ပြန်မှုအဖြစ် မီးမောင်းထိုးပြခဲ့သည်။ ၎င်းစနစ်သည် ယခုနှစ်အတွင်း ဒေသတွင်း၌ ဖြန့်ကြက်မည့်လက်နက်အမျိုးအစားများကို ပထမဆုံးတရားဝင် အတည်ပြုခြင်းလည်းဖြစ်သည်။

**ဒုံးကျည်များ၏ စွမ်းရည်များ**

SM-6 ဒုံးကျည်သည် ရေသီယွန်ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသော အလိုက်သင့်လုပ်ဆောင်သည့် ဘက်စုံသုံး၊ ရေတပ်သုံးဒုံးကျည်ဖြစ်ပြီး ရေတပ်လေကြောင်းရန်မှ ကာကွယ်ရန် ဒီဇိုင်းထွင်ထားသည့် စနစ်ဖြစ်သည်။ တောင်ပံပါ လေယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် ၎င်း၏ အဆင့်မြင့်ဖွဲ့စည်းပုံများအပါအဝင် ခြိမ်းခြောက်မှုမျိုးစုံကို တိုက်ဖျက်နိုင်စွမ်းရှိသည်။ ၎င်းတွင် ကြောက်မက်ဖွယ်ကောင်းသော လေကြောင်းကာကွယ်ရေးစစ်ပွဲ (AAW)၊ ရေပြင်စစ်ဆင်မှုစစ်ပွဲ (ASuW) နှင့် နောက်ဆုံးအဆင့် ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေး (TBMD) စွမ်းရည်များကို ပြသထားသည်။ ၎င်းဒုံးကျည်သည် Aegis တိုက်ခိုက်ရေးစနစ်၏ အကူအညီဖြင့် မိုးကုပ်စက်ဝိုင်းအလွန် ဝေးကွာသည့်ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်သည်။

SM-6 ဒုံးကျည်သည် တိုးချဲ့ထားသည့် ထိတွေ့မှုအကွာအဝေးပိုင်းတွင် ထင်ရှားလျက်ရှိသည်။ ၎င်း၏ အဆင့်မြင့် တွန်းကန်မှုစနစ်၊ နောက်ဆုံးပေါ် ရေဒါထောက်လှမ်းမှုနှင့် အချက်ပြလုပ်ဆောင်နိုင်မှုတို့ကြောင့် ပစ်မှတ်များကို ကီလိုမီတာ ၄၅၀ (ရေမိုင် ၂၄၀) အကွာအဝေးထိ တိုက်ခိုက်နိုင်စွမ်းရှိသည်။ ၎င်း၏ကွန်ရက်ချိတ်ဆက်ချင်းကပ်မှုသည် ပစ်ခတ်မှုထိန်းချုပ်ရေးအတွက် အခြားစနစ်များနှင့် ချောမွေ့စွာ ပေါင်းစည်းနိုင်စေသည်။ ၎င်းစနစ်က ဒုံးကျည်၏ တိုက်ခိုက်ရေးစွမ်းရည်ကို သိသာထင်ရှားစွာ မြှင့်တင်ပေးပြီး ခေတ်ပြိုင်ရေတပ်ကာကွယ်ရေးဗျူဟာများတွင် အဓိကကျသောအစိတ်အပိုင်းတစ်ခုဖြစ်လာစေသည်။

တိုမာဟော့ခ်ဒုံးကျည်သည် အမေရိကန်ရေတပ်နှင့် ဗြိတိန်ရေတပ်က အသုံးပြုသည့် အလွန်ခေတ်မီသော တာဝေးပစ်တိကျပဲ့ထိန်းဒုံးကျည်ဖြစ်သည်။ မြေပြင်တိုက်ခိုက်ရေးစစ်ပွဲအတွက် ဒီဇိုင်းထုတ်ထားသည့် တိုမာဟော့ခ်ဒုံးကျည်သည် ဝေးကွာသောအကွာအဝေးမှ တန်ဖိုးကြီးသော သို့မဟုတ် အခိုင်အမာကာကွယ်ထားသောမြေပြင်ပစ်မှတ်များကို ထိထိရောက်ရောက်တိုက်ခိုက်နိုင်စွမ်းရှိသည်။ ၎င်းကို စစ်ရေယာဉ်များ၊ ရေငုပ်သင်္ဘောများ၊ မြေပြင်အခြေစိုက်ဒုံးပစ်စင်များမှပစ်ခတ်နိုင်သောကြောင့် နယ်ပယ်မျိုးစုံတွင် မဟာဗျူဟာမြောက် ဘက်စုံအသုံး



**အမေရိကန်၏ မြေပြင်အခြေစိုက်ဒုံးပစ်စနစ်ဖြန့်ကြက်မှု။**

ဝင်မှုကို မြှင့်တင်ပေးသည်။ ခန့်မှန်းခြေအားဖြင့် မိုင် ၁၀၀၀ (၁၆၀၉ ကီလိုမီတာခန့်) အကွာအဝေးထိ ရောက်ရှိပြီး အဆင့်မြင့်လမ်းညွှန်စနစ်များကို အသုံးပြု၍ ၎င်း၏ ပစ်မှတ်သို့ အလိုအလျောက်သွားရောက်ထိမှန်စေသည်။

တိုမာဟော့ခ်ဒုံးကျည်ကို သမားရိုးကျ သို့မဟုတ် နျူကလီးယားထိပ်ဖူးများ တပ်ဆင်နိုင်သည်။ ထိုသို့ တပ်ဆင်မှုက ၎င်းကိုမဟာဗျူဟာမြောက် အဟန့်အတားနှင့် သမားရိုးကျ တိုက်ခိုက်မှုစစ်ဆင်ရေးများတွင် လိုက်လျောညီထွေဖြစ်စေသော လက်နက်တစ်ခုဖြစ်စေသည်။ တိကျသောပစ်မှတ်အတွက် ပျံသန်းမှုတွင် လမ်းကြောင်းကို ပြန်လည်ပြောင်းလဲနိုင်မှုနှင့် ၎င်း၏ သက်သေပြထားပြီးဖြစ်သည့် တိုက်ခိုက်ရေးထိရောက်မှုတို့သည် ဒုံးကျည်ကို ၁၉၈၀ ပြည့်လွန်နှစ်များတွင် စတင်မိတ်ဆက်ကတည်းက အမေရိကန်နှင့် မဟာမိတ်တို့၏ ခရုဇ်ဒုံးကျည်စွမ်းရည်များ၏ အုတ်မြစ်ဖြစ်လာခဲ့သည်။

ဒုံးကျည်များဖြန့်ကြက်မှုနှင့်ပတ်သက်၍ ကာကွယ်ရေးဆိုင်ရာကျွမ်းကျင်သူများကြားတွင် ခန့်မှန်းမှုအမျိုးမျိုးထွက်ပေါ်ခဲ့သည်။ အမေရိကန်ကြည်းတပ်သည် ဒုံးပစ်စနစ်များ ဖြန့်ကြက်ရေးအတွက် ၂၀၂၃ ခုနှစ်ကတည်းက လုပ်ဆောင်ခဲ့ပြီး မြေပြင်အခြေစိုက် Typhon စနစ်ပါဝင်နိုင်သည်ဟု ကာကွယ်ရေးကျွမ်းကျင်သူများ၏ ခန့်မှန်းချက်များအရ အကြံပြုထားသည်။ အနောက်ပစိဖိတ်သမုဒ္ဒရာရှိ မဟာဗျူဟာမြောက်အမေရိကန်ပိုင်နက်ဖြစ်သောဂူအမ်ကို အဆိုပါစနစ်အတွက် အလားအလာရှိသောနေရာတစ်ခုအဖြစ် ဂျပန်မီဒီယာများက ဖော်ပြထားသည်။

**မဟာဗျူဟာအပြောင်းအလဲ**

ဤတပ်ဖြန့်မှုသည် တာလတ်ပစ်နျူကလီးယားတပ်ဖွဲ့ (Intermediate-Range Nuclear Forces -INF) ကို တားမြစ်ထားသည့်စာချုပ်ကို ၁၉၈၇ခုနှစ်ကတည်းက ဆိုဗီယက်ပြည်ထောင်စုနှင့် စာချုပ်ချုပ်ဆိုပြီး နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဒေသတွင်းရှိ အမေရိကန်စစ်ရေးမဟာဗျူဟာတွင် အရေးပါသော ပြောင်းလဲမှုတစ်ခုဖြစ်သည်။ စာချုပ်အရ အကွာအဝေး ကီလိုမီတာ ၅၀၀ မှ ၅၅၀၀ကြား ရောက်ရှိသော ဒုံးကျည်များ၊ သမားရိုးကျမြေပြင်ပစ်ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များနှင့် ဒုံးပစ်လောင်ချာများထားရှိခြင်းကို ယခင်က တားမြစ်ထားသည်။ ၂၀၁၉ ခုနှစ်တွင် INF သဘောတူညီချက်မှ အမေရိကန်နုတ်ထွက်ခြင်းသည် အင်ဒို-ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံ၏ နယ်မြေပိုင်ဆိုင်ကြောင်း အခိုင်အမာ လုပ်ဆောင်မှုများကို တုံ့ပြန်ရန်အတွက် တာလတ်ပစ်ဒုံးကျည်အသစ်များတီထွင်ဖန်တီးခြင်းနှင့် ဖြန့်ကြက်ခြင်းအတွက် လမ်းခင်းပေးခဲ့သည်။

**ဖြန့်ကြက်မှုအကြောင်းရင်း**

၂၀၂၄ ခုနှစ် ဧပြီ ၃ ရက်တွင် မြောက်ကိုရီးယား၏ ဟိုက်ပါဆောနစ် တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်သစ် Hwasongpho-16B စမ်းသပ်ပစ်ခတ်မှုအပြီးရက်ပိုင်းအကြာတွင် အမေရိကန်၏ ဒုံးကျည်ဖြန့်ကြက်မှုသတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။ မြောက်ကိုရီးယားက ၎င်း၏ ဒုံးကျည်များသည် ယခုအခါ လောင်စာအခဲနှင့် နျူကလီးယားစွမ်းရည်ကို မြှင့်တင်ပေးထားပြီး ထိပ်ဖူးထိန်းချုပ်မှု တိုးမြှင့်လုပ်ဆောင်နိုင်ပြီဖြစ်သည်ဟုဆိုထားသည်။

ဟိုက်ပါဆောနစ်ဒုံးကျည်များသည် ၎င်းတို့၏ မြန်နှုန်းမြင့်မှု၊ ပျံသန်းမှုလမ်းကြောင်းများကို ပြောင်းလဲနိုင်မှုနှင့် အမြင့်ပေနိမ့်သောပျံသန်းမှုတို့ကြောင့် လက်ရှိဒုံးကျည်ကာကွယ်ရေးစနစ်များကို စိန်ခေါ်မှုတစ်ရပ်ဖြစ်စေသည်။ ၎င်းတိုးတက်မှုများကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်တပ်ဖွဲ့များသည် တောင်ကိုရီးယား၏ Cheongung တာလတ်ပစ်ဒုံးကျည်ကာကွယ်ရေးစနစ်ဖြင့် ဖြည့်စွက်ထားသော PAC-3 နှင့် THAAD ဒုံးကျည်ကာကွယ်ရေးစနစ်များဖြန့်ကြက်ရေးကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း ရုရှားက စစ်ဘက်ဆိုင်ရာအထောက်အပံ့များနှင့် လဲလှယ်ပေးသည်ဟု စွပ်စွဲထားသော မြောက်ကိုရီးယား၏ တိုးတက်နေသည့် လက်နက် အစီအစဉ်များနှင့် ပတ်သက်၍ စိုးရိမ်မှုများကြီးထွားလာခဲ့သည်။

**တရုတ်နိုင်ငံ၏တုံ့ပြန်မှု**

အာရှ-ပစိဖိတ်ဒေသတွင် အမေရိကန်က တာလတ်ပစ်ဒုံးကျည်များ ဖြန့်ကြက်ချထားခြင်းကို တရုတ်နိုင်ငံက ကန့်ကွက်ပြီး အခြားနိုင်ငံများ၏ လုံခြုံရေးအကျိုးစီးပွားကိုလေးစားရန် အမေရိကန်ကို တောင်းဆိုခဲ့သည်ဟု တရုတ်နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ်မော်နင်းက ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ အာရှ-ပစိဖိတ်ဒေသအတွင်း အမေရိကန်က တာလတ်ပစ်ဒုံးကျည်များ ဖြန့်ကြက်ချထားခြင်း သို့မဟုတ် တစ်ဖက်သတ်စစ်ရေးအရ အသာစီးရစေရန်အတွက် တရုတ်နယ်စပ်အနီး ၎င်းတပ်ဖွဲ့များ ဖြန့်ကြက်မှုမြှင့်တင်ခြင်းကို တရုတ်နိုင်ငံက အမြဲတမ်းကန့်ကွက်ကြောင်း တရုတ်သံတမန်က ပြောကြားခဲ့သည်။ လုံခြုံရေးနယ်ပယ်ရှိ အခြားနိုင်ငံများ၏ အကျိုးစီးပွားကို ရိုသေလေးစားပြီး အာရှ-ပစိဖိတ်ဒေသတွင် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုကို ပျက်ပြားစေမည့် လုပ်ရပ်များရပ်တန့်ရန် မော်နင်းက အမေရိကန်ကို တောင်းဆိုခဲ့သည်။

ခြုံ၍ဆိုရလျှင် အမေရိကန်၊ တရုတ်၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ ဂျပန်၊ ဩစတြေးလျနှင့် တရုတ်(တိုင်ပေ)တို့သည် ၎င်းတို့၏ လက်နက်များကို တိုးချဲ့ရန်လုပ်ဆောင်နေခြင်းကြောင့် ၂၀၃၀ပြည့်နှစ်များတွင် အင်ဒို-ပစိဖိတ်ဒေသသည် ထောင်ပေါင်းများစွာသော ဒုံးကျည်အသစ်များဖြင့် ပြည့်နှက်လာမည်ဟု သုတေသီများက ခန့်မှန်းထားသကဲ့သို့ ၎င်းအခြေအနေအပေါ် အမေရိကန်တို့က လွန်စွာစိုးရိမ်လျက်ရှိသည်။ သို့သော် အဆိုပါလှုပ်ရှားမှုသည် ဒုံးကျည်တည်ဆောက်မှုနှင့် ဖြန့်ကြက်ခြင်းဆိုင်ရာ လက်နက်ပြိုင်ဆိုင်မှုကို ဖြစ်ပေါ်စေနိုင်သည်မှာ ဧကန်မလွဲပင်ဖြစ်သည်။ စစ်အေးတိုက်ပွဲကာလအတွင်းက အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့ကြား ကျူးဘားဒုံးကျည်အရေးအခင်းသည် တတိယကမ္ဘာစစ်ကို ဦးတည်စေနိုင်သည်ထိ အန္တရာယ်များသကဲ့သို့ ဂျပန်နိုင်ငံအတွင်း အမေရိကန်၏ ယခုကဲ့သို့ ဖြန့်ကြက်ရန် စီစဉ်မှုများသည် ဒေသတွင်းကြီးမားသည့် လုံခြုံရေးဆိုင်ရာရှုပ်ထွေးမှုအန္တရာယ်ကို ဦးတည်စေနိုင်ကြောင်း သုံးသပ်ဖော်ပြလိုက်ရသည်။

**ကိုးကား**


(1) US Plans to Deploy Ground-Based Missile Launcher Systems in Indo-Pacific Region Amid North Korea Threats, Defense News , April 2024.

(2) China firmly against US deploying missiles in Asia-Pacific, TASS, April 2024.


နေရှား(သုတေသန)

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မွန်ပြည်နယ်ရှိ ခရီးသွားဒေသများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၁၂၅၀၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့



စက်စဲကမ်းခြေကိုတွေ့ရစဉ်။

**မော်လမြိုင် ဧပြီ ၁၉**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မွန်ပြည်နယ်ရှိ ခရီးသွားဒေသများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၁၂၅၀၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မွန်ပြည်နယ်)ညွှန်ကြားရေးမှူး ဦးဇေယျာထွန်းက ပြောပြ၍ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မွန်ပြည်နယ်ရှိ ခရီးသွားဒေသများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်ရာတွင် ပြည်တွင်းခရီးသွားဦးရေ ၁၂၀၀၀၀၀ ကျော်နှင့် ပြည်ပခရီးသွားဦးရေ ၅၀၀၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်းမှာ မွန်ပြည်နယ်မှာရှိတဲ့ ခရီးသွားဒေသတွေကို ပြည်တွင်း၊ပြည်ပခရီးသွားတွေ လာရောက်လည်ပတ်မှုကတော့ ပြည်တွင်း ခရီးသွားအယောက် ၁၂၀၀၀၀၀ ကျော်နဲ့ ပြည်ပခရီးသွား အယောက် ၅၀၀၀၀ ကျော်ရှိခဲ့ပါတယ်။ ပြည်တွင်း၊ပြည်ပခရီးသွားတွေ အဓိကလာရောက်လည်ပတ်တဲ့ ခရီးသွားဒေသတွေကတော့ ကျိုက်ထိုက ကျိုက်ထီးရိုးစေတီ၊ သံဖြူဇရပ်က ကျိုက္ကမီရေလယ်ဘုရား၊ စက်စဲကမ်းခြေ၊ မော်လမြိုင်မှာဆိုရင်တော့ ကျိုက်သလွံစေတီ၊ တောင်ဝိုင်းတောင်၊ မော်လမြိုင်ဗျူပွိုင့်၊ ပေါင်မှာရှိတဲ့ ဇင်းကျိုက်ရေတံခွန်၊ လက်မှုလုပ်ငန်းတွေ လေ့လာကြည့်ရှုနိုင်တဲ့ ချောင်းဆုံဘီလူးကျွန်းဒေသက ရွာလွတ်ဒေသတွေပဲ ဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးဇေယျာထွန်းက ပြောပြသည်။

မွန်ပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်လေ့ရှိသည့် ခရီးသွားဒေသ ၆၃ နေရာကို ဖော်ဆောင်ထားပြီး လက်ရှိကာလတွင် သံဖြူဇရပ်မြို့နယ်၌ ကျောက်ပန်းချိကမ်းခြေ၊ မော်လမြိုင်မြို့နယ် ကမ်းနားတွင် မြစ်ကြောင်းသွားဆည်းဆာကြည့် သင်္ဘောစီးခရီးစဉ်၊ ချောင်းဆုံမြို့နယ်တွင် ရေပူစမ်းခရီးစဉ်သစ်တို့ကိုလည်း ဖော်ဆောင်ထားကြောင်း သိရသည်။ ASH

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆီထွက်သီးနှံစုံ ၂၄၀၀၁ ဧက ရိတ်သိမ်းပြီးစီး

**ချောင်းဦး ဧပြီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆီထွက်သီးနှံစုံ ၂၄၀၀၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆီထွက်သီးနှံစုံစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၄၀၀၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံစုံ ၂၄၀၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ စိုက်ပျိုးထားတဲ့စိုက်ခင်းတွေ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စားသုံးဆီဖူလုံရေးနဲ့ ဆီထွက်သီးနှံတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေတယ်"ဟု မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။



ချောင်းဦးမြို့နယ်တွင် ဆီထွက်သီးနှံအလိုက် ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြေပဲ ၅၉၀၄ ဧက၊ နှမ်း ၁၅၂၅၇ ဧက၊ နေကြာဧက ၂၈၄၀ ဖြစ်ကြောင်း၊ မြေပဲတစ်ဧကလျှင် ၆၂ ဒသမ ၈၅ တင်း၊ နှမ်းတစ်ဧကလျှင် ၁၂ ဒသမ ၇၅ တင်း၊ နေကြာတစ်ဧကလျှင် ၂၆ ဒသမ ၈၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၂၄၂၀၂ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၂၄၀၀၁ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆီထွက်သီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# မောက်မယ်မြို့နယ် လွိုင်ကောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

**မောက်မယ် ဧပြီ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် လွိုင်ကောင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဧပြီ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ လွိုင်ကောင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

လွိုင်ကောင်ကျေးရွာ၌ အရှည် ပေ ၁၀၀၀၊ အကျယ် ကိုးပေနှင့် အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၆ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၅ သန်း စုစုပေါင်းငွေကျပ် ၁၆ ဒသမ ၅ သန်းအသုံးပြု၍ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် မတ်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# သုံးခွမြို့နယ် ရဲနွံ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သုံးခွ ဧပြီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရဲနွံ့ကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းချိုက ရဲနွံ့ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရဲနွံ့ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၈ ဒသမ ၆၂ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရဲနွံ့ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၂၈၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၈ ဒသမ ၆၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုးသန်းညွန့်**

# စလင်းမြို့နယ် တောင်ပိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ပိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧပြီ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တောင်ပိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်နေမှုများ၊ လစဉ်ဖြည့်သွင်းရမည့် ပုံစံ(၇)မျိုး စာအုပ်များတွင် စနစ်တကျဖြည့်သွင်းထားမှုရှိ၊ မရှိ၊ စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

တောင်ပိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၅ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၃၉ ဒသမ ၄ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၈ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၄ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၁၀ ကို ငွေကျပ် သန်း ၅၀ ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းရိုး**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



ခရီးသွားဆောင်းပါး

# အရောက်သွားစို့ဇလွန်မြို့ ထင်ပေါ်ကျော်ကြားပြည်တော်ပြန်ဘုရား

သက်နိုင်(ပြင်ဦးလွင်)

ပြင်ဦးလွင်မြို့ကနေ စတင်ထွက်ခွာလာကြတဲ့ မောင်နှမတစ်တွေရဲ့ ဘုရားဖူးခရီးစဉ်က မကွေးမြို့ မြသလွန်စေတီတော်၊ မင်းဘူးမြို့မန်းရွှေစက်တော်နဲ့ အထင်ကရနေရာတွေ၊ ပုပ္ပားတောင်၊ တောင်တွင်းကြီးမြို့၊ နေပြည်တော်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုလေ့လာခဲ့ကြအပြီး အုတ်တွင်းမြို့မှာ တစ်ညတာရပ်နားအိပ်စက်ပြီးတာနဲ့ ရန်ကုန်မြို့ကို ဆက်လက်ထွက်ခွာ ခရီးနှင်ခဲ့ကြတယ်။ အုတ်တွင်းမြို့ကနေ မနက်စောစောအိပ်ရာထ စားသောက်ကြပြီးတာနဲ့ စတင်ထွက်ခွာလာကြတာကြောင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်ကိုလဲ စောစောစီးစီး ရောက်ရှိလာကြတယ်။ အမြန်လမ်းမကြီးပေါ်မှာတော့ အသွားကား၊ အပြန်ကားတွေ ဥဒဟိုသွားလာနေကြပါပြီ။ အုတ်တွင်းမြို့ကနေ ရန်ကုန်မြို့ရောက်တဲ့ထိ ၁၆၆ မိုင် မောင်းနှင်ရပါအုံးမယ်။

ဘုရားကြီးလမ်းခွဲကိုကျော်လွန်လာပြီး မကြာခင်မှာ မိတ်ဆွေတစ်ယောက်ရဲ့ စိုက်ပျိုးရေးခြံကြီးတစ်ခြံကို ဝင်ရောက်ကြည့်ရှုလေ့လာကြတယ်။ အမြန်လမ်းမကြီးဘေးမှာကပ်လျက်ရှိနေတဲ့ စိုက်ပျိုးရေးခြံကြီးက ဧကပေါင်းများစွာကျယ်ဝန်းသလို သီးပင်စားပင်တွေလဲ စုံလင်နေတာကို တွေ့မြင်နေရတယ်။ သရက်၊ ပိန္နဲ၊ ဩဂါ၊ မာလကာတွေအပြင် ဒူးရင်းသီးပင်တွေပါ အောင်မြင်ဖြစ်ထွန်းနေတာကို တွေ့ရတာကြောင့် အံ့ဩနေကြရတယ်။ ခြံထဲမှာလေ့လာကြည့်ရှုကြပြီးတာနဲ့ မိတ်ဆွေခြံရှင်က နေ့လယ်စာထမင်းနဲ့ညှိခံကျွေးမွေးတယ်။ ဒါပေမဲ့ စိုက်ပျိုးရေးခြံထဲက ခြံထမင်း၊ ခြံဟင်းမဟုတ်ဘဲ ဘုရားကြီးလမ်းခွဲထိ နောက်ပြန်လှည့်သွားကြရပြီး ဆိုင်ကြီးတစ်ဆိုင်မှာသွားရောက်စားသောက်ကြရတာပါ။

ဘုရားကြီးလမ်းခွဲမှာ နေ့လယ်စာထမင်းစားသောက်ပြီးကြတာနဲ့ ရန်ကုန်မြို့ရှိရာကို ဆက်လက်ထွက်ခွာလာကြတယ်။ ဘုရားကြီးနဲ့ရန်ကုန်မြို့က အလွန်ဝေးကွာခြင်းမရှိတော့တာကြောင့် မကြာခင်မှာ ရန်ကုန်မြို့အဝင် အမှတ် (၃) လမ်းမကြီးထိပ်ကို ရောက်ရှိလာကြတယ်။ ကားမောင်းနေရင်းနဲ့ မောင်နှမတွေကို ရန်ကုန်မြို့အတွင်း ဘယ်နေရာသွားချင်ကြသေးလဲ၊ ရွှေတိဂုံစေတီတော် ဖူးချင်သေးလားမေးကြည့်တော့ ဘယ်မှမသွားတော့ဘူး၊ မဖူးတော့ဘူးဆိုတာနဲ့ အမှတ် (၃)လမ်းမကြီးကနေ ခရေပင်လမ်းခွဲ၊ ခရေပင်လမ်းခွဲကနေ သမိုင်းလမ်းဆုံ၊ သမိုင်းလမ်းဆုံကနေ လှိုင်မြစ်ကူးတံတားကြီးကိုဖြတ်ကျော်ပြီး ရန်ကုန်-ပုသိမ်လမ်းမကြီးအတိုင်း မောင်းနှင်လာခဲ့လိုက်တယ်။ အမှတ် (၃) လမ်းမကြီးကို ဝင်ရောက်လိုက်ကတည်းကစပြီး လှိုင်သာယာမြို့ကို ကျော်လွန်လာပြီးတဲ့ထိ ရန်ကုန်မြို့ရဲ့ထုံးစံအတိုင်း လမ်းရှုပ်ရှုပ်၊ ယာဉ်ရှုပ်ရှုပ်၊ လူရှုပ်ရှုပ်တွေနဲ့ ရင်ဆိုင်ကြုံတွေ့ ဖြတ်သန်းမောင်းလာခဲ့ရတယ်။

ရန်ကုန်-ပုသိမ်လမ်းအတိုင်း ဖြည်းဖြည်းမှန်မှန်မောင်းလာရင်း မကြာခင်မှာ လမ်းရှင်း၊ ယာဉ်ရှင်းဖြစ်လာသလို ရန်ကုန်မြို့တွင်းမှာ ပူအိုက်ခဲ့သမျှ လေလေးတဟူးဟူးနဲ့ အေးမြလာခဲ့တယ်။ လမ်းဘေးဝဲယာပတ်ဝန်းကျင်တစ်လျှောက်မှာလဲ ငါးမွေးမြူရေးကန်ကြီးတွေ၊ ဥယျာဉ်ခြံတွေ၊ ချောင်းတွေမြောင်းတွေ၊ သစ်ပင်စိမ်းစိမ်းတွေကို အဆက်မပြတ်ဆိုသလို တွေ့မြင်လာရတယ်။ ချောင်းတွေ၊ မြောင်းတွေ၊ ရေကန်တွေ၊ သစ်ပင်စိမ်းစိမ်းတွေကို မြင်တွေ့လိုက်ရတာနဲ့ စိတ်ထဲမှာလဲ အလိုလိုလန်းဆန်းလာခဲ့ရတယ်။

ရန်ကုန်မြို့ ဘုရင့်နောင် လှိုင်မြစ်ကူးတံတားကနေ ရန်ကုန်-ပုသိမ်လမ်းမကြီးပေါ်က မဲဇလီလမ်းဆုံထိ ၂၂ မိုင်သာရှိနေလို့ ဘေးပတ်ဝန်းကျင်က ရှုခင်းတွေကို ကြည့်ရင်း၊ ကားမောင်းရင်း မဲဇလီလမ်းဆုံရှိရာကို ရောက်လာကြတယ်။ မဲဇလီလမ်းဆုံကနေ တူတွေ၊ တူမတွေရှိတဲ့ ဆားမလောက်မြို့ကို နောက်ထပ်ခြောက်မိုင်ကျော်သာ ဆက်လက်မောင်းနှင်ရတော့မှာပါ။ လမ်းတွေကကောင်းလဲကောင်း၊ ရှင်းလဲရှင်းနေတာကြောင့် ဆားမလောက်မြို့ကို မကြာမီအချိန်တွင်းမှာ ရောက်လာခဲ့ကြတယ်။ ဆားမလောက်က မအူပင်မြို့နယ်အတွင်းမှာရှိတဲ့ သာမန်မြို့ငယ်လေးတစ်မြို့ပါ။ ရောက်ရောက်ချင်း လာရောက်စောင့်ဆိုင်းကြိုဆိုနေကြတဲ့ တူတွေ၊ တူမတွေကို ပေးစရာရှိတာပေး၊ မိနစ်အတန်ကြာလောက် စကားစမြည်ပြောဆိုကြပြီးမှ ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

ခရီးစဉ်အရ ဆားမလောက်ကနေ ညောင်တုန်း၊ ဓနုဖြူ၊ ဇလွန်မြို့တွေကိုဖြတ်သန်းပြီး ဟင်္သာတမြို့ကို သွားရောက်ကြမှာပါ။ အချိန်ကြည့်လိုက်တော့ မွန်းလွဲ ၂ နာရီလောက်သာရှိနေသေးပြီး ခရီးအကွာအဝေးတွေကလဲ ညောင်တုန်းကို ငါးမိုင်ကျော်၊ ညောင်တုန်းကနေဓနုဖြူကို ၁၅ မိုင်၊ ဓနုဖြူကနေ ဇလွန်မြို့ကို ၁၇ မိုင်လောက်၊ ဇလွန်ကနေ ဟင်္သာတမြို့ရောက်တဲ့ထိ ၁၆ မိုင်ကျော်သာရှိနေတာကြောင့် လမ်းခရီးနဲ့မိုင်အကွာအဝေးတွေကို တွက်ဆပြီး ဝင်ရောက်သင့်တဲ့မြို့တွေကိုဝင်၊ လေ့လာသင့်တဲ့နေရာတွေကိုလေ့လာကြဖို့ ဆုံးဖြတ်ထားလိုက်တယ်။ ဟင်္သာတမြို့ရှိရာကို နေမဝင်ခင်အချိန်မီရောက်ရင်ရပါပြီ။

ဆားမလောက်ကနေ စတင်ထွက်ခွာလာတဲ့အချိန် လမ်းပေါ်မှာကားတွေ၊ ဆိုင်ကယ်တွေအနည်းငယ်ရှုပ်ထွေးပြီး အပူချိန်မြင့်မားနေပေမဲ့ ညောင်တုန်းကို ကျော်လွန်လာတာနဲ့တစ်ပြိုင်နက် လမ်းပေါ်မှာသွားလာနေကြတဲ့ယာဉ်တွေ ရှင်းလင်းသွားသလို တိုက်ခတ်နေတဲ့လေလေးတအေးအေးနဲ့ အပူချိန်လျော့ကျသွားတယ်။ လမ်းဘေးတစ်လျှောက်ရှင်သန်ပေါက်ရောက်နေတဲ့ သစ်ပင်ကြီး၊ သစ်ပင်ငယ် စိမ်းစိမ်းစိုစိုတွေနဲ့ ချောင်း၊ မြောင်း၊ ရေကန်အသီးသီးကို ဖြတ်သန်းတိုက်ခတ်လာတဲ့လေတွေက အေးမြနေကြတာပါ။ မောင်းနှင်နေရတဲ့ လမ်းရဲ့အခြေအနေကလဲ သက်တမ်းရင့်သစ်ပင်ကြီးတွေ အုပ်အုပ်ဆိုင်းဆိုင်းနဲ့ အရိပ်ကောင်းကောင်းရနေတာကြောင့် ပိုမိုအေးမြနေတယ်။ ဓနုဖြူမြို့ရောက်တဲ့ထိ အေးအေးဆေးဆေးသက်သက်သာသာနဲ့ ပင်ပန်းနွမ်းနယ်တာမရှိကြပါဘူး။

ဓနုဖြူကိုရောက်တာနဲ့ မြို့အဝင်ဆိုင်းဘုတ်ကို ဓာတ်ပုံရိုက်ယူမှတ်တမ်းတင်ရင်း ဘယ်နေရာတွေကို သွားရောက်လေ့လာလို့ရသလဲဆိုပြီး မေးမြန်းစုံစမ်းကြည့်တော့ သမိုင်းဝင်ကျိုက္ကလွန်ပွန်းစေတီတော်ရှိရာကို သွားရောက်ဖူးမြော်လို့ရကြောင်းနဲ့ ရှေးဟောင်းစေတီတော်ကြီးဖြစ်ကြောင်း သိလိုက်ရတယ်။ တကယ်တော့ ကျိုက္ကလွန်ပွန်းဆိုတာ ဓနုဖြူမြို့ရဲ့ အမည်လဲဖြစ်နေတယ်။ တစ်ချိန်က ဓနုဖြူမြို့ကို ကျိုက္ကလွန်ပွန်းမြို့ဆိုပြီး ကျော်ကြားထင်ရှားခဲ့ရတယ်။ မြို့သမိုင်းအထောက်အထားတွေအရ ဓနုဖြူမြို့ကို ခရစ်နှစ် ၁၅၆၅ ခုနှစ်မှာ ထရေဗညားနဲ့ ဓလဗျူမွန်မင်း မောင်နှမနှစ်ဦးက တည်ထားခဲ့ကြောင်းအဆိုရှိတယ်။ ဒီနေ့ခေတ်အခေါ် ဓနုဖြူဆိုတာ ဓလဗျူကနေ ဆင်းသက်လာတယ်လို့လဲ ဆိုကြတယ်။ ဒါ့ပြင် ဓနုဖြူကို ဒေါင်းဖြူမြို့လို့လဲ တင်နိုင်တိုးရဲ့ မြန်မာပြည်တစ်ခွင်လမ်းညွှန်စာအုပ်မှာ ရေးသားဖော်ပြထားတယ်။

ကျိုက္ကလွန်ပွန်းစေတီတော်က ဓနုဖြူမြို့အတွင်းကို ဝင်ရောက်လာခဲ့ရပြီး လမ်းညွှန်ပြသထားတဲ့ လမ်းချိုးလေးအတိုင်း မောင်းနှင်လာရတယ်။ စေတီတော်ရှိရာကိုရောက်တော့ ဈေးဆိုင်တန်းတွေ၊ ပန်းရောင်းနေသူတွေနဲ့အတူ ဉာဏ်တော်မြင့်မားပြီး သပ္ပာယ်ကြည်ညိုဖွယ်ကောင်းတဲ့ စေတီတော်ကြီးကို မြင်တွေ့ဖူးမြော်လိုက်ရလို့ အံ့ဩသွားခဲ့ရတယ်။ စေတီတော်ကြီးရဲ့ပုံစံက ရွှေတိဂုံစေတီတော်ကြီးနဲ့တူပါတယ်။ ဒါ့ပြင် စေတီတော်ပတ်လည်မှာရှိတဲ့ရင်ပြင်က ကျယ်ဝန်းသပ်ရပ်နေတယ်။ စေတီတော်ကို လှည့်လည်ဖူးမြော်နေရင်းနဲ့ အရိမေတ္တေယျဘုရားဘဏ္ဍာသိုက်ပေါ်တော်မူစေတီတော်၊ ပတ္တမြားဘုရား၊ ပုလဲဘုရား စတဲ့ထူးထူးခြားခြားတွေကို တွေ့မြင်ဖူးမြော်နေရတယ်။ ပတ္တမြားဘုရားဆိုတာက ပတ္တမြားရောင်အဆင်းရှိတဲ့ ရုပ်ပွားတော်ကြီးဖြစ်ပြီး ပုလဲဘုရားဆိုတာက ပုလဲနှစ်ရောင်အဆင်းရှိတဲ့ ရုပ်ပွားတော်ကြီးဖြစ်ပါတယ်။

အရိမေတ္တေယျဘုရားဘဏ္ဍာသိုက်ပေါ်တော်မူစေတီတော်ဆိုတာ ရာဟုထောင့်မြေအောက်မှာ တည်ရှိနေတယ်။ သက္ကရာဇ် ၄၉၀ ပြည့်နှစ်မှာ ပဲခူးဘုရင် မနုသင်္ဂဟမင်းက စေတီတော်ကိုပြုပြင်မွမ်းမံရင်း ရာဟုထောင့်မှာ ရွှေ၊ ငွေ၊ ရတနာတွေကို မြှုပ်နှံလှူဒါန်းခဲ့တယ်။ ၈၂၄ ခုနှစ်ရောက်တော့ ပဲခူးဘုရင် ဓမ္မစေတီမင်းက မင်းမြောက်တန်ဆာငါးပါး ထပ်မံလှူဒါန်းဌာပနာပြုပြီး စေတီငယ်တစ်ဆူတည်ထားခဲ့တယ်။ ၉၁၂ ခုနှစ်မှာ တောင်ငူဘုရင် တပင်ရွှေထီးက စိန်ခြယ်ရွှေမကိုဋ်နဲ့ မြဘုရားတစ်ဆူကိုလှူဒါန်းခဲ့ပြီး နောင်ပွင့်တော်မူမဲ့ အရိမေတ္တေယျဘုရားကို ဖူးရစေလိုကြောင်း ဆုတောင်းခဲ့တယ်။ နှစ်ကာလတွေကြာမြင့်လာတာနဲ့အမျှ စေတီငယ်ကို မြေသားတွေဖုံးအုပ်ပြီး ပျောက်ကွယ်သွားရာကနေ ရှေးဂေါပကအဖွဲ့တွေက ပြန်လည်ရှာဖွေတွေ့ခဲ့ရတယ်။ စေတီတော်ရဲ့ဘွဲ့တော်ကိုလဲ ပေါ်တော်မူစေတီလို့သမုတ်ပြီး ဒီနေ့ထိ ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းလာခဲ့ကြကြောင်း ဘုရားသမိုင်းကျောက်စာမှာ ဖော်ပြထားတယ်။

ကျိုက္ကလွန်ပွန်းစေတီတော်ဝင်းအတွင်းမှာ နောက်ထပ်ထူးခြားချက်အဖြစ် တွေ့မြင်နေရတာတွေက ရှေးဟောင်းကျောင်းဆောင်ကြီးတွေပါ။ ကျောင်းဆောင်ကြီးတွေရဲ့ပုံစံတွေကထူးခြားနေပြီး ခရစ်ယာန်ဘုရားကျောင်းပုံစံလိုလို ဖြစ်နေကြတယ်။ တည်ဆောက်ထားတဲ့ ခုနှစ်တွေကိုကြည့်လိုက်တော့ ၁၉၀၅ ခုနှစ်၊ ၁၉၁၂ ခုနှစ်စတဲ့ ကိုလိုနီခေတ်ကဖြစ်ကြောင်း သိလိုက်ရတယ်။ ကျောင်းဆောင်တွေအားလုံးကလဲ အချွန်အတက်တွေ၊ အနီရောင်ဆေးတွေဖြစ်နေလို့ ဥရောပပုံစံတွေဖြစ်နေကြတယ်။ ကိုလိုနီခေတ်က အင်္ဂလိပ်တို့ရုံးစိုက်ခဲ့ကြတဲ့ မြို့တော်တော်များများကို ရောက်ဖူးနေပေမဲ့ ဗုဒ္ဓဘာသာစေတီတော်ဝင်းအတွင်းမှာ အခုမှ ခရစ်ယာန်ဘုရားကျောင်းလိုလို၊ ဥရောပပုံစံအဆောက်အအုံလိုလို ကျောင်းဆောင်ကြီးတွေကို တွေ့မြင်နေရတာပါ။

စေတီတော်ကြီးကိုဖူးမြော်အပြီး ပြန်ထွက်လာကြတဲ့အခါ ဓနုဖြူမြို့တွင်းကနေ ဖြတ်သန်းမောင်းနှင်နေရသေးတယ်။ ကားမောင်းရင်း၊ ဘေးဝဲယာကိုကြည့်ရင်းနဲ့ တစ်နေရာအရောက်မှာ ဓနုဖြူခံတပ်သို့ဆိုတဲ့ လမ်းညွှန်ဆိုင်းဘုတ်ကို ရုတ်တရက်တွေ့မြင်လိုက်ရတယ်။ ဒါပေမဲ့ ကားကအရှိန်နဲ့ ကျော်လွန်လာခဲ့ပြီဖြစ်သလို နောက်ကိုပြန်ကွေ့သွားဖို့လဲ အခြေအနေမပေးတော့တာကြောင့် ရှေ့ခရီးကိုပဲ ဆက်လက်မောင်းနှင်လာခဲ့ရတယ်။ ဓနုဖြူခံတပ်ဆိုတာ မြန်မာ့သမိုင်းမှာနာမည်ကျော်ကြားပါတယ်။ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲဖြစ်ပွားခဲ့စဉ် ၁၈၂၅ ခုနှစ် ဧပြီ ၁ ရက်နေ့မှာ စစ်သူကြီးမဟာဗန္ဓုလကိုယ်တိုင် ဓနုဖြူခံတပ်မှာကျဆုံးခဲ့ရတယ်။ ခံတပ်အတွင်း အထိမ်းအမှတ်ကျောက်တိုင်စိုက်ထူထားတယ်လို့ သိရတယ်။ အခုခရီးစဉ်မှာ ဓနုဖြူခံတပ်နဲ့ ဝေးခဲ့ရပြီး နောက်အခေါက်တွေကြုံခဲ့ရင် ဝင်ဖြစ်အောင် ဝင်ရောက်လေ့လာလိုက်ပါအုံးမယ်။

ဓနုဖြူမြို့ကထွက်လာပြီး ဇလွန်မြို့ကိုသွားတဲ့ခရီးမှာ လမ်းဘေးဝဲယာတစ်လျှောက် စိမ်းစိမ်းစိုစိုတစ်မျိုး၊ ဝင်းဝင်းဝါဝါတစ်ဖုံလယ်ကွင်းကြီးတွေကို တွေ့မြင်နေရတယ်။ ဧရာဝတီတိုင်းဒေသကြီးက မြန်မာနိုင်ငံရဲ့ဆန်အိုးကြီးလို့ တင်စားခေါ်ဝေါ်ရလောက်အောင် လယ်ကွင်း၊ လယ်ကွက်တွေ ပေါများလှပါတယ်။ ဓနုဖြူနဲ့ဇလွန် ၁၆ မိုင်ကျော်ဆိုတဲ့ခရီးကို ဘေးပတ်ဝန်းကျင်မှာရှိနေတဲ့ ရှုခင်းတွေကြည့်ရင်း၊ ကားမောင်းနေစဉ် ဝင်ရောက်တိုက်ခတ်လာတဲ့ လေအေးတွေရဲ့အရသာကို ခံစားရင်းရောက်ရှိလာတယ်။ ဇလွန်မြို့ကိုရောက်တာနဲ့ အဓိကလဲဖြစ်၊ မသွားမဖြစ်နေရာတစ်ခုလဲဖြစ်နေတဲ့ ပြည်တော်ပြန်ဘုရားရှိရာကို ဦးတည်မောင်းနှင်လာခဲ့လိုက်တယ်။ ပြည်တော်ပြန်ဘုရားက ဇလွန်မြို့ရဲ့ မြို့လယ်လမ်းမကြီးဘေးမှာ တည်ရှိနေတာကြောင့် လမ်းလွဲစရာ၊ လမ်းမှားစရာမရှိပါဘူး။ ဘုရားကိုရောက်တာနဲ့ ကြိုတင်ဖုန်းဆက်အကြောင်းကြားထားတဲ့ မြို့ခံစာရေးဆရာအဖွဲ့တွေက အဆင်သင့်စောင့်ဆိုင်းကြိုဆိုနေတာကို တွေ့ရတယ်။ ဘုရားဖူးတဲ့အချိန်၊ လေ့လာစရာရှိတာတွေကို လေ့လာကြည့်ရှုကြတဲ့အချိန်တွေမှာလဲ မြို့ခံစာရေးဆရာတွေက လိုက်လံကူညီ ရှင်းလင်းပြသကြတာကြောင့် အလွန်အဆင်ပြေကြရတယ်။


ပြည်တော်ပြန်ဘုရားဆိုတာ မဟာမုနိပုံစံရုပ်ပွားတော်ကြီးတစ်ဆူပါ။ ၁၈၃၈ ခုနှစ်မှာ ဇလွန်မြို့သူကြီးဦးရွှေပွင့်က သွန်းလုပ်ပူဇော်ထားခဲ့တယ်။ အင်္ဂလိပ်-မြန်မာဒုတိယစစ်အပြီး ၁၈၅၂ ခုနှစ်မှာ ရုပ်ပွားတော်ကြီးကို ဗြိတိသျှတပ်က အင်္ဂလန်ကိုယူဆောင်သွားခဲ့ကြပြီး ၁၈၅၃ ခုနှစ်မှာ ပြန်လည်ပို့ဆောင်ခဲ့ရာကနေ ပြည်တော်ပြန်ဘုရားဆိုပြီး ကျော်ကြားထင်ရှားလာခဲ့တယ်လို့ တင်နိုင်တိုးရဲ့ မြန်မာပြည်တစ်ခွင်လမ်းညွှန်စာအုပ်မှာ ဖော်ပြထားပါတယ်။ ပြည်တော်ပြန်ဘုရားက အလွန်တန်ခိုးကြီးတယ်လို့လဲဆိုကြပြီး အနယ်နယ်အရပ်ရပ်က ဘုရားဖူးဧည့်သည်တွေ နေ့စဉ်နဲ့အမျှ အများအပြားလာရောက်ဖူးမြော်နေကြတယ်။ မိမိတို့မောင်နှမတွေကိုယ်တိုင်ကလဲ ဇလွန်မြို့ကိုအရောက်သွားပြီး ပြည်တော်ပြန်ဘုရားကို ဖူးမြော်ကြည်ညိုချင်နေခဲ့ကြတဲ့ဆန္ဒတွေ ပြည့်ဝသွားကြရပါပြီ။ ဘုရားဖူးပြီးရင် ဟင်္သာတမြို့ကို ခရီးဆက်ကြပါအုံးမယ်။



ပြည်တော်ပြန်ဘုရားအား ဖူးတွေ့ရစဉ်။

# တနင်္ဂနွေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက အစဉ်အလာအရ အသာရထားတဲ့ လီဗာပူးအသင်း၊ စတုဂတ်အသင်း၊ အေဘီကိုအသင်းတို့ကို အားပေးရမှာပါ

ML




တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေမှာ ချန်ပီယံမျှော်လင့်ချက်နဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ကြိုးစားနေတဲ့အသင်းတွေကိုပဲ ဆက်လက်အားပေးသွားမှာဖြစ်ပါတယ်။ လက်ရှိမှာ ရာသီပိတ်သိမ်းဖို့ ပရီးမီးယားလိဂ်နဲ့ ဘွန်ဒက်လီဂါက ငါးပွဲ၊ စီးရီးအေက ခြောက်ပွဲ၊ စပိန်လာလီဂါက ခုနစ်ပွဲ၊ ပြင်သစ်လီဂူးက ကိုးပွဲထိ ကျန်နေသေးတာကိုတွေ့ရမှာပါ။ အဲဒီထဲက ဘွန်ဒက်လီဂါမှာ လေဗာကူဆင်က ချန်ပီယံဖြစ်ခဲ့ပြီး လီဂူးဝမ်းမှာ ပီအက်စ်ဂျီ၊ စီးရီးအေမှာ အင်တာမီလန်တို့က ချန်ပီယံဖြစ်ဖို့နီးစပ်နေတာဖြစ်ပါတယ်။ ကျန်လိဂ်တွေကတော့ နောက်ဆုံးပွဲစဉ်ထိ ချန်ပီယံဆုဖလားယှဉ်ပြိုင်ရအုံးမှာဖြစ်ပြီး တန်းဆင်းဇုန်အတွက်ကလဲ လိဂ်ငါးခုစလုံး အဖြေမထွက်သေးဘဲ အကြိတ်အနယ်ရှိနေဆဲဖြစ်ပါတယ်။ ဒါကြောင့် တနင်္ဂနွေနေ့ညပွဲစဉ်တွေမှာ အစဉ်အလာပိုင်းနဲ့ တိုက်စစ်ကစားပုံကောင်းတဲ့အသင်းတွေကို အားပေးရမှာပါ။

### လီဗာပူးအသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေက အကြိုက်တွေ့မိတာကတော့ ဖူလ်ဟမ်အသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းဟာ ပြီးခဲ့တဲ့အဝေးကွင်းမှာ ဝက်စ်ဟမ်းကို နည်းစနစ်ပိုင်းအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ဖိအားပေးနိုင်ခဲ့ပြီး နှစ်ဂိုးပြတ်နဲ့အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ ဖူလ်ဟမ်ဟာ အသင်းလိုက်ကစားပုံကောင်းခဲ့တာကြောင့် ဝက်စ်ဟမ်းလို စုဖွဲ့မှုကောင်းတဲ့အသင်းကို အနိုင်ရခဲ့ပေမဲ့ ခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုမရှိသေးတာကို သတိပြုရမှာပါ။ နောက်ဆုံးငါးပွဲမှာတော့ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေ ရလဒ်နဲ့ထွက်ပေါ်ခဲ့ပြီး ခံစစ်က ပေးဂိုးခုနစ်ဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိအသင်းတိုက်စစ်ကိုတော့ မူနစ်ကဦးဆောင်နေပြီး သူ့နောက်မှ ပါရဲရားက နောက်ချန်တိုက်စစ်နဲ့ကူပေးနေတာကြောင့် ခံစစ်ကစားပုံအားနည်းတဲ့အသင်းတွေဆို ဖူလ်ဟမ်တိုက်စစ်ကိုထိန်းချုပ်ရခက်ခဲပြီး ပေးဂိုးများသွားတာဖြစ်ပါတယ်။ ဒါကြောင့် ဖူလ်ဟမ်ဟာ စပါး၊ ဝက်စ်ဟမ်းတို့လို ခံစစ်ပိုင်းအားနည်းချက်ရှိတဲ့အသင်းတွေကို အလွယ်တကူဂိုးတွေရသွားပြီး နိုင်ပွဲရှာနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ အသင်းလိုက်ကစားပုံထက်မြက်နေပြီး ချန်ပီယံဆုကို စိန်ခေါ်ဖို့ကြိုးစားနေတဲ့ လီဗာပူးနဲ့တွေ့နေတာကြောင့် ရမှတ်ရှာဖွေဖို့ခက်ခဲသွားမှာပါ။

လီဗာပူးအသင်းဟာ ပြီးခဲ့တဲ့အမှတ်ပေးပွဲမှာ ပဲလေ့စ်ကို မထင်မှတ်ဘဲ ရှုံးပွဲကြုံခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၃)ထိ ကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အဆင့်(၁)က အာဆင်နယ်ကလဲ အေဗီလာကို နှစ်ဂိုးပြတ်နဲ့ရှုံးခဲ့တာကြောင့် အာဆင်နယ်နဲ့ရမှတ်တူနေပြီး အာဆင်နယ်က အဆင့်(၂)မှာ ရမှတ်တူဂိုးကွာခြားချက်နဲ့ရပ်တည်နေတာကို တွေ့ရမှာပါ။ မန်စီးတီးကတော့ အဆင့်(၁)မှာ ရမှတ်နှစ်မှတ်အသာနဲ့ဦးဆောင်နေပေမဲ့ လက်ကျန်ပွဲတွေမှာ အမှားလုပ်တာနဲ့ ချန်ပီယံဆုရရှိဖို့အခွင့်အရေးနည်းသွားနိုင်တာကြောင့် အာရုံစိုက်ကစားနေတာကို သတိပြုရမှာပါ။ လီဗာပူးအနေနဲ့ လက်ကျန်ပွဲစဉ်တွေမှာ အဲဗာတန်၊ ဝက်စ်ဟမ်း၊ စပါး၊ အေဗီလာ၊ ဝုဗ်တို့နဲ့ကစားရမှာဖြစ်လို့ မန်စီးတီး၊ အာဆင်နယ်တို့နဲ့ယှဉ်ရင် ပွဲစဉ်ချောင်နေတာကြောင့် ဖူလ်ဟမ်နဲ့ပွဲစဉ်ဟာ သူတို့အသင်းအတွက် အရေးကြီးနေပြီး ဆုဖလားအတွက် အဆုံးအဖြတ်ပွဲစဉ်ဖြစ်နေတာကို တွေ့ရမှာပါ။ သူတို့နှစ်သင်း ပထမအကျော့မှာတော့ အပြန်အလှန်ဂိုးတွေသွင်းယူနိုင်ခဲ့ပြီး လီဗာပူးက လေးဂိုးသုံးဂိုးနဲ့အနိုင်ရခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ နှစ်သင်းပေါင်းဂိုးများသွားနိုင်ပေမဲ့ ကစားပုံထက်မြက်နေတဲ့ လီဗာပူးအသင်းကို အားပေးရမှာပါ။

**ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၃ | - | ၀ | စပါး |
| ရှက်ဖီး(ယူ) | ၃ | - | ၃ | ဖူလ်ဟမ် |
| နော်တင်ဟမ် | ၃ | - | ၁ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၀ | - | ၁ | နယူးကာဆယ် |
| ဝက်စ်ဟမ်း | ၀ | - | ၂ | ဖူလ်ဟမ် |

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၂ | - | ၁ | ဘရိုက်တန် |
| လီဗာပူး | ၃ | - | ၁ | ရှက်ဖီး(ယူ) |
| မန်ယူ | ၂ | - | ၂ | လီဗာပူး |
| လီဗာပူး | ၀ | - | ၃ | အတ္တလန်တာ |
| လီဗာပူး | ၀ | - | ၁ | ပဲလေ့စ် |

### စတုဂတ်နိုင်ပွဲဆက်အုံးမှာပါ

ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဝါဒါဘရီမင်နဲ့စတုဂတ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝါဒါဘရီမင်အသင်းဟာ လက်ရှိအမှတ်ပေးပွဲ ၂၉ ပွဲအပြီးမှာ ရမှတ် ၃၁ မှတ်ပဲရခဲ့လို့ တန်းဆင်းဇုန်က မိန့်ဇ်အသင်းနဲ့ ရမှတ်ငါးမှတ်အကွာနဲ့ ဖိအားအောက်ရောက်နေတာဖြစ်ပါတယ်။ ဝါဒါဘရီမင်ဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ရမှတ်ရှာဖွေဖို့ ကြိုးစားခဲ့ပေမဲ့ အဓိက ကစားသမားတွေ ဒဏ်ရာပြဿနာကြုံတွေ့နေတာကြောင့် လက်ရှိအချိန်ထိ ရလဒ်ပိုင်းတိုးတက်လာတာမရှိပါဘူး။ ဒ့ါပြင် သူတို့အသင်းဟာ ဘွန်ဒက်လီဂါမှာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာလဲ တန်းဆင်းဇုန်ကလွတ်ဖို့ရုန်းကန်ခဲ့ရပြီး နောက်ဆုံး play-off ကစားခွင့်နဲ့ ဆက်လက်ကစားခွင့်ရခဲ့တာကိုသတိပြုရမှာပါ။ လက်ရှိမှာလဲ နောက်ဆုံးကစားခဲ့တဲ့ရှစ်ပွဲဆက် ဂိုးပေးခဲ့ရပြီး နိုင်ပွဲပျောက်ဆုံးခဲ့တာကြောင့် စတုဂတ်လိုတိုက်စစ်ပိုင်းထက်မြက်တဲ့အသင်းကို ထိန်းချုပ်ကစားနိုင်မှာမဟုတ်ပါဘူး။

စတုဂတ်အသင်းဟာ အခုရာသီမှာ ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် ၂၉ ပွဲအပြီးမှာ ရမှတ် ၆၃ မှတ်နဲ့ အဆင့်(၃) တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် အဆင့်(၂)က ဘိုင်ယန်မြူးနစ်နဲ့ရမှတ်တူနေတာကြောင့် အဆင့်(၂)ထိတက်ရောက်ဖို့အခွင့်အရေးရှိနေပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက်သေချာနေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ အဆင့်(၄)က လိုက်ပ်ဇစ်၊ အဆင့်(၅)က ဒေါ့မွန်နဲ့ ရမှတ်ခုနစ်မှတ်ပဲ ကွာနေတာကြောင့် လာမဲ့ပွဲစဉ်တွေမှာ ရမှတ်ဆုံးရှုံးခဲ့ရင်တော့ ချန်ပီယံလိဂ်မျှော်လင့်ချက်ပျောက်ဆုံးနိုင်လို့ ဝါဒါဘရီမင်လို ခြေစွမ်းပိုင်းကျဆင်းနေတဲ့ အသင်းနဲ့တွေ့ချိန်မှာ ရမှတ်ပြည့်ရယူရမှာဖြစ်ပါတယ်။ လက်ရှိ စတုဂတ်အသင်းတိုက်စစ်ကို ဂီရက်ဆီက ဦးဆောင်နေပြီး သွင်းဂိုး ၂၅ ဂိုးထိသွင်းနိုင်ခဲ့သလို ဂီရက်ဆီဟာ နောက်ဆုံးကစားခဲ့တဲ့ ခြောက်ပွဲဆက် ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ ဒါကြောင့် အဓိက ခံစစ်ကစားသမားတွေဒဏ်ရာရနေတဲ့ ဝါဒါဘရီမင်အနေနဲ့ ဂီရက်ဆီလို ခြေစွမ်းပိုင်းထက်မြက်နေတဲ့ တိုက်စစ်မှူးကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့တော့ခက်ခဲမှာဖြစ်ပါတယ်။ လက်ရှိမှာလဲ စတုဂတ်ဟာ နောက်ဆုံးအမှတ်ပေးပွဲ ၁၁ ပွဲဆက် ရှုံးပွဲမရှိဘဲ တိုက်စစ်က ပွဲတိုင်းဂိုးသွင်းနိုင်ခဲ့တာကြောင့် ခံစစ်ပိုင်းပေးဂိုးများနေတဲ့ ဝါဒါဘရီမင်ကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။ ဒါကြောင့် အသင်းလိုက်ကစားအားနဲ့ တိုက်စစ်ပိုင်းထက်မြက်နေတဲ့ စတုဂတ်အသင်း နိုင်ပွဲဆက်အုံးမှာပါ။

**ဝါဒါဘရီမင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | ၂ | - | ၁ | ဝါဒါဘရီမင် |
| ဝါဒါဘရီမင် | ၁ | - | ၃ | ဟမ်နိုဘာ |
| ဝါဒါဘရီမင် | ၀ | - | ၂ | ဝုဖ်ဘတ် |
| ဖရန့်ဖတ် | ၁ | - | ၁ | ဝါဒါဘရီမင် |
| လေဗာကူဆင် | ၅ | - | ၀ | ဝါဒါဘရီမင် |

**စတုဂတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စတုဂတ် | ၂ | - | ၀ | ယူနီယံဘာလင် |
| ဟော်ဖန်ဟိမ်း | ၀ | - | ၃ | စတုဂတ် |
| စတုဂတ် | ၃ | - | ၃ | ဟီဒန်ဟိမ်း |
| ဒေါ့မွန် | ၀ | - | ၁ | စတုဂတ် |
| စတုဂတ် | ၃ | - | ၀ | ဖရန့်ဖတ် |

### အေဘီကိုအသင်း ရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ညလာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အလာဗက်နဲ့အေဘီကိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အလာဗက်အသင်းဟာ အိမ်ကွင်း ၁၅ ပွဲကစားအပြီးမှာခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ ခြောက်ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အိမ်ကွင်းကစားပုံဆိုးရွားတဲ့အထဲမှာတော့ ပါဝင်ခဲ့တာမရှိပါဘူး။ ဒါပေမဲ့ ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် ရာသီပိတ်သိမ်းခါနီးမှာ အသင်းလိုက်ကစားအားကျဆင်းသွားခဲ့လို့ နောက်ဆုံးအိမ်ကွင်းခြောက်ပွဲမှာ နိုင်ပွဲမရခဲ့ဘဲ ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ ဒ့ါပြင် ပြီးခဲ့တဲ့ ဂရန်နာဒါနဲ့ပွဲစဉ်မှာလဲ ကစားအားကျဆင်းသွားတာကြောင့် ဂရန်နာဒါလို တန်းဆင်းဇုန်ထဲကအသင်းကို နှစ်ဂိုးပြတ်နဲ့ရှုံးခဲ့ပြီး တိုက်စစ်က ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် အလာဗက်ဟာ ၃၁ ပွဲအပြီးမှာ ရမှတ် ၃၂ မှတ်နဲ့ အဆင့်(၁၄)မှာ ရပ်တည်နေပြီး အဆင့်(၁၅)၊ အဆင့်(၁၆)၊ အဆင့်(၁၇)က အသင်းတွေနဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာဖြစ်ပါတယ်။ နည်းပြဂါစီယာကတော့ အိမ်ကွင်းဆို ၄-၂-၃-၁ ကစားကွက်နဲ့ ခံစစ်အားပြုကစားနေပေမဲ့ ကစားသမားတွေရဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်အားနည်းမှုကြောင့် ပွဲချိန်ကြာလာတာနဲ့ ဂိုးပေးခဲ့ရတာဖြစ်ပါတယ်။

အေဘီကိုအသင်းဟာ ကြားရက်က ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဒေါ့မွန်အသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုးလေးဂိုးနဲ့ရှုံးခဲ့တာကြောင့် ပြိုင်ပွဲကထွက်ခွာခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ လက်ရှိ ၃၁ ပွဲအပြီးမှာတော့ ရမှတ် ၆၁ မှတ်နဲ့ အဆင့်(၄)မှာရှိနေပေမဲ့ အဆင့်(၅)က ဘီလ်ဘာအိုနဲ့ ရမှတ်လေးမှတ်ပဲ ကွာဟတာကြောင့် လာမဲ့ပွဲစဉ်တွေမှာ အမှားခံလို့မရပါဘူး။ အေဘီကိုဟာ တိုက်စစ်မှူး မိုရာတာ၊ ဂရစ်ဇ်မန်းတို့ပါဝင်နိုင်ချိန်မှာ ရလဒ်ပိုင်းတိုးတက်လာခဲ့ပြီး ဖေဖော်ဝါရီလနောက်ပိုင်းကစလို့ အမှတ်ပေးပွဲမှာ တစ်ပွဲပဲရှုံးခဲ့တာကို သတိပြုရမှာပါ။ လက်ရှိမှာ မိုရာတာ၊ ဂရစ်ဇ်မန်းအတွဲဟာ အသင်းအတွက် သွင်းဂိုး ၂၇ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး မိုရာတာက ၁၄ ဂိုးနဲ့ ဂိုးသွင်းအများဆုံးဖြစ်နေတာကို တွေ့ရမှာပါ။ နည်းပြဆီမွှန်နီကတော့ နည်းစနစ်ပိုင်းကြွယ်ဝတဲ့နည်းပြဖြစ်တာကြောင့် အလာဗက်လို ကစားသမားစုဖွဲ့မှုအားနည်းတဲ့အသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာ သေချာပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ၁၃ ကြိမ်မှာတော့ အေဘီကိုက ကိုးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲပဲရှုံးခဲ့တာကြောင့် တွေ့ဆုံမှုအစဉ်အလာနဲ့ လက်ရှိခြေစွမ်းပိုင်းအရ အေဘီကိုအသင်း ရလဒ်ကောင်းမှာပါ။

**အလာဗက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အိုဆာဆူနာ | ၁ | - | ၀ | အလာဗက် |
| အလာဗက် | ၁ | - | ၀ | ဗယ်လ်ကာနို |
| ဘီလ်ဘာအို | ၂ | - | ၀ | အလာဗက် |
| အလာဗက် | ၀ | - | ၁ | ဆိုစီဒက် |
| ဂရန်နာဒါ | ၂ | - | ၀ | အလာဗက် |

**အေဘီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေဘီကို | ၀ | - | ၃ | ဘီလ်ဘာအို |
| ဗီလာရီးရဲလ် | ၁ | - | ၂ | အေဘီကို |
| အေဘီကို | ၂ | - | ၁ | ဒေါ့မွန် |
| အေဘီကို | ၃ | - | ၁ | ဂျီရိုနာ |
| ဒေါ့မွန် | ၄ | - | ၂ | အေဘီကို |

# ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲကေ ၅၂၁၁၀ ရိတ်သိမ်းပြီးစီး



**ဘုတလင် မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲကေ ၅၂၁၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောကုလားပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေ ၅၂၁၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၇ ဒသမ ၈၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဘုတလင်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကုလားပဲကေ ၅၂၁၁၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲသီးနှံအတွက် နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ကုလားပဲ ၅၂၃၉၄ ကေ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ကေ ၅၂၁၁၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးရာသီက ကုလားပဲကိုအများဆုံးစိုက်ပျိုးပြီး ပဲမျိုးစုံစိုက်ပျိုးရာ၌ ထရိုင်ကိုဒါးမား အကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး ပညာပေးခြင်းလုပ်ငန်းများကို တောင်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈)နှင့် ရေဆင်း(၁၁)မျိုးကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ကေစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ကြောင်း သိရသည်။ (၂၀၆)

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# မအူပင်မြို့နယ်တွင် ပန်းနှမ်းများ အရောင်းအဝယ်ကောင်းနေ

**မအူပင် မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ပန်းနှမ်းသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ဈေးကောင်းရရှိနေပြီး အရောင်းအဝယ်ကောင်းနေကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးအောင်က ပြောပြသည်။

မအူပင်မြို့နယ်၌ လက်ရှိတွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလနှင့် မတ်လကထက် ပန်းနှမ်းများ အရောင်းအဝယ် ကောင်းနေကြောင်း၊ အဆိုပါပန်းနှမ်းများကို အိန္ဒိယနိုင်ငံက အများဆုံးဝယ်ယူလျက်ရှိပြီး တရုတ်နိုင်ငံက ဒုတိယအများဆုံးဝယ်ယူလျက်ရှိကြောင်း သိရသည်။

"ပန်းနှမ်းတွေကို အရင်က အခြေအနေအမျိုးမျိုးကြောင့် ရပ်ထားခဲ့ပြီး အခု ပြည်ပပို့ကုန်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ် လုပ်ကိုင်လာတာနဲ့ ပြည်ပက ပန်းနှမ်းကို ဈေးကောင်းပေးဝယ်လာတာကြောင့် ပန်းနှမ်းဈေးကောင်းလာတာပါ။ လက်ရှိမှာ ပန်းနှမ်းဈေးက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတွေအတွက် အဆင်ပြေပါတယ်။ အခု မအူပင်မြို့နယ်က ပန်းနှမ်းတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ အခုလို ပန်းနှမ်းဈေးကောင်းရလာတော့ ကာလရှည် အခက်အခဲရှိနေတဲ့ စိုက်ပျိုးရေးလုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ ကုန်သည်တွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးအောင်က ပြောပြသည်။

မအူပင်မြို့နယ်တွင် ပန်းနှမ်းစိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်လျှင် ဆောင်းသီးနှံစိုက်ပျိုးရာသီနှင့် နွေသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးကြကြောင်း၊ အဆိုပါဒေသထွက်ပန်းနှမ်းများကို ပြည်တွင်း ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချနေကြောင်း ဒေါ်အေးအေးအောင်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**






**TBB,TBR,PCR** တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

နိုင်ငံတကာ အဆင့်မီ အိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။




ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို စိတ်ရတ်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။




"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန

## ဆေးလိပ်ဖြတ်ရင် ဘာအကျိုးကျေးဇူးတွေရမလဲ

- ဆေးလိပ်/ဆေးရွက်ကြီးသုံးစွဲမှုကြောင့် အသက်ရှူလမ်းကြောင်းရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ခြေပုပ်လက်ပုပ်ရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိကွယ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ကင်ဆာရောဂါအမျိုးမျိုးတို့ဖြစ်ပွား၍ လူသက်တမ်းနေ့မနေ ရဘဲ စောစီးစွာ သေဆုံးနိုင်ပါသည်။
- ကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းသည် ဆေးလိပ်လောင်ကျွမ်းရာမှ ထွက်လာသောအဆိပ်ငွေ့များနှင့် ဆေးလိပ်သောက်သုံးသူမှ ရှူထုတ်လိုက်သော အငွေ့များကို ပါအစီခံ (Filter) မပါဘဲတိုက်ရိုက် ရှူရှိုက်မိသောကြောင့် ဆေးလိပ်သောက်သူနှင့် အတူနေသူများတွင် ပို၍ အန္တရာယ်ကြီးမားပါသည်။







- တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများတွင် အထက်ဖော်ပြပါ ရောဂါအမျိုးမျိုးတို့ အပြင် ကိုယ်ဝန်ပျက်ကျခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေး မွေးဖွားခြင်းတို့ ဖြစ်နိုင်ပြီး ကလေးများတွင် မွေးကင်းစကလေး ရုတ်တရက်သေဆုံးခြင်း၊ နားရောဂါဖြစ်ပွားခြင်း၊ မကြာခဏ နေမကောင်းဖြစ်ခြင်း၊ အဆုတ်ကြီးထွားဖွံ့ဖြိုးမှုကို ထိခိုက်ခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါခံစားရခြင်း စသည်တို့ကို ဖြစ်ပွားစေပါသည်။

- ဆေးလိပ်သောက်တာကို ရပ်လိုက်ပြီဆိုရင် မိနစ်(၂၀)အတွင်း နှလုံးခုန်နှုန်းမြန်တာတွေ၊ သွေးပေါင်ချိန် တက်နေတာတွေ လျော့ကျသွားပါမယ်။
- နောက်ထပ်(၁၂)နာရီအကြာမှာတော့ အဆိပ်ငွေ့တွေဖြစ်တဲ့ ကာဗွန်မိုနောက်ဆိုဒ် (Carbon monoxide) တွေ သွေးတွင်းမှာပါဝင်မှုလျော့ကျပြီး အောက်ဆီဂျင်ပမာဏ ပြန်တက်လာပါမယ်။
- နောက်ထပ်(၂)ပတ်ကနေ (၁၂)ပတ်အတွင်းမှာ ခန္ဓာကိုယ်တွင်း သွေးလှည့်ပတ်မှုစနစ်နဲ့ အသက်ရှူလမ်းကြောင်းစနစ်တို့ သိသိသာသာ ကောင်းမွန်လာပါမယ်။
- ဆေးလိပ်သောက်သူတွေဟာ မသောက်သူတွေထက် အဆုတ်ကင်ဆာဖြစ်ပွားနိုင်ခြေ (၂၂)ဆပိုများကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားပါတယ်။




ကော်ဆောင်းသာလ ၂၃၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ မိမိတို့၏အဓိကမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသော သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ်...

❖ ဦးတည်ချက်များတွင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဟုပါဝင်...

❖ မိမိတို့အနေဖြင့် တာဝန်ထမ်းဆောင်ပြီးစီးပါက ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို လွှဲပြောင်း၍ ရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်ခေါ်ယူဆောင်ရွက်သွားရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

---

**မန္တလေးတိုင်းဒေသကြီးအတွင်း နွေစပါးအပြင် အခြားသီးနှံများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ်သန်း ၃၈၀၀ ကျော် ထုတ်ချေးပေးထား** စာမျက်နှာ - ၂

**၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မွန်ပြည်နယ်ရှိ ခရီးသွားဒေသများသို့ ပြည်တွင်း၊ပြည်ပခရီးသွားဦးရေ ၁၂၅၀၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့** စာမျက်နှာ - ၂၇

---

**ထူးခြားသည့် နေ့အပူချိန်များ**

(၁၉-၄-၂၀၂၄)

| | | |
|---|---|---|
| မကွေး | ၄၂ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၂ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၂ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၄၂ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၄၁ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၁ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၁ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၄၁ | ဒီဂရီဆဲလ်စီးယပ် |
| ဟသ်ာတ | ၄၁ | ဒီဂရီဆဲလ်စီးယပ် |
| ငါးသိုင်းချောင်း | ၄၁ | ဒီဂရီဆဲလ်စီးယပ် |

---

# ပူတာအို-ခေါင်လန်ဖူးဒေသတွင် ပြည်တွင်း၊ပြည်ပခရီးသွားကဏ္ဍဖွံ့ဖြိုးလာပါက ဒေသခံတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်



ခေါင်လန်ဖူးမြို့အထက်တွင် စီးဆင်းလျက်ရှိသည့် မေခမြစ်အလှကို တွေ့ရစဉ်။

**ရန်ကုန် ဧပြီ ၁၉**

မြန်မာနိုင်ငံမြောက်ဖျား ရေခဲဖုံးလွှမ်းသည့် ပူတာအိုမြို့နှင့်အရှေ့မြောက်တွင် တည်ရှိသည့် ခေါင်လန်ဖူးမြို့ကို နိုင်ငံတော်က ၂၀၂၀ ပြည့်နှစ်တွင် ဒေသခံတိုင်းရင်းသားတို့၏ ပညာရေး၊ ကျန်းမာရေးနှင့်စီးပွားရေးကဏ္ဍများ အဆင်ပြေချောမွေ့စေရန် ၅၆ မိုင်ခရီးကို ဖောက်လုပ်ခဲ့ရာ တစ်ချိန်က ခက်ခဲကြမ်းတမ်းသောလမ်းခရီးတွင် ယခုအခါ မိုးရာသီမှလွဲ၍ သွားလာရေးအဆင်ပြေလျက်ရှိပြီး ရာသီမပြတ် နှင်းမှုန်ဖွေးဖွေး အစဉ်ရစ်သိုင်းနေသည့် တောင်ပေါ်ဒေသသို့ ပြည်တွင်း၊ပြည်ပခရီးသွားလာရောက်လည်ပတ်နိုင်ခြင်းဖြင့်

**စာမျက်နှာ ၁၆ ကော်လံ ၅ ☆**

---

**MYAWADDY TRADING LIMITED**





ပို့ကုန် — လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် — စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257